www.burmeseclassic.com

# ခိုင်လင်းသော်

လိုဝိုးမိုလျှား



www.burmeseclassic.com

www.burmeseclassic.com

''လိုလိုလိုကျော်''

ဘယ်သူမှလာကြိုမှာလည်းမဟုတ်၊

လာကြိုဖို့လည်း ပြောမထား။ ကိုယ့်အိမ်ကိုယ်ပြန်တာကတော့ အဆင်ပြေသလိုပါပဲ၊ အလွန် အလုပ်များနေတတ်သော ကိုကြီးကိုတောင် ဖုန်းထဲမှာပင် မတွေ့ရတာကြာပြီ၊

" ဟိတ် နောင်မင်း နောင်မင်း . . . "

အငှားကားတစ်စီးနှင့် သွားမည်ကြံဆဲ

ခေါ်သံ. . . ရင်းနှီးသောခေါ်သံ၊

ဒါကြောင့် လှည့်ကြည့်ရင်း၊

" မိုးသော်. . . "

" မင်း ဝလာတယ်. . . "

" ဟုတ်လား မင်းကတော့ သည်အတိုင်းပါပဲ. . . မင်းဘယ်သူ့လာကြိုသလဲ "

" မင်းကိုလာမကြိုလို့ ငါက ဘယ်သူ့လာကြိုရမလဲ "

"ငါ့ကို လာကြိုတာ. . . "

ရန်မိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါတို့သူငယ်ချင်းတွေကို ဘယ်နှေပြန်ရောက်မယ် ကြိုပါမပြောပေမယ့် ငါတို့ကမင်းလာမယ်သိတော့မနေနိုင်ပါဘူး"

" ငါက မင်းတို့ အလုပ်ရှုပ်မှာစိုးလို့ကို ဖုန်းတောင် မဆက်ဘူး. . . ပြန်ရောက်ပြီးမှ တွေ့မလို့ပါကွာ . . . "

" သူငယ်ချင်းအချင်းချင်း အလုပ်ရှုပ်စရာမရှိဘူး မင်းက နိုင်ငံခြားမှာ ငါးနှစ်လေးနေခဲ့ရုံနဲ့ မစိမ်းစမ်းပါနဲ့ "

မစိမ်းပါဘူး

ကျောင်းတုံးက သူငယ်ချင်းလေးယောက်မှာ

မိုးသော်၊ တင်မောင်ဦး၊ ဇေယျနှင့် နောင်မင်းသန့်။ သိပ်ကိုခင်မင်ခဲ့ပြီး ညီအစ်ကိုအရင်းတွေလို နေခဲ့တာပါ။ ကျောင်းပြီးလို့ ကိုယ့်လုပ်ငန်းနှင့်ကိုယ် ကွဲတာတောင် အဆက်အသွယ်မပြတ်လှပါဘူး။ ပြန်ကာနီးမှသူတို့အလုပ်ရှုပ်မှာစိုးလို့ ဖုန်းမဆက်မိတာ။

" မင်း ကားလဲလိုက်လား "

" မလဲနိုင်ပါဘူး ငါ့ကားက ပျက်နေလို့ ညီဇော်ကား ဆွဲလာတာ. . . "

" ညီဇော်ရော . . . သားသမီးတွေရနေပြီလား"

" နှစ်ယောက် "

" ညီအငယ်က ကလေးနှစ်ယောက်အဖေဖြစ်နေပြီ မင်းကတော့ သည်အတိုင်းပါလား မိုးသော်ရာ . . . "





" ဇေယျရော မင်းရော ငါရော မထူးပါဘူး လူပျိုကြီး ဖြစ်စပြုပါပြီ "

" တင်မောင်ဦးရော သူ့ကောင်မလေးနဲ့ လက်ထပ် တော့မှာလား . . . ငါသွားမှ ချစ်သူရတဲ့ လူတ "

" တင်မောင်ဦး လက်ထပ်တော့မယ်ဆိုတာကတော့ အမှန်ပဲ ဒါပေမယ့် မင်းသွားတာစက ချစ်တဲ့ကောင်မလေး နဲ့တော့ မဟုတ်ဘူး အခုလက်ထပ်မှာက အန်တီဝေ သဘောတူတဲ့ ကောင်မလေး ဥမ္မာအိတဲ့ . . တင်မောင်ဦး ဆွေးတာပေါ့ ဒါပေမယ့် အန်တီဝေ့ နှလုံးရောဂါအကြောင်း မင်းလည်း အသိ"

" အန်တီဝေရော နေကောင်းလား"

" သည်လိုပါပဲ ဆိုးတဲ့အခါဆိုးပေါ့ ဥမ္မာအိကို လက်ထပ်ရမယ်လည်းဆိုရော တင်မောင်ဦး ငြင်းပါသေးတယ်။ မရဘူး . . . ညိုညက်လည်း သနားပါတယ်"

" ညိုညက် . . . အဲဒါ သူ့ကောင်မလေးလား "

" အင်း ဟုတ်တယ် . . . ခက်တာက ညိုညက်တလည်း ငါတို့နဲ့ အလုပ်တူတွေလေ ဌာနတစ်ခုတည်းရှိနေတာ . . . သနားပါတယ်။ တင်မောင်ဦး ခမျာလည်း ဘယ်လိုမှငြင်းမရနဲ့ . . . ဖျာများရတာပေါ့ ဒါပေမယ့် အန်တီဝေက အကုန်စီစဉ်ပြီးပြီ"

" ဟုတ်လား "

စာနာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့သူကိုသာ လက်ထပ်ချင်တော့မှာပေါ့ . . .။

ချစ်သူအတွက်လည်း ကြေကွဲထိခိုက်ရဦးမည်။

“ ဒါတွေကြားရတော့ ငါတို့လို ချစ်သူမရှိတာပဲ ခပ်ကောင်းကောင်း ”

“ ငါတို့နဲ့ဘာဆိုင်လဲ ငါတို့မှာ မိဘမှ မရှိတော့တာ ဘယ်သူက ဘယ်သူနဲ့ပေးစားမယ်ဆိုတဲ့ ပြဿနာမရှိနိုင်ပါဘူး . . . ”

“ ဧယျရော . . . ”

“ ဧယျမရှိဘူး . . . ကလောပြန်နေတယ် . . . ”

“ သည် မလာဘူးလား ”

“ ဧယျကတော့ ဟိုသွားသည်သွားပါပဲ . . . သူက ငါတို့လို မဟုတ်ဘူးလေ သူ့အစ်မကြီးက ကလောအောင်ပန်းမှာ ခြံတွေအများကြီးရှိတာ . . . သူ့အစ်မနဲ့ ကူလိုက်ပြီး အေးအေး နေရုံပါပဲ ငါတို့လေးယောက်မှာ မင်းနဲ့ ဧယျက အဆင်ပြေပါတယ် . . . ငါနဲ့ တင်မောင်ဦးသာ ”

“ မင်းတို့လည်း မန်နေဂျာပေါက်စလေးတွေပဲ ဘာများ အဆင်မပြေစရာရှိလဲ. . . ”

“ ပင်ပန်းတယ် ”

“ မပင်ပန်းတဲ့အလုပ်ရော ရှိလို့လား မိုးသော် ငါလည်း သဘောာလိုက်နေရတာ ပင်ပန်းတာပါပဲ . . . ”

“ ဒါပေမယ့် မင်းက ငွေရပါတယ်လေ . . . ”

မိုးသော်က သူ့အိမ်လိုက်ခဲ့ဦးလို့ ခေါ်ပါတယ်။ မိုးသော်





အိမ်မှာက ညီဇော်တို့လင်မယားပဲ အောက်ထပ်မှာရှိတာ အပေါ်ထပ်တစ်ထပ်လုံး မိုးသော်ပိုင်တာ နေမယ်ဆို အဆင်ပြေ ပါတယ်။ အိမ်ပြန်ရရင်တော့ အလွန်အလုပ်များသော ကိုကြီးနှင့် အလွန်လမ်းများသော မရီးတို့က နွေးထွေးစွာ ကြိုနိုင်မှာ မဟုတ်ပါ။

“ လိုက်ခဲ့ပါ နောင်မင်းရာ. . . ”

“ သွားလေ. . . ”

ကိုကြီးကတော့ မိုးသော်နှင့်သွားနေလည်း ဘာမှမပြော ပါဘူး. . .။ တွယ်တာမှု ကင်းပါတယ်။ မိုးသော်ကမှ သူ့ညီ ညီဇော်ကို တွယ်တာဖော် ရသေးတာလေ။

နောက်မှ ဖုန်းဆက်လိုက်တော့မယ် . . .။

တွယ်တာမှုကင်းတဲ့ ဘဝမို့လည်း မြန်မာပြည်ကိုတောင် မပြန်ပဲနေခဲ့တာ ငါးနှစ်ကျော်ပြီပဲလေ . . .။

⌘ ⌘ ⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



" ညိုညက် နင်ငိုနေတာလား "

" မငိုပါဘူး မငိုပါဘူး အတာရယ် . . . မငိုဘူး . . . "

ပြောလိုက်ရင်မငိုဘူး။

လစ်တာနဲ့ ကြိတ်ငိုပြီ။

ညိုညက် မျက်ရည်ကိုမြင်တိုင်း တင်မောင်ဦးကိုသတ်ပစ်ချင်တယ်။ ဘယ်လိုအချစ်လဲ။ မာမိုနှလုံးရောဂါကြောင့် ဆိုတာနဲ့ ရနေရောလား ။ အဲဒါမျိုး မေတ္တာခင် သိပ်မုန်းတယ်။ အမေ့နှလုံးရောဂါ အကြောင်းပြတာ ရုပ်ရှင်ထဲ ဝတ္ထုထဲ ဖတ်ရရင်တောင် စိတ်ပျက်နေတာ။ သူတို့စွန့်ပစ်ချင်တာနဲ့ အဲသည့်အမေ့နှလုံးရောဂါကြီး အကြောင်းပြရော။

" မငိုနဲ့ နင့်မျက်ရည် မြင်ရရင် တင်မောင်ဦးကို ငါသတ်ချင်တယ် . . . "

" အတာ . . . "

" ဟုတ်တယ် မြကေ. . . မချစ်ချင်ရင် အစတည်းက မချစ်နဲ့ ချစ်ပြီးရင် ဘယ်လိုခွဲခွာမှုကိုမှ မပြုရဘူး. . . သေကွဲကွဲတာပဲ လက်ခံမယ် "

" အတာရယ် . . . နင်ကလည်းလေ ညိုညက် စိတ်ညစ်နေတုန်း. . . ငြိမ်ငြိမ်နေစမ်းပါဟာ. . . ထားလိုက်စမ်း ကိုယ့်အပေါ် သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်ကို ထားလိုက်ပါတော့ . . . "





ထားလိုက်ရမယ်။

ထားလိုက်ဖို့ဆိုတာ ပြောသလောက်လွယ်မလား။

တစ်ဌာနတည်း အလုပ်အတူ လုပ်နေကြတာ သည်မျက်နှာကြီးတွေ မတွေ့ချင်လည်း နေ့တိုင်းတွေ့နေရတာ . . .။ တင်မောင်ဦး မျက်နှာကြီးကို တွေ့နေရတယ်။ ညိုညက် ဘယ်လိုနေမလဲ။ အားလုံးက တင်မောင်ဦးနှင့် ညိုညက်ကို ချစ်သူတွေမှန်း သိကြတယ်။ အခု တင်မောင်ဦးက လက်ထပ်တော့မှာ တခြားမိန်းမတစ်ယောက်။ တခြားလူတွေ ဘယ်လိုပြောကြမလဲ။ စကားအမျိုးမျိုးတွေမှာ ညိုညက် ဘယ်လောက် ဟန်ဆောင်နေရမှာလဲ။

" တင်မောင်ဦးက အမေ့နှလုံးရောဂါကြောင့်ပါ ပြောပြီး ရှောင်ဖယ်ဖယ်နဲ့. . . သူကပဲ ပြန်ပြီး. . . ငါတော့လေ . . . ကြာရင် သူ့အမေ နှလုံးရောဂါနဲ့မသေပဲ ငါပဲ နှလုံးရောဂါဖြစ်သေရလိမ့်မယ် "

" နင်က နင့်စိတ်ကိုနင် ဒုက္ခပေးတာကိုး အတာရဲ့ "

" ငါခွင့်မလွှတ်ဘူး . . . "

" ခွင့်မလွှတ်တော့တော ဘာလုပ်လို့ ရမှာလဲ "

" တစ်ခုခုလုပ်မယ် "

" အို . . . မလုပ်ပါနဲ့အတာရယ် ထားလိုက်ပါတော့ မြကေပြောတာမှန်ပါတယ် ထားလိုက်တော့နော် "



www.burmeseclassic.com

www.burmeseclassic.com



" မရဘူး နင်ကျရတဲ့ မျက်ရည်နဲ့ တန်အောင်တော့ သူ့ကိုငါ ဒုက္ခပြန်ပေးမယ် . . . "

" အတာ . . . "

" မေတ္တာခင်တို့တို ဒါမျိုးလာမလုပ်နဲ့ . . . ဘယ်လောက်ရှောင်နိုင်မလဲ တင်မောင်ဦး . . . တွေ့ကြသေးတာပေါ့ "

ညိုညက်လိုလည်း ငိုစရာ အကြောင်းမရှိ။ မြစောခိုင်လိုလည်း ဥပေက္ခာမပြုနိုင်။ တင်မောင်ဦးကို သည်အတိုင်း ခွင့်လွှတ်ပေးလိုက်ရမလား။ ဘယ်ရမလဲ။

" ကဲ . . . မြင် မြင် . . . အလုပ်နောက်ကျလို့ ရတာ မဟုတ်ဘူး . . . ငါသွားနှင့်ပြီ ဆိုင်မှာ အပ်ထည်တွေအရမ်း ပုံနေတယ် "

မြစောခိုင်က ဗိုလ်ချုပ်ဈေးမှာ အပ်ချုပ်ဆိုင်ရှိတယ်လေ။ သူ့ဆိုင်က ရုပ်ရှင်မင်းသမီးတွေ မော်ဒယ်လ်တွေနဲ့ အမြဲလို စည်နေတာ . . .။ မြစောက လက်မှုပညာမှာတော့ တကယ် မိန်းမပီသအောင် တော်ပါတယ်။ ညိုညက်နှင့် မေတ္တာခင်သာ အလုပ်အတူတူပါ။

" ညိုညက်လေ အလုပ်သွားရမှာကြောက်နေတယ် အတာ . . . ဘာဖြစ်ကြတာလဲလို့ ညိုညက်ကို တစ်ယောက် ယောက်ကများ လာမေးလိုက်ရင် ခြေဖျားလက်ဖျား





တွေအေးစက်ပြီး နေရာတင် လဲကျသွားမလားမှတ်ရတယ် . . . ညိုညက် အလုပ်လည်း မသွားချင်ဘူး . . . အလုပ်ထွက်ရအောင်လည်း မဖြစ်သေးဘူး . . . "

" ဘာကိစ္စအလုပ်ထွက်ရမှာလဲ ကိုယ့်အပေါ် သစ္စာမရှိတဲ့ လူတစ်ယောက်အတွက်နဲ့များတော့ မလုပ်မထွက်ရပါဘူး . . . ညိုညက်သည်လောက်တော်အောင် မနည်း အချိန်ယူကြိုးစားခဲ့ရတာ မဟုတ်လား . . . "

" ဒါပေမယ့် အတာရယ် . . . သူက ကွန်ပျူတာပညာရှင် . . . ညိုညက်က ကွန်ပျူတာသမား အမြဲတွေ့နေရမှာ"

ဒါတော့လည်း ဟုတ်ပါတယ်။

တင်မောင်ဦးက ဘယ်လိုကွန်ပျူတာမဆို ဖျက်ချင်တိုင်းဖျက် ပြင်တဲ့နေရာ အလွန်ထူးချွန်သလို ညိုညက်ကလည်း ကွန်ပျူတာရိုက်တဲ့နေရာ ကျွမ်းကျင်မှု ကျွမ်းကျင်ပါပဲ . . .။

" ရတယ် . . . ဆရာဦးစိုးအောင်တို့ကိုပြောပြီး နင်နဲ့ငါ နေရာလဲယူမယ် ညိုညက် . . . ငါကတင်မောင်ဦးနဲ့တွဲမယ် . . . နင်က ကိုမိုးသော်ကြီးနဲ့ ပြောင်းတွဲလိုက် . . . "

ဘာပဲပြောပြော တင်မောင်ဦး လက်ထပ်လိုက်ပြီဆို ညိုညက်အပေါ်တော့ နားလည်ပေးမည့်သူတွေရော အတင်းပြောချင်သူတွေရော ပေါ်တော့ ပေါ်လာကြမှာပါ။ ဆရာဦးစိုးအောင်လို မန်နေဂျာချုပ်ကတော့ နားလည်ပေးမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



အခုဆို မေတ္တာခင်က ကိုမိုးသော်နှင့်အတူတွဲရတာ . . . ပြောင်းယူလိုက်ရင် ရမှာပဲ တင်မောင်ဦး တင်မောင်ဦး အဲလို အချိန်ကျရင်တော့ သတိထား နင်စိတ်ညစ်အောင် ငါအမျိုးမျိုး နှိပ်စက်ပြမယ်။

မြတေခိုင်ဆိုတဲ့ တောင်မလေးကတော့ ထားလိုက်ပါတော့လို့ ပြောတယ်။

မျက်ရည်တွေကြားထဲကနေ ခွင့်လွှတ်လိုက်ချင်တဲ့ ညိုညက်ကလည်း တစ်မျိုး။

ခွင့်လွှတ်စရာလား. . . ဥပေက္ခာပြုစရာလား. . . ။

မေတ္တာခင်တို့ကတော့လေ မချစ်ရင် အစတည်းက လာမချစ်နဲ့. . . ချစ်ပြီးရင် မခွဲခွာရဘူး။

အဲလိုမျိုး သစ္စာတရားကို မြတ်နိုးလို့လည်း ဘယ်သူ့ကိုမှ မချစ်ခဲ့တာ။ မေတ္တာခင်ကို ချစ်တဲ့လူ သစ္စာမရှိလို့ကတော့ . . . ။

တော်ပါပြီ။

ဘယ်သူ့မှ မချစ်တာပဲ အေးတယ်။ မချစ်တော့ ညိုညက်လို သစ္စာမရှိတဲ့လူနဲ့လည်း မတွေ့ရဘူးပေါ့။

◊ ◊ ◊ ◊ ◊





" ညိုညက် အလုပ်မဆင်းဘူးလား အတာ . . . "

" မဆင်းဘူး . . . "

ညိုညက်ကတော့ တင်မောင်ဦးကို မတွေ့ချင်ဘူး တွေ့ရင် ငိုမိမယ်ဆို ခွင့်ယူထားပြန်ပြီ။ နောင်လည်း ရင်ဆိုင်ရမှာပဲ ရဲရဲရင်ဆိုင်လိုက်ပါလား။ စိတ်သိပ်ဆိုးလာရင် ဒေါသဖြစ်ဖြစ် ပါးရိုက်ချင်ရိုက်ပစ်လိုက် ပေါက်ကွဲပစ်လိုက်ရတာကောင်းတယ်။

ရင်ထဲ တအုံနွေးနွေးနဲ့ . . . ကြိတ်ငိုနေရတဲ့ ခံစားမှုမျိုး မေတ္တာခင်ကတော့ မုန်းတယ်။

" အတာ . . . "

" ပြောလေ "

" နင်က တင်မောင်ဦးကို မတွေ့နပ်တာနဲ့ ငါ့ကိုပါ ခပ်တည်တည်နဲ့လား . . . "

" ဒါပေါ့ တင်မောင်ဦးဆိုတာ ကိုမိုးသော်ရဲ့ အချစ်ဆုံးသူငယ်ချင်းကြီး မဟုတ်လား . . . "

" သူငယ်ချင်းတော့ သူငယ်ချင်းပေါ့ဟာ ငါနဲ့ ဘာဆိုင်လဲ ပြီးတော့ တင်မောင်ဦးလည်း စိတ်ထိခိုက်နေပါတယ်"

" ဘာ စိတ်ထိခိုက်တာလဲ သူက ဘာမှမနစ်နာဘူး။ မိန်းမတစ်ယောက်တော့ ရမှာပါပဲ. . "

" မဟုတ်ဘူး အတာ . . . "



www.burmeseclassic.com

www.burmeseclassic.com



" သည်မှာ ကိုမိုးသော် . . . စိတ်မကောင်းပါဘူး စိတ်ထိခိုက်ပါတယ်ဆို အဲသည့်မိန်းမကို မယူနဲ့ပေါ့ . . . "

" အန်တီဝေ့မှာ တကယ် နှလုံးရောဂါရှိတာပါဟာ တင်မောင်ဦး ညာနေတာ မဟုတ်ပါဘူး. . . "

" သူ့အမေက သည်မိန်းမမှ ချွေးမတဲ့လား ညီညက်က ဘာဖြစ်နေလို့လဲ ညီညက်မှာ ဘာအပြစ်ရှိလဲ ညီညက်လောက် အေးဆေးနူးညံ့တဲ့ မိန်းကလေး ရှာကြည့်ပါဦး ဘယ်လောက် ကျန်နေရှိလဲ "

" ဟုတ်ပါတယ် ညီညက်အတွက် ငါတို့လည်း စိတ်မကောင်းပါဘူး "

" နှလုံးသားတစ်ခုလုံးလည်း ကွဲကြေရသေးတယ်။ ပတ်ဝန်းကျင်ရဲ့ အပြောလည်း ခံရသေးတယ် စိတ်မကောင်း ပါဘူးနဲ့ ပြီးကြေးလား . . . "

" ခက်တာပဲ အတာရယ်. . . "

" ကိုမိုးသော် သူငယ်ချင်း တင်မောင်ဦးကို ပြောလိုက် . . . ညီညက်က ခွင့်လွှတ်ချင်ခွင့်လွှတ်မယ် မေတ္တာခင်က သေတာတောင် ခွင့်မလွှတ်ဘူးလို့. . . တင်မောင်ဦးကလည်း ခွင့်ယူ ညီညက်ကလည်း ခွင့်ယူနဲ့ အလုပ်တွေက အတာတို့ပေါ် ပုံနေပြီ . . . "

အလုပ်တွေများနေတာလည်း တစ်ခုတော့ကောင်းပါတယ်။





တင်မောင်ဦးအပေါ် ထားနေတဲ့ ဒေါသတွေ ခဏတော့ မေ့နေတာပေါ့။ ညီညက်တို့အခန်းမှာ အလုပ်တွေကြားမှန်သမျှ မေတ္တာခင်တို့ဆီ စုပုံလာတာပါ။ ကွန်ပျူတာရှေ့ ခေါင်းမဖော် နိုင်တော့ပါဘူး။

" ကိုမိုးသော် ဖုန်းလာနေတယ် . . . "

" အေး လာပြီ လာပြီ . . . "

ကိုမိုးသော်လည်း ထွက်သွားရော။

" မေတ္တာခင် . . . တင်မောင်ဦး လက်ထပ်တော့ မယ်ဆို. . . ညီညက်တော့ အသည်းကွဲပါပြီ။ နီလာလည်း အဲသည့်အကြောင်း တစ်နေ့က ဝါဝါပြောမှသိတာ . . . ညီညက် သနားပါတယ် . . . "

" အဲဒါ နင်တို့နဲ့ မဆိုင်ပါဘူး . . . "

တွေ့လား။ စလာပြီ။ အဲဒါမျိုးတွေ မေတ္တာခင် မုန်းတာ။ တစ်ယောက်ကသိ တစ်ယောက်ကသိနဲ့ . . . ။ ညီညက်ဆိုရင် ဘယ်လောက် ခံစား ထိခိုက်နေရမလဲ။ ဘေးမှကြည့်နေရတဲ့ မေတ္တာခင်တောင်မှ သည်လောက် ဒေါသတွေပွားနေ ရင်လေ. . . ။

¤ ¤ ¤ ¤ ¤



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းခွင့်ယူထားတာပေါ့ . . ."

"ဟုတ်တယ်"

တင်မောင်ဦး စိတ်ညစ်နေတာတော့ သိသာပါတယ်။ ဒါပေါ့ နောင်မင်းသန့် စာနာပါတယ်။ ချစ်သူကိုလည်း ဘယ်စွန့်လွှတ်ချင်ပါ့မလဲ။ အမေကလည်း တစ်ဘက်။ နောင်မင်းသန့်ဆိုရင်ကော. . . ငါဆိုရင်တော ဘယ်လိုလုပ်ရပါ့ လို့တောင် တွေးကြည့်မိပေမယ့် အဖြေမရှိ။

"မင်းတင် ခွင့်ယူထားတာမဟုတ်ဘူး တင်မောင်ဦး ညီညွတ်လည်း ခွင့်ယူထားတယ် . . . မရွှေမေတ္တာကတော့ ကောင်းကောင်း ဒေါကန်နေလေရဲ့. . ."

"အတာက ညီညွတ်ထက် စိတ်ကြမ်းတာကိုး . . ."

"ငါတို့လည်း မင်းတို့နှစ်ယောက်မရှိလို့ အလုပ်တွေ ပုံနေတာပဲ . . ."

"ငါ ဘာလုပ်ရမလဲ မသိငါဘူး . . . အလုပ်ထွက်ဖို့ ဆိုတာလည်း. . ."

"မဟုတ်တာ. . . ဘာလို့ အလုပ်ထွက်ရမှာလဲ. . ."

"အလုပ်ထဲမှာဆို ညီညွတ်နဲ့က တစ်ဌာနတည်း အတူတူ ရေရှည် ဘယ်လိုနေရမလဲ ပတ်ဝန်းကျင်ရှိတယ် . . . ဥမ္မာကရော မသိပဲနေမလား အခုမသိ နောက်သိသွားနိုင်တယ် ရေရှည်စဉ်းစားတော့ မလွယ်ပါဘူးကွာ . . ."





တင်မောင်ဦးအဖြစ်ကလည်း ကြားရတာတောင် မလွယ်။

"လက်ထပ်ပြီးရင်တော့ ဥမ္မာနဲ့တိုင်ပင်ပြီး ငါအလုပ်ထွက်မယ် နောင်မင်းနဲ့ဖြစ်ဖြစ် သဘောတက်ဖို့ပဲ ကြိုးစားမှပါ ကြာရင် ညီညွတ်အတွက်လည်း မကောင်းပါဘူး . . ."

"စဉ်းစားကြသေးတာပေါ့ . . ."

နောင်မင်းသန့်ရောက်နေတယ်ဆိုတာနှင့် မိုးသော် အိမ်ကို ညဘက် တင်မောင်ဦး ရောက်လာတယ်လေ။

"အတာကတော့ ငါ့ကိုသတ်ချင်နေမှာ"

"သိပ်ဟုတ်တာပေါ့ ပြောတယ် ညီညွတ်ကခွင့်လွှတ်ချင် ခွင့်လွှတ်မယ် မေတ္တာခင်က သေတာတောင် ခွင့်မလွှတ်ဘူး ပြောလိုက်တဲ့ . . ."

မေတ္တာခင်

မေတ္တာခင်တဲ့

စိမ်းနေသောနာမည်လေးတစ်ခုကို ကြားရပါတယ်။

"မေတ္တာခင်တဲ့လား လှတဲ့နာမည်ပဲ"

"နာမည်ကသာ နူးညံ့နေတာ လူက ဂျမ်းတောမလ ယောကျ်ားလိုလို . . . ဆူညံပူညံနဲ့ . . . အဲသည့် မေတ္တာခင်ရဲ့ အချစ်ဆုံးသူငယ်ချင်း . . . ညီညွတ်နဲ့မှ ချစ်ခဲ့ရတာ. . ."

"ညီညွတ်နဲ့ မေတ္တာခင်က သူငယ်ချင်းလား"



www.burmeseclassic.com

www.burmeseclassic.com



" နောင်မင်းကတော့ ကြားသမျှ အထူးအဆန်းတွေချည်းဖြစ်နေပြီ မဟုတ်လား . . . ငါတို့ဌာနမှာ ဌာနစိတ်လေးတွေ ရှိတယ်. . . တင်မောင်ဦးနဲ့ ညိုညက်က ဌာနစိတ်တစ်ခု ငါနဲ့မေတ္တာခင်က ဌာနစိတ်တစ်ခုပေါ့. . . အတူတွဲ အလုပ်လုပ်ရတော့ တင်မောင်ဦးနဲ့ညိုညက်က သံယောဇဉ်ဖြစ်ပြီး ချစ်သူတွေဖြစ်သွားကြတယ်. . . "

" ဒါဆို မင်းနဲ့ မေတ္တာခင်ကရော သံယောဇဉ် မဖြစ်ဘူးလား "

နောင်မင်းသန့် အမေးကြောင့် မိုးသော်ရယ်တယ်။

အတော့ချစ်သူ မဖြစ်ချင်ပါဘူး။

သိပ်ကြွမ်းတဲ့ ကောင်မလေး။

ရင်ထဲက စိတ်ဓာတ်လေး ဖြူစင်ပေမယ့် . . . ဂျစ်ကန်ကန် ဘုကျကျ . . . တဇွတ်ထိုး တယူသန် ဆိုးတဲ့ ကောင်မလေး ဆိုပါရော။

" အတော့သူငယ်ချင်းဖြစ်ရတာ သိပ်ခင်စရာကောင်းပေမယ့် အတော့ချစ်သူ မလုပ်ရဲပါဘူးကွာ . . . "

" တယ်ဆိုပါလား "

" အတာက သူမှန်တယ်ဆို ပြောချင်ရာပြောတာ. . . ငါမှန်တယ်ဆိုပြီး စကားကိုလည်း တည့်တိုးပြောလွန်းလို့ အပေါက်ဆိုးတယ်ဆိုတဲ့ အွဲ့ရထားသေး . . . "

" မင်းတို့ပြောပုံဆို မေတ္တာခင်ဆိုတဲ့နာမည်နဲ့ မလိုက်





ဘူးပေါ့ ဒေါသခင်လို့ ပြောင်းရမလိုဖြစ်နေပြီ. . . "

သုံးယောက်ကတော့ဆုံနေပြီ။

ဇေယျကိုပါ လှမ်းခေါ်မယ်ဆိုတော့ . . .

ဇေယျကို မခေါ်ပဲ ဇေယျဆီ သွားချင်တယ်လို့ တင်မောင်ဦးက ပြောပါတယ်။

" မင်းတို့ ဟန်းနီးမွန်းကို တောင်ကြီးဘက် ရွေးပါလား ဒါမှ ဇေယျနဲ့လည်း တွေ့ရတာပေါ့ . . . "

" မာမိကလည်း အဲလိုပြောပါတယ်. . . "

တင်မောင်ဦးကတော့ ဘာပဲပြောပြော လက်ထပ်တော့မည်။ သိပ်မကြာခင် အချိန်ကလေးမှာပဲတဲ့။

အန်တီဝေက အစစ စီစဉ်ပြီးပြီလို့ ဆိုပါတယ်။

" ဥမ္မာ့အတွက် အကျီချုပ်မယ်ဆိုပြီး မာမိက သွားခိုင်းလို့ သွားပါတယ် . . . ငါ ဗိုလ်ချုပ်ဈေးလိုက်တော့ ဘယ်ရောက်သွားတယ် မှတ်လဲ မိုးသော် . . . ဥမ္မာအကျီချုပ်တာ မြကေရဲ့ဆိုင် ဖြစ်နေတယ် "

" ဟာ မင်းကတော့ ပြဿနာပါပဲလား . . . ဒါဆိုရင် မြကေခိုင်က ဘာပြောလိုက်လဲ. . . "

လာပြန်ပါပြီ နောက်တစ်နာမည်။

မြကေခိုင်တဲ့။ ငါးနှစ်လောက် သူတို့နှင့်အဆက်ပြတ်သမျှ သူတို့တွေပြောတာတွေက အထူးအဆန်းတွေချည်းပါပဲလေ. . .။



www.burmeseclassic.com

www.burmeseclassic.com



" မြကေခိုင်ကတော့ မဆိုးပါဘူး . . . ဘာမှမပြောပါဘူး ဥမ္မာအိန္ဒ်ကလည်း သိနေကြပြန်ရော. . . ပုံမှန်ပဲ ဆက်ဆံပါတယ် . . . ဥမ္မာအိလက်ထပ်မှာ ကိုတင်မောင်ဦးနဲ့လားလို့ပဲ မေးပါတယ်. . . ဥမ္မာကတော့ လက်ထပ်ရင် မြကေခိုင်ကိုလည်း ဖိတ်စာပို့မယ် ပြောနေတာ ငါက မျက်နှာပူနေတာပါပဲ . . . "

" မြကေခိုင်ဆိုတာကရော . . . ဘယ်သူလဲ "

" မြကေခိုင်ဆိုတာကလည်း ညိုညက်နဲ့ အတော့သူငယ်ချင်းပဲ သူတို့သုံးယောက် အိမ်တစ်အိမ်မှာ အတူငှားနေကြတာ. . . မြကေခိုင်က ဗိုလ်ချုပ်ဈေးမှာ အထိုးချုပ်ဆိုင်ရှိတယ်၊ သူတို့သုံးယောက်က ချစ်ကြတယ် . . . "

" မင်း ဘယ်တော့ အလုပ်ပြန်ဆင်းမလဲ "

" ခွင့်ရသလောက် ယူထားမယ် ဥမ္မာနဲ့တိုင်ပင်ပြီးရင်တော့ ထွက်မှပါ. . . ညိုညက်ကို ဒုက္ခမပေးချင်တော့ဘူး တွေ့နေရသရွေ့ ညိုညက် စိတ်ထိခိုက်ရလိမ့်မယ် . . . "

" ဒါလည်း ကောင်းပါတယ် "

မိုးသော်ကတော့ တင်မောင်ဦးကို အလုပ်မထွက်နဲ့လို့ မတားပါဘူး။ သူတို့အကြောင်းကလည်း အလုပ်ထွက်သင့်နေပြီလေ၊ ညိုညက်ဆိုတဲ့ ကောင်မလေးကို မတွေ့ဖူးပေမယ့် သနားနေသလိုပါပဲ။





" ညိုညက်သာ အတော့လိုကောင်မလေးဆို မင်းကိုငါ မပြောလိုပါဘူး။ အခုတော့ ညိုညက်ဟာ တကယ် အေးချမ်း နူးညံ့တဲ့ ကောင်မလေး . . . "

" ငါ့ချစ်သူဟာ ညိုညက်မဟုတ်ပဲ အတာဆိုရင်တော့ ငါ့ကို သတ်များ သတ်မလားပဲ . . . "

" သေချာတယ် . . . "

အတာဆိုတဲ့ မေတ္တာခင်

ညိုညက်. . . သည်ကောင်မလေးတွေကို သူတို့ နှစ်ယောက်ရဲ့ စကားအရပင် တွေ့ချင်နေမိပါပြီ။

သူတို့ကရော . . .။

တွေ့နိုင်ပါ့မလား။

မိုးသော်နှင့် တစ်ရက်တော့ အလုပ်ထဲ လိုက်ကြည့်ဦး ည်လို့ စိတ်မှာ တေးထားလိုက်ရတယ်။

⌑ ⌑ ⌑ ⌑ ⌑

" ဝယ်စရာရှိတာ ဝယ်ပြီးရင် မြန်မြန်ပြန်ရအောင် မြကေ ါတို့နှစ်ယောက်လုံးမရှိရင် မညိုညက်က ငိုချင်ငိုနေမှာ. . . "

" အင်းပါ. . . ညဘက်စားရအောင် ကော်ပြန့်ကြော် ယ်လိုက်ဦးမယ် . . . အတာ . . . ညိုညက်ကိုတော့ မြန် ပြောနဲ့ဦးနော် . . . တင်မောင်ဦး လက်ထပ်မယ့် ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



နာမည်က ဥမ္မာအိတဲ့ ငါ့ဆိုင်မှာ အကျီအပ်နေကျ. . . ဟိုနေ့က သူ့မင်္ဂလာဆောင်မှာ ဝတ်ဖို့ အကျီလာအပ်ရင်း သတို့သားနဲ့ မိတ်ဆက်ပေးတယ် အဲသည့်မှာ တင်မောင်ဦး ဖြစ်နေတယ်ဟာ"

" ဟုတ်လား "

တင်မောင်ဦးနှင့် လက်ထပ်ဖို့ သတို့သမီးဝတ်စုံပင် အပ်နေပြီဆိုပါရော။ ညိုညက်သိရင် ငိုဦးတော့မှာ။ တင်မောင်ဦးကလည်း အလုပ်မှာခွင့်ယူထားပါတယ်။ ကြည့်ရတာ လက်ထပ်ပြီးမှ တခါတည်း. . . အလုပ်ထွက်မှာလားမသိ၊ အလုပ်ထွက်သွားလည်း ကောင်းတယ်။ အဲသည့်မျက်နှာကြီးကို ညိုညက် မြင်မနေရတော့ဘူးပေါ့ . . .။

" မြကေကို တွေ့တော့ ဘာဖြစ်သွားသေးလဲ. . . မေးမယ့်သာ မေးရတာ သည်လိုသစ္စာမရှိတဲ့လူက ဘာဖြစ်မှာတဲ့လဲ. . ."

" နည်းနည်းတော့ ရှိန်နေတာပေါ့ဟာ ဥမ္မာအိမိတ်ဆက်ပေးတော့ မရယ်ချင့်ရယ်ချင်လေးနဲ့ပေါ့ . . . ငါလည်း ဘာမှ မပြောလိုက်ပါဘူး . . ."

" မြကေမို့မပြောတာ. . . အတာဆိုရင်တော့ ကောင်းကောင်းမေးပစ်တယ်။ ရှင် အရင်တစ်ခါ မိတ်ဆက်ပေးတဲ့ချစ်သူ မဟုတ်ပါလား ချစ်သူကိုသစ္စာဖောက်ပြီး နောက်တစ်ယောက်နဲ့ လက်ထပ်တာလားလို့မေးမယ် "

" အတာရယ် . . . မြိုတေကတော့လေ မေးလည်





မမေးချင်တော့ပါဘူး . . . ဖြစ်နိုင်ရင် တင်မောင်ဦးလိုလူကို မသိခဲ့ဖူးသလိုပဲ မှတ်ထားလိုက်မယ် . . ."

" မြကေတို့ ညိုညက်တို့လိုလူတွေရှိလို့ တင်မောင်ဦးလို လူလည်းရှိတာပေါ့. . ."

" ရန်ကိုရန်ချင်း မတုံ့နှင်းချင်ပါနဲ့တော့ အတာ . . . သူမကောင်းတာ သူ့ဘာသာ ရှိပါစေတော့လား "

" ဟင့်အင်း . . . အတာတတော့ အတွက်ရရင် ရသလိုလုပ်မှာပဲ. . ."

ညိုညက်ရှေ့မှာတော့ တင်မောင်ဦးအကြောင်း မပြောမိအောင် နေကြတာပေါ့ . . .။ ဒါပေမယ့် မေတ္တာခင်ရင်ထဲတော့ ဒေါသဟာ တနုံ့နုံ့နှင့် ရှိနေဆဲ . . .။ ခုတလော ကိုမိုးသော်နှင့်တောင် အလုပ်အကြောင်းမှလွဲပြီး တခြားစကားမပြောမိအောင် နေရတယ်။

အိမ်ပြန်ရောက်တော့ ညိုညက် အဝတ်လျှော် နေပါတယ်။ ငိုထားပုံတော့ မရပါဘူး။ ဒါပေမယ့် ပြောနိုင်တာ မဟုတ် ငိုထားပြီးမှ မေတ္တာခင်တို့မသိအောင် မျက်နှာသစ် သနပ်ခါးလူးချင် လူးထားမှာ။

" ဘာတွေဝယ်လာကြတာလဲ အပို ပိုက်ဆံကုန်အောင် . . . ညိုညက် ဘဲဥနဲ့ငါးခြောက်ဟင်း ချက်ထားတယ် "

ညိုညက်လျှော်ပြီးတဲ့အဝတ်ကို ကူလှန်းပေးမိပါတယ်။

သူငယ်ချင်းသုံးယောက် တစ်ယောက်နဲ့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကုညီရင်း နေလာခဲ့ကြတာ ငါးနှစ်နီးပါး ရှိသွားပြီပဲလေ . . .။

" မြကေ. . . ခုတင်ပေါ်မှာ တင်ထားတဲ့ ရွှေဖလား ရောင်ဝတ်စုံကလှလိုက်တာ . . . ဘော်ကြယ်ထိုးဖို့ ယူလာတာ လားဟင် . . . "

" ဟုတ်တယ် "

" ညီညက် ကူမယ်နော် "

" ရတယ် နေပါစေ "

" ဘာလို့လဲ ညီညက်လက်ရာက မလှလို့လား "

" မဟုတ်ပါဘူး အဲသည့်ဝတ်စုံဝတ်မယ့် သတို့သမီးက နဂိုရ်တည်းက ဇီဇာကြောင်တယ် ဒါကြောင့် မြကေဘာသာပဲ အပွင့်ဖော်မလို့ပါ. . . "

" ညီညက် သတို့သမီးဖြစ်ရင် ဝတ်စုံကို မြကေကိုယ်တိုင် ချုပ်ပေးမယ် သေသေချာချာ လှလှပပ ဘော်ကြယ်တွေ စီပေးမယ်ဆိုတာ. ... မမေ့ရဘူးနော် မြကေ . . . တစ်နေ့နေ့မှာ ညီညက် လက်ထပ်ဖြစ်ဦးမှာ . . . "

" ဒါပေါ့ ညီညက်ရဲ့ မြကေ ဘယ်တော့မှမမေ့ပါဘူး "

တစ်နေ့နေ့မှာ ညီညက် လက်ထပ်ဖြစ်ဦးမှာတဲ့လား ။

ဝမ်းနည်းအားငယ်နေတဲ့ စိတ်ကို သူ့ဘာသာ အားတင်းနေတာလား . . .၊ တစ်ခါတုန်းက မေတ္တာခင် ကြားဖူးတယ်။

အချစ်ဆိုတာ မြစ်တစ်စင်းက ရေတွေလိုပါပဲ. . . တဖြည်းဖြည်း စီးဆင်းသွားတာ တစ်ခါမှ မရပ်နားဘူး . . .





အချစ်တစ်ခု ပျောက်ဆုံးတာနဲ့လည်း ရပ်မသွားဘူး ရွေ့ဆက် ရွေ့လျား ရှင်သန်နေဦးမှာတဲ့. . .။ ဟုတ်သလား. . . အချစ်ကို ဘယ်သို့ စာဖွဲ့ရမည် မေတ္တာခင်မသိပါဘူး။

" အဲဒါ ဥမ္မာအိမ်ရဲ့အကျႌ အတာ. . . ဒါကြောင့် ညီညက်ကို မကိုင်စေချင်ဘူး သိရင် ဘယ်လောက် စိတ်ထိခိုက်မလဲ . . . "

" ဟုတ်လား "

မြကေရဲ့စီးပွားရေးလုပ်ငန်းမို့သာ

မဟုတ်လို့ကတော့ အဲသည့်အကျႌကို ကတ်ကြေးနှင့် အစိတ်စိတ်အမွှာမွှာ ကိုက်ပစ်လိုက်ချင်ပါတယ် . . .။

" အတာ ဖုန်းလာနေတယ် "

" လာပြီ လာပြီ "

ဘယ်သူလဲမှတ်

ကိုမိုးသော် . . . အရေးတကြီး အလုပ်ကိစ္စရှိလို့ အလုပ်တိုက်ခဏလာခဲ့လို့ရရင် လာခဲ့ပါတဲ့။ မရဘူး ပြောလို့ မကောင်း။ ညီညက်ကလည်း ခွင့်ယူထားတုန်း အလုပ်တွေက တပုံတပင်ပါပဲလေ . . .။

" ဒါက ဘယ်လဲ "

" ကိုမိုးသော်ခေါ်တယ် နိုင်ငံခြားပို့မယ့်စာကိစ္စဆိုလား အရေးကြီးတယ်ဆိုလား . . . သွားလိုက်ဦးမယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



" ညီညက် အလုပ်မဆင်းတော့ အတာတို့ အလုပ်ပိနေပြီ ထင်ပါရဲ့. . ."

အဲလုပ်တိုက်နှင့် နေသည့်အိမ်က သိပ်မဝေးပေမယ့် ဘတ်စ်ကားသုံးမှတ်တိုင်လောက်တော့ စီးရပါသေးတယ်။ အလုပ်တိုက်ရောက်တော့ ကိုမိုးသော် တစ်ယောက်တည်း အလုပ်ရှုပ်နေပါလား . . . အန်ကယ်ဦးစိုးအောင်လည်း အခန်းမှာ ရှိနေပုံရပါတယ်။

" ငါ အားနာတယ် အတာ "

" ရပါတယ် အားနာစရာမရှိဘူး ထမင်းမစားခဲ့ရတာ တစ်ခုပါပဲ "

" သည်စာနှစ်စောင်ပြီးရင် ငါကျွေးမယ်. . ."

" ကျွေးလှူပဲပေါ့ . . . စားမှာပါ . . ."

အလုပ်ရှိရင်တော့ စိတ်ပါလက်ပါ အလုပ်ထဲ စိတ်နှစ်ထားရုံပေါ့။ မေတ္တာခင်ဆိုတာ လုပ်ငန်းမှာ ဘယ်တော့မဆို ထူးချွန်တယ်လို့သာ အပြောခံချင်တယ်လေ။ ကိုမိုးသော်ကို စာတွေအပ်ပြီး ထမင်းကျွေးမယ်ဆို ဆာပြီလို့ပြောလိုက်တယ်။

" ရွှေရည်မှာပဲစားမလား "

" ရတယ် "

မျက်စောင်းထိုး မြန်မာထမင်းဆိုင်ဆီပဲ ထွက်ခဲ့တယ် ကိုမိုးသော်နှင့်မေတ္တာခင် နှစ်ယောက်တည်း တွေ့ရတယ်ဆို အတင်းပြန်ပြောတဲ့ ဆွေဆွေမာကို ကောင်းကောင်းရန်တွေ့ပြီးတဲ့





နောက်မှာတော့ မေတ္တာခင်ကိုဆို ဘယ်သူနှင့်မှ မစရဲကြတော့။

" ဘာဟင်းစားမလဲ အတာ. . ."

" ငါးဖယ် "

" နင်လည်း တစ်ခါလာငါး တစ်ခါလာငါး ကြာရင် ရေကူးကောင်းကောင်းတတ်လာမယ် . . ."

ကိုမိုးသော် စကားကြောင့် မေတ္တာခင် ရယ်နေမိပါပြီ။

⌑ ⌑ ⌑ ⌑ ⌑

" မိုးသော်က သူ့အလုပ်တိုက်လိုက်ခဲ့ဆိုလို့သာ လိုက်လာခဲ့ရတာ။ ရောက်တော့မရှိ။ မျက်စောင်းထိုးလောက်က ရွှေရည် မြန်မာထမင်းဆိုင်မှာ ထမင်းသွားစားသတဲ့။ ငါ့သူငယ်ချင်းလေး နောင်မင်းသန့်တစ်ယောက် ထမင်းမှ စားရသေးရဲ့လားလို့မတွေးပါပဲ တော်တော်လည်းကောင်းတဲ့ မိုးသော်။

ဘယ်ရမလဲ

လိုက်သွားမယ်

လိုက်စားမယ်

ရွှေရည်ဆိုင်တွေလို့ ဝင်လိုက်တော့ တွေ့ပါပြီ။

အမယ် မိုးသော်တစ်ယောက် တယ်ကြီးပွားနေပါလား။

ကောင်မလေးတစ်ယောက်နှင့် ထမင်းစားနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



" မိုးသော် "

" ဟာ နောင်မင်း ငါက မင်းညနေမှ လာမယ်ထင်တာ လာလေ ထမင်းစားပြီးပြီလား "

" မစားရသေးဘူး"

" ဒါဆိုဝင်စား ငါတို့လည်း ခုမှ ဟင်းမှာတုန်း မင်းဘာဟင်းနဲ့ စားမလဲ. . . "

" ငါးဖယ် "

" ငါးဖယ် "

ငါးဖယ် ငါးဆုပ်ဟင်းစားမယ်ပြောတာ ဘာထူးဆန်းလဲ။

နောင်မင်းသန့်က ငါးဖယ်ငါးဆုပ်တို့ ငါးခူစဉ်းကောတို့ ကြိုက်တယ်။ ဒါကို မိုးသော်လည်း သိလျက်နဲ့။

" ရေကူးမယ့် နောက်တစ်ယောက် ရောက်လာပြန်ပြီ"

" ဘာလဲ မိုးသော်ရာ "

" ထားပါ . . . မိတ်ဆက်ပေးမယ် နောင်မင်းသန့်က ငါ့အချစ်ဆုံးသူငယ်ချင်း . . . နောင်မင်းရေ . . . သူက ငါနဲ့အလုပ်တွဲလုပ်ရတဲ့ မေတ္တာခင် . . . "

" မေတ္တာခင် "

တယ်ဟုတ်ပါလား

တွေ့ဖူးချင်နေသော မေတ္တာခင်က နောင်မင်းသန့် ရှေ့မှောက် ဆိုတ်ဆိုက်မြိုက်မြိုက် ရောက်နေပါရောလား။





ဂျမ်းတောမလေးတဲ့

ချစ်စရာလေးပါ။

သူ့ထမင်း သူစားနေတဲ့ ရုပ်ကလေးက အပြုံး ကပ်စေးနည်းလိုက်တာ ။

" သည့် ထမင်းဆိုင် မင်းပိုင်သလား မေတ္တာခင် "

" ဘာလဲ ဘာတွေမေးနေလဲ "

" မသိဘူးလေ မင်းရဲ့ ထမင်းစားနေတဲ့ ရုပ်နဲ့ဆိုတော့ သည်ထမင်းဆိုင် မင်းပိုင်သလားလို့ပါ . . . "

" နောင်မင်း . . . အတော့ကို မစပါနဲ့ . . . "

" မစပါနဲ့ဆိုတာကို ငါတွေ့ဖူးတာ တိရစ္ဆာန်ရုံမှာပဲ "

" နောင်မင်း . . . "

" ကိုးမိုးသော် ခင်ဗျားသူငယ်ချင်း ခင်ဗျား ကြည့်ပြော ထားနော် . . . ခင်ဗျားသူငယ်ချင်းတွေက ဝစ်ယောက်မှအချိုး မပြေဘူး သစ္စာဖောက်ကတစ်မျိုး . . . အရိုင်းအစိုင်းကတစ်မျိုး . . . အတာ စိတ်ဆိုးလာရင် ထမင်းပွဲကြီး မှောက်ပစ်လိုက်မှာ"

" နောင်မင်း ထမင်းကောင်းကောင်းစားပါရစေကွာ . . . ငါတောင်းပန်တယ် . . . "

ငါးဖယ်ငါးဆုပ် ပန်းကန်ရတော့ ကောင်မလေးက သူ့ရှေ့ဆွဲယူသွားတယ် . . . ။

" ဒါ ကျွန်တော့်ဟင်းလေ "

" လာ မရှုပ်နဲ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" မင်းတို့ ဟင်းအတူမှာထားတာ မင်းအတွက် လာမှာပေါ့ နောင်မင်းရာ . . . "

ကောင်မလေးကလည်း ငါးဖယ်ဟင်းမှာထားသတဲ့။

" အကြိုက်တူတာပေါ့နော် "

" ဘာ အကြိုက်တူရမှာလဲ "

" နောင်မင်း . . . "

မိုးသော်စိတ်ချမ်းနေတာ သနားလို့ ကောင်မလေးကို ပြဿနာမရှာတော့ပါဘူး။ ပြီးတော့ ထမင်းလည်း အတော်ဆာနေပြီ။ ကောင်မလေးနှယ် ထမင်းစားတာ မြန်လိုက်တာ။ နောင်မင်း ဒုတိယအကြိမ် ထမင်းထည့်တုန်းမှာ မေတ္တာခင် စားပြီးသွားပြီ။

" ကိုမိုးသော် သွားနှင့်မယ် . . . သည်မှာ ရှင့်အတွက် လက်ဆောင် . . . မေတ္တာခင်ရုပ်က မွေးတည်းက သည်ရုပ်ပဲ . . . ကျွန်မထမင်း ရှင်စားမစားတော့ မသိဘူး ကျွန်မ ငပိရည်တော့ ရှင်စားလိုက် "

ဟာကွာ

ကောင်မလေး ဒုက္ခပေးပြီ

ငပိရည်တစ်ပန်းကန်လုံး နောင်မင်း ထမင်းပန်းကန်ထဲ လောင်းချပြီး ထွက်သွားပေါ့ . . . ။

" ကောင်းလိုက်တာကွာ နောင်မင်းသန့် တစ်ယောက်တော့





အတာနဲ့တွေ့မှ သွေးတိုးတော့မယ် . . . "

ငပိရည်တွေများနေတော့ စားလက်စထမင်းကို ရပ်လိုက်ရတာပေါ့။

အတော်ဆိုးဝါးတဲ့ ကလေးမပါပဲ။

" နောင်မင်းရာ . . . အတာ့ကို မစစမ်းပါနဲ့ သည်ကောင်မလေးက ကြက်ခေါင်းဆိတ်မခံလေး . . . ခုချိန် ငါသူငယ်ချင်းဆိုတာနဲ့ တင်မောင်ဦးကို ကြည့်မရတာနဲ့ ရောပစ်လိုက်မှာ . . . "

" သူ့ကို ငါသဘောကျတယ် "

" ဘာ "

" သူ့ကိုငါသဘောကျတယ်လို့ ပြောတာပါ . . . မြွေဟောက်ကလေးတစ်ကောင်လိုပဲ တရှူးရှူးပါးပျဉ်းထောင်နေတာ . . . ချစ်စရာကောင်းတယ် "

" အဲသည့်မြွေဟောက်ပေါက်ရင် မင်းသေမှာ. . . "

သေချင်လည်း သေပါစေတော့။ မေတ္တာခင်ဆိုတဲ့ မြွေဟောက်မလေးပေါက်လို့ကတော့ သေချင်လည်း သေပါစေတော့။ ဘာလို့ရယ်မသိ မေတ္တာခင်လို့ သိသည်နှင့် နောင်မင်းသန့် နှမ်းသက်ကြည်နူးစွာ ကျီစယ်ချင်စိတ်တွေ ဖြစ်ရတယ်။

" ငါ တကယ် အဆိပ်တက်နေပြီ မိုးသော် "



www.burmeseclassic.com

www.burmeseclassic.com



မြွေဟောက်မလေးက မပေါက်ရခင် နောင်မင်းသန့် တကယ် အဆိပ်တက်နေခဲ့ပြီ မေတ္တာခင်။

⌑ ⌑ ⌑ ⌑ ⌑

ဘာမှန်းကိုမသိဘူး

ကိုမိုးသော်ကြီးကတော့ ရိုးသားပြီး ခင်စရာ ကောင်းပါ တယ်။ သူ့ သူငယ်ချင်းဆိုတာတွေ ကြည့်လို့ကိုမရ။

နောင်မင်းသန့်တဲ့။ လူကိုများ သူနှင့်နှစ်ပေါင်းများစွာ ရင်းနှီးနေသလို နောက်ပြောင်နေတယ်။ သူလည်း တင်မောင်ဦးလို လူမျိုးပဲနေမှာ။

" အတာ ... "

" အင်း ... "

" နောင်မင်းက သဘောကောင်းပါတယ် ... နင့်ကို ခင်လို့ နောက်တာပါ... သူက တစ်ဦးတည်းသောသား သူ့ကို အစ်ကိုလို့ သူအခုသတ်မှတ်ထားတဲ့ လူတစ်ယောက်က မွေးစားထားတာ ... သဘော်လိုက်နေတာကြာပါပြီ ... ငါတို့ သူငယ်ချင်း လေးယောက်ရှိတယ် အချစ်ဆုံးပေါ့ဟာ ... သူတို့သုံးယောက်မှာ နောင်မင်းက အားလုံးအပေါ် အနစ်နာ အခံဆုံးပါပဲ... သူ့မွေးစားအစ်ကိုက သိပ်ချမ်းသာတယ်





သူ့အတွက် အဖေတစ်ယောက်လို အစ်ကိုတစ်ယောက်လိုပါပဲ ... ငွေရှိပေမယ့် အနစ်နာခံစရာရှိ သူပဲ အနစ်နာခံပါတယ်"

ကိုမိုးသော်ကတော့ သူ့သူငယ်ချင်းကို မေတ္တာခင် စိတ်ဆိုးသွားမှာစိုးလို့ထင်ပါရဲ့ သေချာကို ရှင်းပြနေပါတယ်။

" သူ့ကို အဲသည့်လူက မွေးစားတယ်ဆိုတော့ မိဘအရင်း မရှိဘူးလား ... "

" မရှိဘူး ... သူငယ်ငယ်တည်းကဆုံးတာ ... "

" မွေးစားတဲ့အစ်ကိုတရော ချစ်ရဲ့လား "

" ချစ်ပါတယ်... အရာရာ သူ့သဘော ထားတာပါ ... သဘော်တက်သွားတာ ငါးနှစ်ကျော်ပြီ အဆက် အသွယ်တော့ မပြတ်ပါဘူး ... "

" ကိုဇေယျနဲ့ ဘယ်သူက သဘောပိုကောင်းလဲ "

ကိုမိုးသော်ရဲ့ သူငယ်ချင်း ကိုဇေယျနှင့်လည်း တွေ့ဖူးထားလေတော့ မေးကြည့်မိတာပါ။

" ဇေယျက စိတ်ဆတ်တယ်... ကျောင်းတုန်းက ထစ်ခနဲဆို ဇေယျရန်ဖြစ်တာပဲ ဖြေရှင်းနေရတာ... နောင်မင်းက သည်းခံတယ်... သူ့ဘာသာ အေးအေးနေတာ ... ညည်းကိုတွေ့မှ သူဘာလို့ စတတ်နေလဲတော့ ငါမသိဘူး"

" ကိုမိုးသော်ကြီးသူငယ်ချင်းကို မေတ္တာခင်အကြောင်း ပြောထားနော်... စိတ်တိုလာရင် အဲသည့်မျက်နှာကြီးကို ...



www.burmeseclassic.com

www.burmeseclassic.com



လက်သီးနဲ့ ထိုးချင်ထိုး မထိုးရင် ဆွဲကုတ်ပစ်မှာ ”

“ငါပြောပါတယ် . . . နင်စိတ်ဆိုးတတ်တယ်လို့ . . . သူက မောင်နှမ မရှိဘူးလေ သူငယ်ချင်းတွေဆိုလည်း အရမ်းချစ်တာ နင့်ကိုလည်း ညီမလေးတစ်ယောက်လို ခင်လို့ နောက်နေတာပါဟာ ”

မောင်နှမစိတ်နဲ့ဆိုရင်တော့ ခွင့်လွှတ်ပါတယ်။

လူကို တမင်သက်သက်တော့ လာမနောက်နဲ့ . . .။

ဒါပေမယ့် တင်မောင်ဦး ကြည့်မရတာနှင့် သူတို့ကိုလည်း ကြည့်မရချင်တော့ပါဘူး . . .။

“ တော်ပါပြီ . . . ကိုမိုးသော်သူငယ်ချင်းတွေကို မခင်ချင်တော့ပါဘူး ”

“ သည်လိုတော့ မပြောပါနဲ့ဟာ တင်မောင်ဦး ခမျာလည်း တကယ့် အကျဉ်းအကျပ်မှာမို့ပါ ”

“ ဘာ အကျဉ်းအကျပ်လဲ အတာသာဆို သဘောမတူ ပါဘူးဆိုတဲ့ အမေကို သေချာဖွင့်ပြောပြမယ် . . . ခုတော့ ညိုညက်ရှိပါတယ်ဆိုတာတောင် မပြောရဲတဲ့လူကို . . . ညိုညက်ကို တောင်းပန်ဖို့နေနေသာသာ ရှောင်ပြေးတယ် . . . ညိုညက်မို့ပေါ့ အတာသာဆို သူ့အိမ်သွားပြောပြလိုက်မယ် သူ့အမေကြီး လဲသေသွားလည်း သေပေါ့ ”

“ ဟဲ့ ကောင်မလေး ဩော် . . . အလကား ငရဲယူ





နေတယ် . . . ”

တကယ်ပြောတာ။

မေတ္တာခင် တကယ် ပြောနေတာ။

ညိုညက် လာလိုက်ခဲ့ရုံလိုက်ခဲ့ နင်မပြောနဲ့ ငါပြောမယ် ဆိုတော့ . . . မလိုက်ဘူး သူ့ကိုမှ တင်မောင်ဦးက မချစ်တာ၊ မချစ်လို့ ထားခဲ့ရက်တာဆို ငိုပဲငိုတော့တယ်။ တခြားမိန်းမကိုမှ သိပ်သဘောကျနေတဲ့ တင်မောင်ဦးရဲ့အမေကို ကျွန်မဟာ တင်မောင်ဦး ချစ်သူပါလို့ သွားပြောသင့်တယ်။ တင်မောင်ဦးရဲ့ ရှောင်ဖယ်နေတဲ့ ပုံစံကို ညိုညက်မှ သည်းခံတာ၊ အတာကတော့ လုံးဝ သည်းမခံချင်ပါဘူး။

“ မင်္ဂလာပွဲကဘယ်နေ့လဲ ကိုမိုးသော် . . . ”

“ ဘာလုပ်မလို့လဲဟာ ”

“ မပြောလည်း နေပေါ့ . . . မြကေကို ဥမ္မာအိက ဖိတ်မှာပါ သိရမှာပါပဲ ”

“ မြကေနဲ့ ဥမ္မာအိ သိလို့လား ”

“ ဥမ္မာအိက သတို့သမီးဝတ်စုံကို မြကေဆီမှာ အပ်တာ ကိုမိုးသော်ရဲ့ . . . အတာကတော့လေ ကတ်ကျေးနဲ့တောင် ကိုက်ပစ်ချင်ဝသာ မြကေရဲ့အလုပ် ထိခိုက်မှာစိုးလို့ . . ”

“ ဟင်း တင်မောင်ဦးပြောတယ် တိုက်လည်း တိုက်ဆိုင် တယ်ဟာ . . . ”



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဦးက မြကေနှင့်ဆုံတာ ကိုမိုးသော်ကို ပြောသတဲ့လား။

" အတာ . . ဆရာစိုးအောင်က ပြောနေတယ် . . . လာမယ့် သင်္ကြန်ပိတ်ရက်တွေမှာ ငါတို့စုပြီး ခရီးထွက်ကြမယ်တဲ့ နင်တို့လိုက်ခဲ့နော် "

" နင်တို့လိုက်လို့ ပြောရအောင် ကိုမိုးသော်ကရော လိုက်မှာလား . . . "

" လိုက်မှာပေါ့ "

" ဘယ်သူတွေ ပါဦးမှာလဲ "

" ဆရာဦးတင်အောင်လွင်တို့ မိသားစုရယ် . . . မမအေးတို့ မော်မော်တို့ အမျှားကြီးပေါ့ ဦးကျော်တို့ ဦးကျော်သန်းတို့တွေ လေးယုတို့ စိုးစိုးနိုင်တို့တွေ . . . ပြီးတော့ မိုးမိုးအေးတို့ ခင်ခင်အေးတို့တွေ . . . နင်နဲ့ညိုညက်လည်း လိုက် မြကေကိုပါခေါ် . . . "

" အခြေအနေအရပေါ့ . . . တင်မောင်ဦးတို့ပါရင် မလိုက်ဘူး. . . "

"တင်မောင်ဦး လိုက်မှာမဟုတ်ပါဘူး သူလည်း အလုပ် ထွက်မှာလို့ ပြောတယ် "

" အလုပ်ထွက်မယ် အမလေး ကြားရတာ ဝမ်းသာစရာ ကောင်းလိုက်တာ သူအလုပ်ထွက်တော့ ညိုညက် အလု-





ထွက်စရာ မလိုတော့ဘူးပေါ့ . . ကောင်းတယ် ထွက်ဖြစ်အောင် ထွက်ပါ စိတ်ကူးမပြောင်းနဲ့လို့ ပြောလိုက်ပါ . . . "

ညိုညက်အတွက် ကောင်းပါတယ်။

တင်မောင်ဦးနှင့် မျက်နှာချင်းမဆိုင်ချင်တော့လို့ အခု ခွင့်ယူထားရတယ်။ အလုပ်ထွက်ရမလားလို့လည်းတွေးနေပြီ၊ အလုပ်ထွက်ဖို့ဆိုတာ ညိုညက်အတွက်မဖြစ်နိုင်ပါဘူး။ ညိုညက်မှာ မိဘမရှိတော့ပေမယ့် . . . အစ်မတစ်ယောက်က အိမ်ထောင်နှင့် ကွဲနေတာ ညိုညက်ကပဲ တူမလေးအတွက် ထောက်ပံ့နေရတာ။

"နောင်မင်း သဘောပြန်တက်ရင် တင်မောင်ဦးလိုက်သွားမယ် ပြောတာပဲ. . . သူလည်း ညိုညက်အတွက် စဉ်းစားပါတယ် "

" ညိုညက်အတွက် စဉ်းစားရင် သည်လိုတောင် မဖြစ်ဘူး ကိုမိုးသော် အလကား ညိုညက်ကိုရက်စက်တာ အတာ လုံးဝခွင့်မလွှတ်ဘူး . . . "

တကယ်ပဲ ဘယ်အချိန်စဉ်းစားစဉ်းစား ခွင့်လွှတ်စရာ တစ်ကွက်မရှိဘူး။ တင်မောင်ဦးကတော့ လူလည်ကျပြီး သဘော လိုက်သွားရင် နှောင့်ယှက်လို့မရတော့ဘူးပေါ့လေ။

☐ ☐ ☐ ☐ ☐



www.burmeseclassic.com

www.burmeseclassic.com



" တံကောင်းလို့ပေါ့ မိုးသော်ရာ. . . စာတ မာမို့ လက်ထဲမရောက်ပဲ ငါ့လက်ထဲရောက်လာလို့ မာမို့နာမည်နဲ့ကို ပို့တာ မရှေ့တာက ပြတ်တော့ ပြတ်သွားပါတယ်. . . သူက မေတ္တာခင်ပါ. . . ညီညြက်က သူငယ်ချင်းပါတဲ့. . . ရေးထားလိုက်တာ ငါးမျှတ်နှာလောက်ရှိမယ် သစ္စာတရား အကြောင်းရော . . . စုံလို့ . . . တိုင်စာ ပစ်စာလိုမဟုတ်ပဲ သူ့နာမည်နဲ့တိုပို့တာ . . . တွေ့သွားရင် ပြဿနာ ဖိတ်စာတွေက ဝေနေပြီ . . . နောက်ထပ်ဘယ်လိုမျိုး ပြဿနာရှာမယ်မသိဘူး"

တင်မောင်ဦး ညည်းညည်းညူညူလေး ပြောသမျှ မိုးသော်နှင့် နောင်မင်းသန့် နားထောင်နေရတယ်။

မေတ္တာခင်လေး

မင်းဟာလူဆိုးလေးပါလား။

လုပ်ချင်ရာလုပ်တဲ့ တောင်မလေးပဲ။

မင်းရဲ့ ခိုင်မာပြတ်သားတဲ့ မေးရိုးကားကားလေး တွေဟာ အဲသည့်စိတ်တွေကို ပြတာလား. . .။ စူးရှတောက်ပတဲ့ မျက်ဝန်းတွေမှာရော မာနတွေလား၊ ဒေါသတွေလား။

" မာမို့ဆီ လှမ်းရေးသလို ဥမ္မာ့ဆီမျှား ရေးလိုက်ရင် ခက်ပြီ ငါတော့ မောနေရတယ်။ အတာဟာ မီးခဲပဲ . . . "

" မင်းတသာ မီးခဲ ဖြစ်နေတာပါ . . . ချစ်စရာ ကောင်းသော မေတ္တာစမ်းရေလေး ဖြစ်နေတဲ့လူက ဖြစ်နေတာ"





" ဘယ်သူလဲ "

" သည်ကောင်လေ နောင်မင်းပေါ့ . . . အတာနဲ့ တစ်ခါပဲတွေ့ရတယ် . . . သဘောကျတယ်တဲ့ "

" နောင်မင်းက အတာ့ကိုသဘောကျလို့. . . နောင်မင်း မင်းမှားမယ် မေတ္တာခင်ဟာ ကြောက်စရာကောင်းတဲ့ မီးတာစ်စပါပဲ . . . "

တင်မောင်ဦးကတော့ မေတ္တာခင်ကို ချစ်ရင် နောင်မင်းသန့်မှားမယ်လို့ ပြောပါတယ်၊ အချစ်ဆိုတာက အုံကြွဖွယ်ရာပါပဲ ဟန့်တားလို့ရလို့လား။ မြွေဟောက်ကလေးလို ပုံစံကိုတောင် မြင်ဖူးပြီ။ ချစ်စရာလို့ ရင်မှာခံစားရတယ်။

" ငါ့အမြင်ပြောရရင် မင်းမှားတာတွေလည်းပါတယ် တင်မောင်ဦး . . . အန်တီဝေ့ကို မင်းမှာညီညြက်ရှိတာ ပြောကို ပြောရမယ် . . . ပြောပြီးလို့မှ သဘောမတူရင် ညီညြက်တို့ မေတ္တာခင်တို့ ခုလိုပြဿနာရှာရင်တောင် အန်တီဝေသိမှာပေါ့ . . . ပြီးတော့ အန်တီဝေ့ကို ပြောမရရင် ဥမ္မာအိကို ပွင့်ပွင့် လင်းလင်း ပြောပြရမယ် . . . "

" ငါဖွင့်ပြောလိုက်ရင် မာမီချက်ချင်း သေသွားမလား တွေးရင်း တွေးရင်း မပြောဖြစ်ခဲ့တာပါ. . . ခုတော့ ပြောလို့ကလည်း မဖြစ်တော့ဘူး . . . "

" မင်းအပြစ်ဖြစ်တော့ အခု မင်းလန့်နေရတာပေါ့. . "



www.burmeseclassic.com

www.burmeseclassic.com



" ငါလည်းပြောပါတယ် နောင်မင်းရာ . . . ဖွင့်ပြောလိုက်တင်မောင်ဦးဆိုတာ မပြောရဲဘူးဆိုရင်းကနေ . . . အတာက ခွင့်မလွှတ်ဖူးပဲ ပြောနေတာ . . . မင်းတို့မင်္ဂလာဆောင် ဘယ်နေ့လဲ မေးလို့ ငါမပြောရဲတာနဲ့ မပြောလိုက်ဘူး . . . ဒါနဲ့နေပါဦး မြကေဆိုင်ကို မင်းရောက်တယ်ဆို . . . "

မြကေခိုင်ဆိုတဲ့ ကောင်မလေးကို နောင်မင်းသန့် မတွေ့ဖူးသေးပါဘူး။ ဥမ္မာအိရဲ့ အကျီချုပ်ရင်း တွေ့ကြတာတဲ့ မြကေခိုင်က မေတ္တာခင်လောက် မဆိုးဘူး . . . သူ့ဘာသာ မသိချင်ယောင် ဆောင်နေပေးသတဲ့လေ။

" မင်းမှားတယ် တင်မောင်ဦး "

" ငါမှားတာငါသိတယ် ငါမှားပြီးပြီ ပြင်မရဘူး မင်းသာ မမှားစေနဲ့ အတာ့ကို ချစ်သူအဖြစ်ရွေးမယ်ဆို မင်းသေချာပေါက် မှားပြီ "

" ဘာဆိုင်လဲ . . . မေတ္တာခင်ဆီမှာ ကြီးမားတဲ့အချစ်နဲ့ သစ္စာရှိမှာပဲ . . . မှားစရာအကြောင်းမရှိဘူး . . . သူနဲ့မင်း အဆင်မပြေတာ ညှိုညာတ်အပေါ် မင်းသစ္စာပျက်တာကိုး . . . မေတ္တာခင်က သစ္စာမပျက်တဲ့လူအပေါ်မှာ ဘာမှ ပြဿနာရှာမှာ မဟုတ်ပါဘူး။ မင်းသာ ညှိုညာက်ကို လက်ထပ်မယ်ဆို သူကျေနပ်ပြီး အရင်လိုပဲ ခင်မင်နေမှာပေါ့ . . . "

သည်လိုဆိုတော့လည်း တင်မောင်ဦး မပြောနိုင်





တော့ပါဘူး။ မေတ္တာခင်ရဲ့စိတ်ကို ဘာလို့များ တွက်ဆ စာနာပေးနေမိတာပါလိမ့်။

" မြကေ . . . ဆိုင်ထဲကို မြတေဝင်လာတယ် မိုးသော်ကြည့်ရတာ မှုန်လာဝယ်တာထင်တယ် . . . "

မြကေခိုင်တဲ့

အခုပဲ မြကေခိုင်ကို မတွေ့ဖူးသေးဘူးလို့ စိတ်မှာထင်ထားခဲ့တာ။ နောက်ပြန်လှည့်ကြည့်ချင်ပေမယ့် ဣန္ဒြေမရသလို ဖြစ်နေတာမို့ နောက်တွေ့ဖူးဦးမှာပါဆိုပြီး လှည့်မကြည့်တော့ပါဘူး။

" ကိုမိုးသော်တို့ပါလား "

တိုးညင်းသောအသံလေးတတော့ မေတ္တာခင်နှင့် တခြားစီပါ။ မေတ္တာခင်ရဲ့အသံက ဩဩလုံလုံနှင့် ကျယ်သလိုပါပဲ . . . ။

" မုန့်လာဝယ်သလား မြကေ . . . အအေးသောက်ပါဦး . . . "

" မသောက်တော့ဘူး . . . ကိုမိုးသော် အတာက သည်ဆိုင်က မုန့်ကိုကြိုက်တယ် ဒါကြောင့် ဝင်ဝယ်တာပါ . . . "

မိတ်ဆက်ပေးလာတော့ မရှိုင်းရလေအောင် ငဲ့ကြည့်မိပါတယ် . . . ။ အံ့ဩမင်သက်စွာ ကြည့်မိဆဲ . . . ။ သည်မျက်နှာဟာ . . . . သတိရနေဆဲပါ . . . ။

" ဂျူးဂျူးနော် "



www.burmeseclassic.com

www.burmeseclassic.com



" ကိုနောင် . . . "

တကယ်ဆို ဂျူဂျူ့ရှစ်တန်းလောက်တည်းက ဝေးကွာသွားတာပါ။ ဟိုးအရင် အိမ်နီးနားချင်းတွေပါပဲ။ ရှစ်တန်းကျောင်းသူ အပျိုပေါက်တလေးထက်စာရင်တော့ ဂျူဂျူဟာ ပိုပြီးလှပလို့ ရင့်ကျက်စွာ ကြွရွနေတာပေါ့လေ . . .။

" ထိုင်ပါဦး ဂျူဂျူရယ် . . . မိသားစုတွေရော နေကောင်းကြလား . . . "

" ဖေဖေဆုံးတော့ မေမေက ဆွေမျိုးတွေရှိတဲ့ ပြည်ကို ပြန်အခြေချတယ်လေ. . . ခုတော့ ဟိုမှာပါပဲ . . . မြကေလည်း သည်မှာပဲ ဆက်နေရင်း တစ်ခါတလေမှ ပြန်ဖြစ်တာ . . . ကိုနောင်ရော . . . "

" ကိုယ် သင်္ဘောလိုက်နေတယ် ငါးနှစ်ကျော်ပြီ ပြန်ရောက်တာ မကြာသေးဘူး တွေ့ရတာဝမ်းသာတယ် ဂျူဂျူရယ် . . . "

" မြကေလည်း ဝမ်းသာပါတယ်. . . သွားဦးမှ ကိုနောင် . . . သွားမယ် ကိုမိုးသော် အတော့အတွက် မုန့်လာဝယ်တာ "

" ညည်းတို့လည်း သည်ဆိုင်လေးကို ချစ်ကြတယ်နော်"

" ချစ်ရတာပေါ့ ကိုမိုးသော်ရယ်. . . အတော့အကြောင်းလည်း သိရက်နဲ့ ဆိုးတာတွေက တစ်ပိုင်း ချစ်ဖို့ကောင်းတာတွေက အများကြီးလေ . . . "





မြကေခိုင်တဲ့။ သူ့ဘာသာ မြကေခိုင် ဖြစ်သွား ဖြစ်သွား နောင်မင်းသန့်အတွက်တော့ ချာတိတ်မလေးဟာ ဂျူဂျူပါပဲ၊

" နောင်မင်း . . . မြကေကိုမင်းချစ်မယ်ဆို ငါတို့ အားပေးတယ် "

" ဂျူဂျူကို . . . ဟင့်အင်း . . . ဂျူဂျူက ငါ့အတွက် ငါ့မျက်ဝန်း ငါ့နှလုံးသားမှာတော့ ညီမလေးတစ်ယောက်ပါပဲ . . . ငါ့စိတ်မှာ ပီတိတွေနဲ့ လှုပ်လှုပ်ရှားရှား ခံစားစေတာ မေတ္တာခင်ပဲ. . . "

အတူနေသူငယ်ချင်း မြတေခိုင်ကတောင်မှ အတော့မှာ ဆိုးတာတွေကတစ်ပိုင်း ချစ်ဖို့ကောင်းတာတွေက အများကြီးလို့ ဆိုထားတယ်မဟုတ်လား။

☐ ☐ ☐ ☐ ☐

" ဒါဆို နောင်မင်းသန့်နဲ့ မြကေ ခင်တယ်ပေါ့ "

" ဒါပေါ့ အတာရဲ့ ကိုနောင်က ဂျူဂျူလို့ပဲခေါ်တာ ငယ်ငယ်က စာသင်ပေးတယ် ကြက်တောင်ရိုက်သင်ပေးတယ် ဖေဖေက ကိုနောင့်ကို သနားလည်းသနား ချစ်လည်းချစ်ပေါ့ . . . သူက မွေးစားအစ်ကိုနဲ့နေတာ . . . "



www.burmeseclassic.com

www.burmeseclassic.com



မြကေခိုင်နှင့် နောင်မင်းသန့်တို့ သိပ်ခင်ခဲ့ကြသတဲ့။ စိတ်မှာခံစားချက်မှာတော့ မနှစ်သက်သလိုလို၊ သူတို့ဘာသာ ငယ်ကျွမ်းဆွေတွေပဲဖြစ်ဖြစ် တကယ်ဆို မေတ္တာခင်နှင့် ဘာမှမဆိုင်ပါဘူးလေ . . .။

" နောင်မင်းသန့်ဆိုတဲ့ နာမည်ကို ကြားဖူးတယ် သဘောကောင်းတယ်ဆို . . . မြကေနဲ့လည်း ငယ်တည်းက သိတာဆို ကောင်းပါတယ် . . . "

" အတာကတော့လေ ကိုမိုးသော်ကြီး သူငယ်ချင်းတွေကို တစ်ယောက်မှ မခင်ချင်တော့ဘူး "

" ဘာဆိုင်လို့လဲ အတာရယ် . . . လက်မမကောင်း လက်မ ခြေမမကောင်းခြေမပေါ့ . . . တင်မောင်ဦး မကောင်းတာနဲ့ပဲ . . . "

နောင်မင်းသန့်ကရော ကောင်းမယ်လို့ ပြောနိုင်လား။ ကိုမိုးသော်ကြီးကတော့ အတာ့ကို ခင်လို့သာ စတာ နောက်တာ။ နောင်မင်းက တည်ပါတယ်တဲ့။

ညိုညက်က ဟင်းချက်ချေဦးမယ်ဆို မီးဖိုထဲ ဝင်သွားတော့ တိုးတိုးမေးရတယ် ဥမ္မာအိ အကျီလာရွေးသေးလား ဖိတ်စာပေးသလား၊ ဘယ်နေ့လဲလို့မေးရတယ် . . . ကိုမိုးသော်ကြီးကိုမေးတော့ ငေ့လည်ကြောင်ပတ်လုပ်နေတယ် အတာရဲ့ နှောင့်ယှက်ချင်စိတ်ကို သိပုံပါပဲ။ တင်မောင်ဦးကလည်း





လျှင်တယ် အလုပ်ထဲကလူတွေ တစ်ယောက်မှ မဖိတ်ပါဘူး။

" ထားလိုက်ပါလား အတာ "

" ဘာလို့ ထားရမှာလဲ မင်္ဂလာပွဲထိ သွားကြည့်မယ် "

" ကြည့်ရုံပဲလား. . . "

" အခြေအနေအရ တစ်ခုခုပေါ့ . . . ညိုညက်မျက်ရည်အတွက် သူပြန်ပေးဆပ်စရာတွေ အများကြီးပဲ . . . "

" အတာ့မှာ ဆိုးဝါးနေတာ အဲသည့်ခေါင်းမာတာတွေပဲ"

ဘာပြောပြော အတာကတော့ မရပါဘူး သူတို့ပဲ ခွင့်လွှတ်နေတယ် . . .။ ခွင့်လွှတ်စရာလား။ တင်မောင်ဦးပုံစံက ခွင့်လွှတ်စရာ မရှိပါဘူး။

" မြကေ . . . တကယ်လို့ နောင်မင်းသန့်က မြကေကို ချစ်တယ်ဆိုရင်လည်း. . . "

" အတာရယ် . . . ဘာတွေတွေးနေလဲ ကိုနောင်က မြကေအပေါ် ငယ်တည်းက ညီမလေး တစ်ယောက်လိုပါ "

" အချိန်တွေ ပြောင်းသွားပြီလေ . . . ဖြစ်လာခဲ့ရင် "

" ကြိုးတွေးပြီး မဖြစ်လာတာတွေလည်း ရှိလို့ ဘာမှ ကြိုမတွေးချင်ဘူးအတာ. . . ကိုနောင်နဲ့တွေ့ရတာ မြကေ ဝမ်းသာပါတယ်။ ဒါပေမယ့် အစ်ကိုတစ်ယောက်နဲ့ ပြန်တွေ့ရ သလိုပါပဲ။ ညိုညက်ကို ကြည့်ထားဦး မြကေ အကျီတစ်ထည် အရေးတကြီး ပို့စရာ ရှိတယ် . . . "

မြကေလည်း သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အတာတစ်ယောက်တည်းဆိုတော့ ပျင်းတယ်။ ဒါကြောင့် မဂ္ဂဇင်းတစ်အုပ် ယူဖတ်မိပါတယ်။ မြကေရဲ့ ဒီဇိုင်းထွင်တဲ့ စာအုပ်ပါလား။ သတို့သမီးဝတ်စုံတွေ မျိုးစုံနဲ့ မော်ဒယ်လ်တွေကို ရိုက်ထားတာ။ ဥမ္မာအိကို မတွေ့ဖူးပါပဲ။ သူမဝတ်မည့် ရွှေဖလားရောင်ဝတ်စုံကို အမှတ်ရမိတယ်။ စာထည့်လိုက်တာလည်း တင်မောင်ဦးအမေ မရဘူးလား . . . ဘယ်လို နှောင့်ယှက်ရမလဲ။

မင်္ဂလာပွဲကို သွားချင်လိုက်တာ။

အချိန်သိရင် ကောင်းမယ် . . .။

လွယ်တော့ လွယ်မှာပါ။ ရအောင်စုံစမ်းရင် ရရမှာပေါ့။

⌘ ⌘ ⌘ ⌘ ⌘

" တင်မောင်ဦး . . . အတာက မေးတယ် မင်းမင်္ဂလာဆောင် ဘယ်နေ့လဲတဲ့ ငါသိသိကြီးနဲ့ မသိချင်ယောင်ဆောင်ပြီး ရက်အတိအကျမသိပါဘူးဆိုတော့ . . . ငါ့ကိုတောင် လှောင်ရယ်ရယ်တယ် . . . အတာ မလွယ်ဘူးနော် မင်းသတိထားသင့်တယ် "

" မိုးသော်ရာ ငါလန့်ပါတယ်ဆို မင်းကပြောနေပြန်ပြီ"

တင်မောင်ဦး မျက်နှာ ဇီးရွက်လောက်လေး





ရှိတော့တယ်။ မင်္ဂလာပွဲမှာ အရှက်ကွဲမှာရော၊ အန်တီဝေ တစ်ခုခု ဖြစ်သွားမှာရော ကြောက်တော့ကြောက်မှာပေါ့လေ။ နောင်မင်းသန့်အမြင်မှာတော့ . . . တင်မောင်ဦးအမှားလည်း အများကြီးပါတယ်။ အန်တီဝေ့ကို ဖျောင်းဖျ နားဝင်အောင် ပြောသင့်တာပေါ့။

တင်မောင်ဦး မင်္ဂလာဆောင်တ လာမယ့် တနင်္ဂနွေနေ့မှာ ဘာမှ ရက်မလိုတော့ပါဘူး။

" မေတ္တာခင်ကို အဲသည့်နေ့မှာ စောင့်ကြည့်ထားဖို့ ဂျူးဂျူးကို ပြောထားရင်ကော . . . "

" ဒါလည်း မဆိုးဘူး . . . "

" ဒါဆို ဂျူးဂျူးဆီသွားတွေ့ရအောင် ဆိုင်ကို မိုးသော်သိလား "

" သိတယ် "

" ငါမလိုက်တော့ဘူး "

တင်မောင်ဦးကို မေတ္တာခင် ကြည့်မရတာလည်း ဟုတ်မှာ။ ခုပဲကြည့် သူ့အတွက် မြကေဆိုင်ကို သွားအကူအညီတောင်းမှာ သူကမလိုက်တော့ဘူးတဲ့။ တင်မောင်ဦး ထွက်သွားတာနှင့် မိုးသော်ကလည်း ပြောပြီ။

" သူငယ်ချင်း အရင်းကြီးတွေမို့သာ . . . တင်မောင်ဦး ကလည်း တင်မောင်ဦးပဲ . . . ညီညွတ်ကို ချစ်တွန်းကလည်း ခရရင် သေမလိုနဲ့ အခုတော့ . . . အတာ ဒေါသဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စရာပဲ. . . ပြဿနာကို ရှောင်ချင်တဲ့ စိတ်ကြောင့် ပြဿနာ ပိုကြီးလာတာ ”

မြကေခိုင်ရဲ့ ဆိုင်ကိုလိုက်လာခဲ့ရတယ်။

ဗိုလ်ချုပ်ဈေးဆို မရောက်တာကြာလှပါပြီပေါ့။

မိန်းကလေးဝတ်စုံတွေ ချုပ်တာဆိုတော့ ဆိုင်မှာ မိန်းကလေးတွေချည်းပဲ။ ဂျူးဂျူးကတော့ သူတို့လည်းမြင်ရော အင်္ကျီချုပ်ဆိုင် ခဏထားပြီး အအေးလိုက်တိုက်ပါတယ်။

“ ဂျူးဂျူးဆိုင်က စည်နေတာပဲ ”

“ သည်နှစ်ပိုစည်လာတာပါ. . . ကိုနောင်နဲ့ ကိုမိုးသော်တို့ ဘာအရေးကြီးလို့လဲ . . . ”

“ စကားပြောစရာလေးရှိတယ်မြကေ . . . အဲဒါကတော့ လာမယ့် ဆန်းဒေးမှာ တင်မောင်ဦး မင်္ဂလာဆောင်ရှိတယ် . . ကိုယ်တို့ အတာ့ကိုလန့်နေကြတယ်လေ . . . အတာက လွယ်တာမဟုတ်ဘူး . . . အဲဒါ အတာ့ကို အဲသည့်နေ့ မနက် မြကေ စောင့်ကြည့်ပေးထားလို့ရမလား ”

“ တင်မောင်ဦးက ပြောခိုင်းတာလား ”

“ ဟာ မဟုတ်ပါဘူး . . . ကိုယ်စိုးရိမ်လို့ ပြောတာပါ”

“ အတာ့လို စိတ်မာတတ်မျိုးတော့ မြကေမှာ မရှိပါဘူး ဒါပေမယ့် မြကေတောင်မှ တစ်ခါတစ်ခါ တင်မောင်ဦးကို အရမ်း စိတ်ပျက်တယ် . . . ”





ဂျူးဂျူးတို့ပြောတာလည်း မမှားပါဘူး။

သူတို့တွေကလည်း သူတို့သူငယ်ချင်း ညိုညက်ဘက်က ကြည့်ရင် တင်မောင်ဦးက စိတ်ပျက်စရာကောင်းတော့မှာ ပေါ့လေ။ နောင်မင်းသန့်တောင်မှ တင်မောင်ဦးကို အားမလို အားမရဖြစ်နေရသေးတာ။

“ အတာက သူသာညိုညက်ဆို တင်မောင်ဦး မင်္ဂလာပွဲမှာ ပါးရိုက်ပစ်မယ်ပဲ ကြိမ်းနေတာ . . . မြကေ မနည်း ဖျောင်းဖျထားရတာ . . . အခု ညိုညက်ခမျာ ငိုချင်ရင်တောင် အတာ့ရှေ့ မငိုရဲအောင်ဖြစ်နေတယ် . . . ညိုညက်ငိုတိုင်း တင်မောင်ဦးကို သွားသတ်မယ်ချည်း ပြောနေတာ . . . ”

မေတ္တာခင်ဆိုသော ကောင်မလေးရဲ့ ဒေါသက ကြောက်လန့်စရာပါလား။ လူလေးကဖြင့် ချစ်စရာလေး။ ဒေါသနဲ့တောင် မလိုက်ဘူး မြွေဟောက်မလေးပါးပျဉ်း ထောင်သလို ပုံစံကို နောင်မင်းသန့်မြင်ဖူးထားပြီ ဆိုတော့ မြကေခိုင် ပြောတာတွေ မယုံကြည်စရာမရှိပါဘူး။

“ နော် မြကေ . . . ထိန်းထားပေးပါဟာ ”

“ ကောင်းပြီလေ . . . အကြောင်းတစ်ခုခုနဲ့တော့ တားထားပါမယ် . . . ခက်တာက အတာကလျှင်တယ် . . . အလုပ်ထဲမှာ တင်မောင်ဦး ဘယ်သူ့ကို ဖိတ်စာပို့နိုင်သလဲဆိုတာ ချောင်းနေတာ ဖိတ်စာသူဖတ်ရလို့ အချိန်နာရီရက် အတိအကျ



www.burmeseclassic.com

www.burmeseclassic.com



သိသွားရင်တော့ ဘယ်လိုတားထားရမယ် မသိဘူး. . ."

" တင်မောင်ဦးကို မှာထားမယ်လေ အလုပ်ထဲက ဘယ်သူမှ မဖိတ်နဲ့လို့ "

" မှာလို့ရရင်တော့ မှာထားပါ . . ."

မေတ္တာခင်ကို မိုးသော်တို့ တကယ်လန့်နေကြတာပါလား . . .။ တင်မောင်ဦး ကိုယ်တိုင်တောင် စိတ်ညစ်တယ် စိတ်ညစ်တယ်နဲ့ . . .။

သည်လိုခပ်ဆိုးဆိုးတောင်မလေးကို နောင်မင်းသန့်ကဖြင့် နောက်ထပ်တစ်ခါ တွေ့ချင်နေတာပါ။ ဘာလို့ရယ်မသိ။ ကောင်မလေးရဲ့ ဒေါသကိုမှ ပီတိများစွာဖြင့် သူကြည့်ချင်နေမိပါတယ်။

" မေတ္တာခင် ဒေါသထွက်နေတာကို ကြည့်ချင်တယ်"

" အံ့ပါ့နောင်မင်းရာ မဒေါသရဲ့ ပေါက်ကွဲပြင်းထန်မှုတွေ ငါဖြင့် ရင်တုန်လွန်းလို့ အလုပ်ထဲမှာ အမြဲတွဲနေရတဲ့ ဒေါသတွေ မြင်ရပေါင်းများပြီ . . ."

" သူ စိတ်ဆိုးနေတာက သိပ်သဘောကျစရာကောင်းပါတယ်. . ."

နောင်မင်းသန့်သည်လိုပြောမိတော့ ဂျူးဂျူးဖျတ်ခနဲ လှမ်းကြည့်တာ သတိထားလိုက်မိပါတယ်။ ရင်ထဲမှာတော့ မေတ္တာခင်ဆိုတာနှင့် ပီတိတွေ ရောက်လာသလိုပါပဲလေ. . .။





ကြာကြာနေရင်တော့ နှလုံးသားတွေ ပိုပြီး တုန်ခိုက်လှုပ်ရှားလာမလား မသိပါဘူး မေတ္တာခင်ရယ် . . .။

⌑ ⌑ ⌑ ⌑ ⌑

" အိမ်ရှေ့မှာတံခါးခေါက်နေတယ် ထင်တယ် ညီညွှက်ရေ . . ."

" နေ နေ မြကေ . . . အတာသွားကြည့်မယ် . . ."

အိမ်ရှေ့တံခါး အရောက်မှာ ကိုမိုးသော်တို့ကို တွေ့ရတယ်။

ဒါကြောင့် . . . အလုပ်ရှိလို့လားလို့ မေးရတယ်။

" ငါ့မြင်တာနဲ့ အလုပ်ကလာခေါ်တယ် ထင်ရောလား . . . အလုပ်မရှိပါဘူးဟာ . . . ငါတို့ ဘဲငန်းတစ်ကောင် ရထားတယ် ခက်တာက အိမ်မှာ ခယ်မကလည်း ခရီးထွက် ချက်ကမချက်တတ် ဒါကြောင့် အဲသည့် ဘဲငန်းကို ယူလာတာ ငါတို့နှစ်ယောက်ကို ဟင်းချက်ကျွေးပါလား အတာ . . ."

ပြောမှပဲ လက်ထဲက ဆွဲလာတဲ့ ဘဲငန်းကိုမြင်ရတယ်။
အနည်းအပါး ခုတ်ထစ်လာတာလည်း မဟုတ်။
အမွေးမပါတာပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ။
" ကိုနောင်တို့ပါလား "
" ဂျူးဂျူးရေ . . . ဘဲငန်းသားဟင်းနဲ့ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားချင်လို့လိုက်လာတာ . . . "

" ဟင် အိမ်မှာ ငါးပဲကြော်တာပါ . . . ဘဲငန်းသား မချက်ပါဘူး "

" သည်မှာလေ မြကေ. . . သည်မှာ ဘဲငန်း ပါလာတာ ချက်ပေးရမှာ . . . "

" ဟင်းချက်တာကတော့ ညိုညက်အတော်ဆုံး ပဲဆိုတော့ ညိုညက်ကိုပဲ ချက်ခိုင်းရမှာပေါ့ . . . ညိုညက်ရေ"

ညိုညက်က အိမ်ရှေ့ထွက်လာတယ်ဆိုရင်ပဲ ကိုမိုးသော်က ဘဲငန်းကိုလှမ်းပေးပြီးခေါင်းငြိတ်ပြလို့ မီးဖိုဆီပြန်ဝင်သွားပါတယ်။ ဘဲငန်းကိုယူပြီး ကိုမိုးသော် မီးဖိုဆီလိုက်သွားတဲ့အခါမှာ မြကေကတော့ နောင်မင်းသန့်ကို ဧည့်ခန်းမှာထိုင်ပါလားလို့ ဧည့်ခံတယ်။

" ဂျူဂျူးရယ် . . . ကိုနောင်ကဧည့်သည်မဟုတ်ပါဘူး . . . ညိုညက်တို့ဟင်းချက်တဲ့ဆီ သွားကူရအောင်လေ . . . မေတ္တာခင်ကရော ဟင်းချက်မကျွမ်းဘူးလား "

" မကျွမ်းပါဘူး ဝါသနာလည်းမပါဘူး . . . ညိုညက် ချက်ကျွေးတာပဲစားတယ် . . . "

" အတာကလည်း မဟုတ်တာ အတာချက်တဲ့ ဝက်သားဟင်းကို မြကေအရမ်းကြိုက်တာ . . . "

မြကေကလည်းလေ။





အဲသည့်လူရှေ့ တမင်ပြောတာ . . .။

သူတို့ယောကျ်ားတွေရဲ့စိတ်မှာ မိန်းမဆို ထမင်းဟင်း ကောင်းကောင်းချက်တတ်ရမယ်လို့ တွေးထားကြတာတွေ . . .။ အခုတလော ကိုမိုးသော် သူငယ်ချင်းဆိုရင်ကို ကြည့်လို့မရချင် . . . စကားကောင်းကောင်း မပြောချင်ပါဘူး . . .။

" မီးဖိုထဲသွားရအောင် လာလေ . . . "

မြကေက သူ့ကိုပါ မီးဖိုထဲခေါ်သွားပါပြီ။

" အတာရေ. . . ဘဲငန်းခုတ်ပေးပါလားကွာ ညိုညက်က ချက်တာသာဝါသနာပါတာ ကောင်းကောင်းမခုတ်တတ်ဘူး"

နောက်ဆုံးတော့ ဘဲငန်းခုတ်ရတဲ့ တာဝန်က အတာ့ဆီ ရောက်လာတာပါပဲ။ မီးဖိုထဲက ကြမ်းပြင်လေးဟာ ညိုညက် တစ်လှည့် အတာတစ်လှည့် တိုက်ထားတာမို့ . . . ပြောင်လက် နေတာပါ . . .။

" ဘာချက်ကြမလို့လဲ . . . "

" ငါးကြော်နဲ့ ကန်စွန်းရွက်ချဉ်ရေဟင်း ချက်မလို့ . . . "

" ငါးကြော် ကြော်ပြီးပြီ "

" ကန်စွန်းရွက်ချွေပေးရမလား "

" ကိုနောင်က ချွေတတ်လို့လား "

" နောင်မင်းက ကိုယ်တို့သူငယ်ချင်းတွေထဲမှာ စားဖိုမှူးလေ. . . လေးယောက်စုပြီး ချက်စားမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



နောင်မင်းပဲချက်တာ . . . "

ဩော် လက်စသတ်တော့ မီးဖိုချောင်ကို နိုင်နင်းကျွမ်းကျင်သူကြီးပေါ့ ။

သည်လိုယောကျ်ားမျိုးက ပိုဆိုးသေး။

ထမင်းဟင်းမချက်တတ်တဲ့ ယောကျ်ားလေးတွေက မိန်းမချက်တွေ့တဲ့ထမင်းဟင်းတို့ ချေးမများပဲစားတတ်ကြတယ်။ ထမင်းဟင်းချက်တတ်တဲ့ ယောကျ်ားလေးတွေကျတော့ မလွယ်ဘူး သိပ်ချေးများသတဲ့။

" သဘော်ပေါ်မှာ သူငယ်ချင်းတွေတို့ ချက်ပေးရင်းနဲ့ ချက်တတ်လာတာပါ . . . "

မြတေနှင့် နှစ်ယောက် တန်စွန်းရွက်တွေချွေနေကြတယ်။ အတာကတော့ ကိုယ့်အလုပ် ကိုယ်လုပ်ရတယ် ဘဲငန်းကို ညီညီညာညာခုတ်ထစ်ဆေးကြောပြီး ချက်ပေးမည့် ညိုညက်လက် လွှဲပေးလိုက်ပြီလေ . . . ။

" နင်တို့ချက်နှင့်ကြဦးဟာ . . . ငါ လမ်းထိပ်ခဏသွားမယ် . . . "

" ဘာသွားလုပ်မှာလဲ ဘာလုပ်သွားမှာလဲ "

" နေပါဦး အတော့ဘာသာ ဘာသွားလုပ်လုပ် . . . "

" ကိုယ်လိုက်ချင်လို့ပါ "

" လိုက်ချင်တယ် ဘာကိစ္စလိုက်မှာလဲ. . . "





" ဟိုဗျာ . . . "

" ကဲပါ အတာရယ် . . . တိုနောင့်ကို လည်းခေါ်သွားပါ စတိုးဆိုင်မှာ ကော်ဖီမစ် အထုပ်ကြီးတစ်ထုပ်ဝယ်ခဲ့ပါ ဖျော်သောက်စရာကို မရှိလို့ . . . "

မြတေကလည်းလေ

သည်နောင်မင်းသန့်ဆိုတဲ့လူ အလိုလိုက်ပြီး ထည့်ပေးနေတယ်။ ကော်ဖီမစ်ဝယ်ဆို ဝယ်ပေးမှာပေါ့။ သည်လူပါမှလား။ အနားမှာလူတစ်ယောက်ရှိနေတာဟာ အနှောင့်အယှက်တစ်ခုလို ခံစားရတာမျိုးလား။

" ကိုယ်အအေးသောက်ချင်တယ် မေတ္တာခင် "

" အိမ်ကျမှသောက် "

" ဆိုင်မှာသောက်ချင်တာ . . . "

" မသောက်ချင်ပါဘူး . . . "

စတိုးဆိုင် အရင်သွားလိုက်တယ်။

တကယ်ဆို လမ်းထိပ်ထွက်လာတာ ဘာအကြောင်းမှ မရှိပါဘူး။

သူတို့တွေ ချက်ပြုတ်နေကြတဲ့ကြား ထိုင်မနေချင်လို့ ထွက်လာတာ။ အဲဒါကို ရအောင် လိုက်လာသေးတယ်။

" ကိုယ် တကယ် အအေးသောက်ချင်တာ "

" အတာက အပူပဲသောက်ချင်တယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



တမင်ဆန့်ကျင်ပြောတာ။

"ဒါဆို ကော်ဖီခါးခါးတစ်ခွက် သောက်တာပေါ့ . . ."

ကော်ဖီဆိုင်ကိုရောက်ခဲ့တယ်။

သည်ဆိုင်မှာ ကော်ဖီအေးရှိပါတယ်။

ဒါပေမယ့် အအေးသောက်ချင်ပါတယ်ဆိုတဲ့လူကို အနှောင့်အယှက်ပေးချင်တာမို့ သူဘာမှမမှာရခင် ကော်ဖီပလိန်း နှစ်ခွက်လို့ မှာလိုက်တယ်။ အငွေ့တထောင်းထောင်းနှင့် ရေနွေးထဲကို ကော်ဖီမစ်ထုပ် ဖောက်ထည့်လိုက်တဲ့အခါ သူက ကြည့်ရင်း ပြုံးနေတယ်။

"ငပိရည်နဲ့ ထမင်းကတော့ သိပ်ကောင်းပါတယ်"

"ကော်ဖီမစ် ပူမပူသိချင်လည်းပြော ခြေထောက်ပေါ် လောင်းချပေးမယ်"

"မေတ္တာခင်ဆိုတဲ့ နာမည်လေးက အင်မတန် အေးချမ်းတာ"

"လူက ပူလောင်နေတယ်ဆိုတာလား"

"မဆိုလိုပါဘူး"

"မညာပါနဲ့ . . ."

"မိုးသော်က ပြောပြီးသားပါ . . . အတာက ရင်ထဲ စိတ်ထားဖြူစင်တယ် အမှန်တွေပြောလွန်းလို့တော့ ရှင်းရတဲ့ ပြဿနာမနည်းဘူးပြောတယ်"





ရယ်ရတယ်။ အမှန်တွေပြောလွန်းလို့တဲ့။

မှန်နေမှန်းသိပါလျက် ဘာလို့ သူတို့တွေ မခံမရပ်နိုင် ဖြစ်ကြရတာလဲ။

"ကိုနှောင်မင်းသန့်ကို မေးစရာရှိတယ်"

"မေးလေ"

"သည်နေ့ တမင် အိမ်မှာထမင်းလာချက်တာမဟုတ်လား"

"ဘာကိုပြောတာလဲ"

"မသိချင်ယောင်မဆောင်ပါနဲ့ ကိုနှောင်မင်းသန့် . . . ရှင်တို့နှစ်ယောက် တမင် အိမ်မှာ ထမင်းဟင်းလာချက်တာပါ သည်နေ့ အခုချိန် တင်မောင်ဦး မင်္ဂလာဆောင်မဟုတ်လား . ."

ဖြေလေ . . . ဖြေပါ။ အမှန်အတိုင်းပေါ့။ သူက အတာ့ကို စိုက်ကြည့်နေတယ်။ ပြီးမှ ဟုတ်တယ်တဲ့။ ရှင်တို့ဘာလို့ မင်္ဂလာဆောင် မသွားသလဲဆိုတော့ ဘာမှ မဖြစ်ပါဘူးတဲ့လေ။

"ဘာမှမဖြစ်ဘူးလို့မပြောပါနဲ့ . . . တင်မောင်ဦး မင်္ဂလာဆောင်မှာ အတာ နှောင့်ယှက်မှာ ရှင်တို့လန့်ပြီး လာစောင့်ကြည့်တာ မဟုတ်လား . . . ဘဲင်နိုင်းတစ်ကောင် ဝယ်လာပြီး ဟန်ဆောင်ကြတာလေ . . ."

အတာရယ်နေတာကို သူကြည့်နေတယ်။

ဒါပေမယ့် ရှင်တို့ကို ကျေးဇူးတင်ပါတယ်။

ညီညွှတ်တစ်ယောက် ငန်းသားဟင်းချက်နေရတော့ တင်မောင်ဦးကို ခဏလောက်တော့ သတိရချိန်မရှိဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



" မေတ္တာခင် သိရက်နဲ့ "

" သိတယ် "

" ဒါဆိုဘာလို့မသွားလဲ "

" မသွားချင်တော့ဘူး"

" အဲသည့်စကားကြားရတာ အရမ်းဝမ်းသာပါတယ် "

အတာ ဘာလို့ ခင်မောင်ဦးရဲ့ မင်္ဂလာဆောင် မသွားချင်တော့တာလဲ၊ ရှင်တို့သိချင်ပါသလား။

⌑ ⌑ ⌑ ⌑ ⌑

မေတ္တာခင်ရယ်နေတယ်။

သွားလေးတွေက သေးသေးဖြူဖြူလေးတွေနဲ့ မျက်နှာလေးက ပိုနုသွားသလိုပါပဲ။ ချစ်စရာကောင်းပါလား။ သည်ကောင်မလေးကို သူ့နာမည်အတိုင်း မေတ္တာတွေ ပြည့်နေစေချင်ပါတယ်။ ပြီးတော့ လူလည်မလေးပဲ၊ တင်မောင်ဦး မင်္ဂလာဆောင်ကို သွားမှာစိုးလို့ လာနေတာကို သိသတဲ့။

" ဟိုးအရင်ကတော့ တင်မောင်ဦးမင်္ဂလာဆောင်တဲ့နေ့ဟာ ပွဲကြီးပွဲကောင်းပဲလို့တွေးပါတယ် . . . မင်္ဂလာပွဲပျက်အောင်ထိ လုပ်ဖို့ ရည်ရွယ်တာ . . . ဒါပေမယ့် အဲသည့်နေ့ထိ အတာမစောင့်နိုင်ခဲ့ပါဘူး. . . "





" ဒါဆို "

" ဟုတ်တယ် . . . တင်မောင်ဦး အမေကို အတာသွားတွေ့လိုက်တယ် "

" ဗျာ "

အံ့ဩဖွယ်ရာပါလား။

ခက်တဲ့ကောင်မလေး။

အန်တီဝေ့ကို သူမသွားတွေ့တယ်ဆိုပါလား။ စိတ်ပျက်စရာလည်းကောင်းသလို သူမလုပ်ချင်ရာလုပ်ရဲတဲ့စိတ်ကနှစ်သက်စရာလည်း ကောင်းသလိုပါပဲ။

" အန်တီဝေ့မှာ တကယ်နှလုံးရောဂါရှိတယ် မေတ္တာခင်ကျောင်းတုန်းက အန်တီဝေ ဆေးရုံတက်ရတိုင်း ကိုယ်တို့သူငယ်ချင်းတွေ စောင့်ကြရတာပါ . . . "

" တင်မောင်ဦး အမေက တော်ပါတယ် . . . အတာပြောသမျှကို ကောင်းကောင်း နားထောင်ရှာပါတယ် . . . "

" အန်တီဝေက စိတ်သဘောမဆိုးပါဘူး "

" ဆိုးတာက သူ့သားမဟုတ်လား . . . "

မေတ္တာခင်ကတော့ တင်မောင်ဦးကို အပြစ်မြင်ပုံရပါတယ်။ တင်မောင်ဦးကလည်း ညီညက်ကိုမချစ်လို့တော့ မဟုတ်ပါဘူး၊ သူ့အမေ ရောဂါကြောင့် စိတ်ထိခိုက်သွားမှာစိုးရိမ်လို့ မပြောရဲရင်းကနေ ပြောလို့မရတော့တဲ့အနေအထားထိ ရောက်သွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



" အန်တီဝေတာ ဘာပြောလဲ "

" သူမသိလို့ပါတဲ့ သူသွားကလည်း သူစိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်သွားမှာစိုးရိမ်လို့ ထင်ပါရဲ့ ချစ်သူရှိတယ် တစ်ခွန်းမှ မဟခဲ့ပါဘူးတဲ့ . . . ပြီးတော့ အခုချိန်ကျမှဆို နောက်ဆုတ်လို့လည်း မရတော့ဘူးဖြစ်နေပြီ။ ညီညက်ကို တောင်းပန်ပေးပါလို့ ပြောတယ် . . . တင်မောင်ဦးနဲ့ဝေးရပြီဆိုတဲ့ အချိန်မှာတော့ ညီညက်လည်း တအားငိုတော့ အတာစိတ်ညစ်လို့ပါ။ အခု ညီညက်ကြည့်ရတာ တတ်နိုင်သရွေ့ ဖြေလိုက်ပြီထင်ပါရဲ့ သိပ်မငိုတော့ဘူးလေ . . . အန်တီဝေနဲ့တွေ့ပြီးတော့ အတာ စိတ်လျှော့လိုက်တယ် . . . အမိကက တင်မောင်ဦးပဲ သူသာ သတ္တိရှိရှိ ဖွင့်ပြောခဲ့ရင် သည်လိုဘယ်ဖြစ်မလဲ . . . "

" ကိုယ်နဲ့မိုးသော်မှာဖြင့် သည်နေ့ မင်္ဂလာပွဲမှာ အတာစိတ်ဆိုးပြီးလာမှာ စိုးရိမ်လို့ ကိုယ်တို့တောင် မင်္ဂလာပွဲ မသွားကြဘူး "

" သိပ်သွားချင်နေတယ်ပေါ့ . . . "

" သူငယ်ချင်း မင်္ဂလာဆောင်မို့ပါ . . . လူမှုရေးလေ "

" သိပ်သွားချင်ရင် အခုသွား . . . "

" မသွားပါဘူး . . . မေတ္တာခင်နဲ့ ကော်ဖီပူပူ တစ်ခွက်သောက်ရတာ ပိုစိတ်ချမ်းသာပါတယ် . . . "

" အပြောကောင်းတယ် . . . "





" စိတ်ထဲရှိတဲ့အတိုင်း ပြောတာပါ . . . "

မိုးသော်တို့တွေတော့ ဘဲနေ်းဟင်းချက်နေရာကနေ မေတ္တာခင်တစ်ယောက် ဘာတွေသောင်းကျန်းနေမလဲ။ နောင်မင်းသန့်တော့ ပြောမှပြောနိုင်ပါ့မလားလို့ တွေးနေကြမယ် ထင်ပါရဲ့။ သည်မှာဖြင့် အေးအေးဆေးဆေး အခြေအနေတစ်ခု ပါပဲလေ . . . ။

မေတ္တာခင်နှင့်လည်း ခင်မင်သွားတာ ပိုလာသလိုခံစား ရတယ်။

" သည်ရက်ပိုင်း ပူလာသလိုပဲ "

" ဩော် မပူပဲနေမလား သင်္ကြန်ကျဖို့ဘာမှမှ မလို တော့တာ . . . "

" ကိုယ် မြန်မာပြည်ရဲ့ သင်္ကြန်နဲ့ဝေးတာ ငါးခါရှိပြီပေါ့ သည်နှစ်တော့ ကောင်းကောင်းရေပက်ခံထွက်ပစ်မယ် . . . ပြောသာပြောနေရတာပါ . . . မျက်ကပ်မှန်တပ်ရတဲ့ လူဆိုတော့ ရေပက်ခံရတာနဲ့ သဟဇာတမဖြစ်ပါဘူး "

" ကိုနောင်မင်းသန့်က မျက်ကပ်မှန်တပ်ထားတာလား"

" ဟုတ်တယ် . . . "

" အတာကတော့ သင်္ကြန်မှာမပျော်ပါဘူး . . . ရေပက်တာမကြိုက်ဘူး . . . ရေတွေစိုပြီး မနေတတ်ဘူး . . . သင်္ကြန်ကို ဘာကြိုက်သလဲဆိုတော့ နေ့တိုင်း မုန့်လုံးရေပေါ်တို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေရင်အေးတို့ မုန့်လက်ဆောင်းတို့ စတုဒိသာကျွေးတာ အရမ်းပျော်တယ်။ ညိုညက်က မုန့်တွေလည်း လုပ်တတ်တယ် နေ့တိုင်း တစ်နေ့တစ်မျိုး မရိုးရဘူး . . . အဲဒါတော့ ပျော်တယ်"

သင်္ကြန်ရေပက်ခံရမှာ မကြိုက်သော မေတ္တာခင်ပါလား။ မုန့်တွေစားရတာတော့ ကြိုက်သတဲ့။ နောင်မင်းသန့်ကတော့ မြန်မာပြည်မှာ ရှိမယ်ဆို သင်္ကြန်မှာ ရေပက်ခံထွက်ဖို့ အနှစ်သက်ဆုံးပါပဲ။

⌑ ⌑ ⌑ ⌑ ⌑

" ညိုညက်ရယ် . . . တကယ်ဟင်းချက်ကောင်းတယ်ဗျာ . . . မိုးသော်တို့က ညိုညက်ဟင်းချက်တော်တယ် ပြောတုန်းက ကိုယ် ပိုတယ်ထင်ခဲ့တာ . . . "

" မြှောက်မနေနဲ့ . . . စားမှာသာစားပါ ဘဲငန်းတစ်အိုးလုံး ကုန်အောင်စားနိုင်ရင်စား . . . အတာ့သူငယ်ချင်းကို ဟင်းချက်ကောင်းတယ်ဆို နောက်ထပ်မညှဉ်းဆဲနဲ့ . . . "

ထမင်းစုစားကြတယ်။

ညိုညက်ဟင်းချက်ကောင်းတာကို အားလုံးသိကြပေမယ့် ကိုနောင်မင်းသန့်ကတော့ ခုမှသိရတာမဟုတ်လား။

ညိုညက်ချက်တာ သိပ်ကောင်းတယ်ဆိုပြီး တင်မောင်ဦး





အပြောလေးကြောင့် ညိုညက်ဟင်းချက်ခဲ့ရပေါင်းလည်းများပါပြီ။

" နောက်ထပ် ချက်မကျွေးတော့ဘူးလို့ဆိုတာလား "

" ဒါပေါ့ . . . "

" ကိုနောင်မင်းသန့် စားချင်ရင်တော့ သည့်အိမ်မှာ အချိန်မရွေးဝင်စားပါ . . . ဒါပေမယ့် ညိုညက်ပဲ အမြဲ မချက်ဘူး . . . တစ်ခါတလေ အတာချက်တယ် "

" မေတ္တာခင် ချက်တဲ့ဟင်း တစ်ခါလောက် စားကြည့်ချင်တယ် "

" စားလေ . . . အတာချက်တဲ့ဟင်းမှာ နာမည်အကြီးဆုံးက ငြုပ်သီးငပိချက်လေ . . . စားမလား "

" စားပါတယ် ငပိရည်ဖျော်ထမင်းတောင်စားရသေးတာ"

ထမင်းဝိုင်းလေးကတော့ စိုစိုပြေပြေပါပဲ။

ညိုညက် မျက်နှာလေး ကြည်လင်နေတဲ့အတွက်လည်း အတာ စိတ်ချမ်းသာပါတယ်။ တင်မောင်ဦးဆိုရင်တော့ နာမည်တောင် မကြားချင်တော့လောက်အောင်ခံစားရတာပါ။ ကိုနောင်မင်းသန့်က ထမင်းစားကောင်းတယ်သာပြောတာ သိပ်တော့လည်း မစားနိုင်ပါဘူး။

" ထမင်းထည့်ဦးလေ ကိုနောင် "

" ဝပြီ ဂျူးဂျူးရဲ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



" ကိုနောင်ကလည်း ညီညွှတ်လက်ရာ စားကောင်းတယ်သာပြောတာ စားတော့လည်း နည်းနည်းလေး ... "

မြကေနှင့် ကိုနောင်မင်းသန့်တို့က ငယ်ငယ်လေးတည်းက ခင်မင်ကြတာတဲ့။ မြကေကတော့ အစ်ကိုတစ်ယောက်လို ရိုးသားစွာ ခင်တာလို့ပြောပါတယ်။ အချစ်ဆိုတာ သစ္စာနှင့်မှ ဒွန်တွဲမနေဘူးဆိုရင် ... အလကားပဲ ။

ချစ်မနေကြနဲ့။ မြကေတိုလည်း ပြောထားရမည်။ ကိုနောင်မင်းသန့်နှင့် ငယ်သံယောဇဉ် ရှိချင်ရှိပါ။

ချစ်ကြတော့မည်ဆိုရင်တော့ သေတပန်သက်တဆုံး ချစ်နိုင်မလားဆိုတာ အရင်မေးလို့ပြောထားမယ် ...။ သစ္စာမတည်တဲ့ လူတစ်ယောက် နောက်ထပ်မတွေ့ချင်ပါ။

" ကိုနောင် သင်္ဘောပြန်မတက်သေးပါဘူးနော် "

" မပြန်သေးပါဘူး ... "

" ဒါဆို မြကေတို့ ဘုရားဖူးထွက်ရင် လိုက်ခဲ့ပါလား "

" ဘယ်တွေလဲ "

" တောင်ကြီး အင်းလေး ပင်းတယ ဘက်ပေါ့ ... "

" ငါရော မလိုက်ရဘူးလား ... "

" အံမယ် သူကသိသိကြီးနဲ့ သူရှေ့ဆုံးကလိုက်ပြီးပြီ မဟုတ်လား "

" ဆရာဦးတင်အောင်ပွင့်တို့ စီစဉ်မှာ... "





" ဖေယျဆီတောင် သွားမလို့ ... "

" ကိုဖေယျလည်း အရင်လောက် ရန်ကုန်မလာဘူးနော် ကလောမှာ ကိုဖေယျရှိတာပဲ သူ့အိမ်မှာတည်းရင် ရမလား "

" ရတာပေါ့ "

" မဖြစ်ပါဘူး အားနာစရာကောင်းပါတယ် ညီညွှတ်တို့က လူနှစ်ဆယ်လောက် ရှိမှာ "

" ဖေယျတို့အိမ်က အကျယ်ကြီးပါ ... တည်းလို့ ရပါတယ် "

" ဒါဆို ကိုမိုးသော်နဲ့အတူ ကိုနောင် လိုက်မယ်လို့ အတည်ယူလိုက်ရမှာလား "

" အတည်ပေါ့ ... "

ကိုမိုးသော်ကတော့ အလုပ်ထဲလည်း အတူပဲဆိုတော့ ကျန်တဲ့လူတွေနှင့်လည်း ခင်မင်နေတာ။ ကိုနောင်မင်းသန့်ကိုတော့ မြကေက ခေါ်ချင်တာ ထင်ပါရဲ့လေ။ သံယောဇဉ် ရှိလာရင် စိတ်မှာလွတ်လပ်ခြင်း ကင်းလာသလား။ ထာဝရ အတူယှဉ်တွဲ နေချင်ကြရောလား ...။ မြကေနှင့် ကိုနောင်မင်းသန့်တို့မှာ အင်းလေ ... ငယ်တည်းက သံယောဇဉ် ရှိကြမှာပါ။

" လူတွေများမှာလား "

" မများပါဘူး ... လူနှစ်ဆယ်လောက်ပါ ... "

" ဘယ်သူတွေပါသေးလဲ အတာ ... ငါသိတာတော့ လေးယုတို့ မိုးမိုးအေးတို့ရောဆို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကျော်တို့ ဦးကျော်သန်းတို့ မိသားစု ဆရာဦးတင်အောင်လွင်တို့ မိသားစု . . . မမအေးတို့ မမထွေးတို့ . . . မော်မော်တို့အမေတို့ . . ."

"ပျော်စရာပါပဲလား . . . ကိုယ် သည်တစ်ခါ မြန်မာပြည်ပြန်လာရတာ ပျော်စရာကောင်းသွားပြီ . . . မိတ်ဆွေအပေါင်း အသင်းတွေလည်း အများကြီးရတယ် . . ."

"ရှင် ကျွန်မတို့ကိုခင်ရင်တော့ . . . တင်မောင်ဦးနဲ့ ပြတ်တော့မှာပဲ . . ."

"ဟဲ့ အတာရယ် . . ."

အတာကတော့ အတည်ပြောတာ။

တင်မောင်ဦးဆိုတာ အတာ့အသိ အတာ့မိတ်ဆွေမှာ မရှိတော့ပါဘူး . . . အဲလိုလူမျိုးနှင့် ခင်ခဲ့မိတာတောင် စိတ်ပျက်မိတယ် . . .။

"အတာကလေ . . . ကလေးလေးလိုပဲ . . ခွင့်လွှတ်လိုက်ပါအတာ . . ခွင့်လွှတ်လို့ရသွားရင် ရင်ထဲကတင်းထွက်သွားရော အတာရဲ့ . . . ခွင့်လွှတ်လို့ မရသရွေ့ အတာ ဒေါသနဲ့ လုံးပမ်းနေရမယ် "

"ဒါဆို ညီညက်က ခွင့်လွှတ်လိုက်ပြီလား . . ."

"ဟုတ်တယ် . . . ခွင့်လွှတ်လိုက်ပါပြီ . . . လူမတန်တာလွှဲချတယ်ဆိုဆို ဖူးစာကိုပဲ လွှဲလိုက်ပါတယ် . . . ဖူးစာမပါလို့ပေါ့ . . ."





ဘာဖူးစာလဲ ဘာဖူးစာလဲ ဖူးစာဆိုတာလူတွေက စီစဉ်တာပါ။ အတာကတော့ တင်မောင်ဦးကိုမုန်းတာပဲ အခုလည်းမုန်း နောက်လည်းမုန်းပါပဲ။

⌘ ⌘ ⌘ ⌘ ⌘

"ဟုတ်လား . . . အတာက မာမိနဲ့ တွေ့သေးတယ်တဲ့လား မာမိကတော့ ငါ့ကို တစ်ခွန်းမှမပြောပါဘူး . . . အတာက စိတ်အလိုလိုက်လွန်းတာပဲ . . . အတာ့ကို ငါခင်ခဲ့ပါတယ် ရိုးသားပွင့်လင်းတာလည်း သိပါတယ် ဒါပေမယ့် သူမှန်လွန်းတာက လန့်စရာ ကောင်းတယ် . . ."

တင်မောင်ဦး ညှော်ခံတဲ့ ညစာစားပွဲကျမှ ပြောရတာ။ ကျန်တဲ့ သူငယ်ချင်းတွေ ပြန်သွားတော့မှ သူတို့သုံးယောက်ပဲ ကျန်ခဲ့တာပါ။ မိုးသော်ကတော့ တင်မောင်ဦးကို မင်းမပြန်နဲ့ ငါတို့နဲ့ တစ်ညလုံးသောက်ရမယ်လို့ ဆွဲထားတယ်။

"မေတ္တာခင်ကို မင်းလန့်ရမှာပေါ့ မင်းကအမှားလုပ်တာကိုး . . . သူက အမှန်သမားလေ မှားတဲ့လူနဲ့ ဘယ်လိုအဆင်ပြေမှာတဲ့လဲ "

"နောင်မင်း . . . မင်းတော့ တကယ် အတာ့ကို စွဲနေပြီထင်တယ် အတာ့ဘက်ပါနေပါလား "

"အမှန်ဘက်ကငါပြောတာပါ . . . မင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ညီညြတ်ကို သစ္စာရှိရှိချစ်မယ် အန်တီဝေ့ကို သတ္တိရှိရှိ ဖွင့်ပြောမယ်ဆို မင်းနဲ့အတာ ဘာပြဿနာရှိမှာလဲ . . . မေတ္တာခင်နဲ့ဆို မှန်နေရင် ဘာမှ ရှုပ်သွားစရာမရှိဘူး. . ."

" မင်းပဲ အတာနဲ့ မှန်နေပါစေ . . ."

" မှန်ရမှာပေါ့ နှလုံးသားက ချစ်တဲ့ စစ်မှန်တဲ့ အချစ်လည်း ရှိမယ်ဆို သူ့အပေါ် ငါ အမှန်ကန်ဆုံး ချစ်နိုင်ဖို့ပဲ လိုတယ် . . ."

" ချစ်နိုင်ပါစေဗျာ ချစ်နိုင်ပါစေ . . ."

တင်မောင်ဦးတစ်ယောက် မူးလည်းမူးရော ညီညြတ်ရေ ညီညြတ်ဆို ခေါ်နေပြန်ပါရော။ သည်ပုံစံနှင့် ဥမ္မာအိရှေ့ သွားလို့ကတော့ကွာ . . . ။ နောင်မင်းသန့်ကတော့ အရက် သောက်တာနဲ့ နောက်နေ့ဆို ဗိုက်အောင့်ရတာနဲ့ သွေးမတည့်လို့ အဖုအပိန့်တွေထွက်လိုထွက်နဲ့ အခါခါဖြစ်လာတော့ မသောက် ဖြစ်တော့ပါဘူး။ မိုးသော်ကလည်း. . . အရက် မသောက်တတ် လို့ တင်မောင်ဦး တစ်ယောက်တည်း မူးလို့ ကောင်းနေတာပေါ့။

" မိုးသော် . . . တင်မောင်ဦးကို ငါတို့ခေါ်ထားမယ်ဆို အန်ဆီဝေ့ဆီ ဖုန်းဆက်မှထင်တယ် ဥမ္မာအိလည်း စိတ်ပူနေ မှာပေါ့ "

" ခေါ်မထားလို့ရမလား သည်ပုံနဲ့ပြန်လွှတ်လို့ကတော့





ဥမ္မာအိကို ညီညြတ်ရေဆိုမှ . . . ဟိုက ပါးပဲရိုက်မလား ချက်ချင်းပဲ ကွာသွားမလား . . ."

တင်မောင်ဦးကို ချော့ပြီး သိပ်ထားလိုက်ရတယ် . . . ။

" ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ တင်မောင်ဦး အတွက်တော့ ဥမ္မာအိနဲ့ သက်ဆိုင်သွားပြီ . . . ငါကတော့ ငါချစ်သူကိုပဲ လက်ထပ်မယ် . . . မေတ္တာခင်ကို ငါချစ်တယ် ဆိုတာ မင်းရော ယုံကြည်လား. . ."

တင်မောင်ဦးအိပ်နေမှ နှစ်ယောက်သား ဝရံတာမှာ စကားပြောနေမိကြတာပါ။ အန်တီဝေကတော့ သူ့သားသိပ်မူး နေရင်လည်း မောင်မိုးသော်တို့ပဲ ခေါ်ထားလိုက်ပါ . . . ပြန်မလွှတ်ပါနဲ့ လမ်းမှာ တစ်ခုခုဖြစ်မှာ စိုးလို့တဲ့လေ။ ဥမ္မာအိ တတော့ အန်တီဝေနဲ့ပဲ နေတာမို့ နားလည်သွားမှာပါ . . . ။

" အတာ့ကို မင်းချစ်တာသေချာရင် ပြီးတာပါပဲ မင်းရဲ့ အချစ်က သစ္စာရှိရှိ သေတပန်သက်တဆုံးလို့ ငါယုံကြည်တာ ပဲလေ . . . ဒါပေမယ့် အတာ့ကိုမင်းချစ်တာလား မြကေကိုရော မချစ်ဘူးလား. . . ဘယ်သူ့ကို ချစ်တယ်ဆိုတာရော သေချာ သိရဲ့လား . . ."

" ဟာ ဘာလို့သိရမှာလဲ ဂျူဂျူက ငယ်တည်းက ခင်တာပါ အခုတွေ့တော့လည်း ခင်ပါတယ် ဒါပေမယ့် မချစ်ပါဘူး . . . မေတ္တာခင်ကိုပဲ ချစ်တာ . . ."

" မင်း နှလုံးသား မင်းသိရင် ပြီးတာပါပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာခင်လေး

နှလုံးသားမှ တငြိမ့်ငြိမ့်တသိမ့်သိမ့်လှုပ်ခတ်နေမှုတွေကို တိုယ်မသိပဲ နေမှာတဲ့လား။ မင်းရဲ့ ဆိုးဆိုးပေပေပုံစံလေး တိုလည်း အပြစ်မမြင်နိုင်အောင် ကြည်နူးနေမိတယ်လေ. . .။

" သူ့ကို ငါချစ်တယ် "

" အတာ့ကိုမင်းချစ်ရင်တော့ သူ့ကိုသည်းခံသင့် သည်းခံရလိမ့်မယ် . . . သူက သိပ်ဟန်မဆောင်ဘူး . . . မင်း အစ်ကိုကရော သဘောကျပါ့မလား "

" ကိုကြီးက ငါ့အိမ်ထောင်ရေး ဝင်မပါပါဘူး. . . "

" မင်းသာ သူချစ်သူဖြစ်ပြီးမှ လက်မထပ်ဘူးဆိုရင် အတာက မလွှယ်ဘူး . . . "

" ဘာကိစ္စလက်မထပ်ရမှာလဲ အခုလက်ထပ်ဆိုတောင် လက်ထပ်မယ် "

" မင်း နစ်နာနေပါမယ် နောင်မင်းရာ "

ဟုတ်တယ် မေတ္တာခင်လေးရယ်

မင်းက အခုလက်ထပ်ပါဆိုရင်တောင် အခု လက်ထပ်ချင်ပါတယ် မင်းကို အချိန်တိုင်းလို သတိရနေမိတယ်။

" နေ့ခင်းက သူနဲ့အတူ ထမင်းစားရတာပျော်တယ် . . . မမေ့နိုင်သလိုပါပဲ "

" အတာ့ကိုချစ်ရင်တော့ မြကေကို မင်း သိပ်ရင်းနှီးလို့ မရနိုင်ဘူး ထမင်းပွဲမှာ မင်းနဲ့မြကေ ဟင်းအပြန်အလှန်ထည့်ပေး





ကြတာ အတာကြည့်နေတယ် "

" ငါလည်းတွေ့ပါတယ် ဂျူးဂျူးကိုတော့ ညီမလေးလိုမို့ပါ သူ့ပန်းကန်ထဲလည်း ဟင်းထည့်ပေးချင်တာပါ ဘာဆိုင်လို့လဲ ဆိုပြီး ပြောလိုက်ရင် ညိုညက်တို့ရှေ့မှာ ငါရှက်မိမလားလို့ ငြိမ်နေရတာ . . . "

" အတာနဲ့ဆိုရင်တော့ မင်းဘာကိုမှ ကြိုတွက်မရဘူး သူက သူ့စိတ်ရှိအတိုင်း သူနေတာ ဘေးက လူတွေအပေါ် ဘာမှ ထည့်မတွက်ဘူး . . . "

" ချစ်မိပြီကိုး . . . မလွှယ်တဲ့ကောင်မလေးပဲချစ်ရ တော့မယ် . . . "

ကောင်းကင်ပြင်မှာ လရောင်က ဖိုဖိုပြင်ပြင်ရှိနေ ပါလား။ ဒါပေမယ့် မာကျူရီမီးတွေရှိနေတော့ လရောင်ရဲ့ အလှကို ခံစားလို့ မရပါလား.။

" ခုနေ မီးပျက်သွားရင်ကောင်းမယ် "

" ဩော် မီးလာပြန်တော့လည်း မီးပျက်စေချင်ပြန်ရော လူ့အလို နတ်မလိုက်နိုင်ဆိုတာ ဒါမျိုးပါလား . . . "

" မီးပျက်မှ လရောင်ကို ခံစားလို့ရမှာ "

" မီးပိတ်လိုက်လေ . . . "

အိမ်ပေါ်ထပ်မီးတွေ လိုက်ပိတ်လိုက်တော့ လရောင်က အတန်ငယ်ထိုးဖောက်ဝင်လာသား . . .။ ဝရန်တာ၌



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးလေးနဲ့ အိပ်နေရတာ ကောင်းလိုက်တာ ။ အထဲမှာဆို အဲကွန်းမဖွင့်ရင် အိပ်လို့မရတော့ဘူး။ ရာသီဥတုက တော်တော်ပူလာပြီ။

" ခုချိန် တောင်ကြီးမှာ အေးနေဦးမလား "

" အေးမှာပေါ့ . . . ဖေယျဆီ ဖုန်းထပ်ခေါ်သေးလား"

" ခေါ်တယ် မြို့ထဲရောက်နေတယ်လို့ မမစန်း ပြောတာပဲ . . . ခုချိန် လိမ္မော်သီးလည်း မရှိပဲနဲ့ "

" အသီးမရှိလည်း အပင်တွေရှိတာ သူသွားနေမှာပေါ့ . . . ဖေယျလည်း သစ်ပင်တွေထဲမှာပဲ နေနေတော့တာ ချစ်သူ မရှိသေးဘူးလား . . . "

" ငါက တစ်ခါတုန်းက အတော့ကို ချစ်ပါလားလို့ ဖေယျကို ပြောဖူးတယ် အတာနဲ့ဖေယျက တော်တော်ခင်တယ် . . . ဖေယျကတော့ အတော့ကို ခင်တာပါ မချစ်ဘူးလို့ ပြောတာပဲ မြကေကိုတော့ စိတ်ဝင်စားသလား မသိဘူး မြကေမွေးနေ့ဆို လက်ဆောင်ပို့ပေးတာ တွေ့ရတယ် . . . "

" ဖေယျနဲ့ ဂျူဂျူလည်း လိုက်ပါတယ် "

" အချစ်ဆိုတာ ဖန်တီးယူလို့ ရတာမှမဟုတ်တာပဲ . . . မေတ္တာခင်ကို မင်းချစ်ခဲ့တာရော အတင်းဖန်တီးယူခဲ့တာလား အချစ်ဆိုတာ သူ့ဘာသာ ရင်ထဲဝင်လာတာ ကောင်းပါတယ် . . . "





" တင်မောင်ဦးတော့ ဘယ်တော့မှ နိုးလာမလဲမသိဘူး . . . သူလည်း ရတဲ့အခြေအနေမှာ အဆင်ပြေအောင် နေရတော့မှာပါပဲ . . . "

ညည်နက်လာပြီမို့ အပူဓာတ်လည်း အများကြီး သက်သာသွားခဲ့ပြီ။ အိပ်ကြစို့လို့ မိုးသော်က ပြောတယ်။ လရောင်နှင့် လှပသော ညကလေးကိုခွဲခွာရမှာ နှမြောသားလား။ အခန်းဆီ ပြန်လာခဲ့တယ်။

မေတ္တာခင်လေး -

မင်းရော အိပ်နေပြီလား

အိပ်နေတဲ့ အချိန်လေးမှာတော့

ဒေါသ၊ သောက အားလုံးကင်းကွာနေမှာပေါ့နော် ဒါမှမဟုတ်

အိမ်မက်ထဲမှာများ တစ်ယောက်ယောက်နဲ့ ရန်ဖြစ် နေလေမလား။

မပြောနိုင်ဘူး။

အဲသည့်ကောင်မလေးရဲ့ ဒေါသစိတ်တွေက မြင်းသားလား အိမ်မက်ထဲမှာပင် ရန်ဖြစ်ချင်ဖြစ်နေဦးမှာပါလေ။

⌑ ⌑ ⌑ ⌑ ⌑



www.burmeseclassic.com

www.burmeseclassic.com



"မြကေသိတယ် မဟုတ်လား"

"အင်း . . . သိတယ် . . ."

"အတာလည်းသိပါတယ် . . . ဒါပေမယ့် အတာ့စိတ်မှာ ဖြစ်ချင်တာကို လုပ်ခဲ့ပြီးပြီပဲ . . . ဘာလို့လဲဆိုတော့"

တင်မောင်ဦး အိမ်ကို ရောက်ခဲ့သည့်အကြောင်း အခုမှ မြကေကို ပြောပြမိတယ်။ အမိက တင်မောင်ဦးကြောင့်ပဲလို့ စိတ်မှာ အတေးအမှတ်ကတော့ ရှိနေဆဲပါ။

"ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ် သည်အဖြစ်အပျက်ဟာ ပြင်မရတော့ပါဘူး . . . ဒါကြောင့် မေ့လိုက်ပါတော့အတာ . . . အတာ ဒေါသတွေနဲ့ စိတ်မောနေလည်း အလကားပဲ ဘာမှဖြစ်မလာနိုင်တော့ဘူးလေ . . ."

"တင်မောင်ဦးကိုတော့ လုံးဝခွင့်မလွှတ်ဘူးကွာ . . ."

မြကေတို့ ဘယ်လိုပြောပြော တင်မောင်ဦးကို စကားပြောဖို့ နေနေသာသာ မျက်နှာတောင် မကြည့်ချင်လောက်အောင် ပါပဲ . . . တွေ့လို့တာတော့ . . .။

"အတာရယ် . . . သူငယ်ချင်းတွေကို ချစ်တာတော့ ချစ်တာပေါ့ လိုက်မောပေးနေရင် အတာ့ပုံစံနဲ့ သိပ်မကြာဘူး နှလုံးရောဂါ သွေးတိုးရောဂါတွေ ဝင်လာနိုင်တယ် စိတ်လျှော့မှပေါ့ . . ."

"ညိုညက်ကိုတွေ့ရင်ကို တင်မောင်ဦးကိုမြင်မြင်





လာတာဆိုးတယ် . . . ဒါကြောင့် အတာ ချစ်သူမတွေ့ချင်ဘူး မြကေရာ . . . အတာ သိပ်ချစ်တတ်တယ် သိပ်မုန်းအောင် လုပ်ရင်တော့ . . . မကောင်းပါဘူး . . . အချစ်က အတာ့ဆီ ရောက်မလာပါစေနဲ့"

မြကေက ရယ်နေတယ်။

အတာကလေ တကယ်ကလေးလေးလိုပါပဲ။ ရမလား။ အချစ်ဆိုတာ သူ့အချိန်ကျရင် အလိုလိုရောက်လာမှာပဲ မဟုတ်လား။ အတာ့အတွက် သစ္စာရှိတဲ့ ချစ်သူရဖို့ပဲ လိုတာပါ။

"မြကေ . . . ကိုနောင်မင်းသန့်ကို . . . သေချာ လေ့လာဦးနော် ငယ်ငယ်ကခင်ခဲ့တယ်ဆိုပေမယ့် မတွေ့ခဲ့တဲ့ နှစ်တွေ ကြာခဲ့ပြီ မဟုတ်လား သူဟာ သစ္စာရှိမယ့် ယောကျ်ားလား မြကေကိုတကယ်ချစ်ရဲ့လားဆိုတာ အချိန်ယူလေ့လာနော်"

"အတာရယ် . . . ဘာတွေစိုးရိမ်နေပြန်တာလဲ ကိုနောင်နဲ့ မြကေက ငယ်တည်းက ခင်ကြတာပါ ခုထိလည်း ခင်တာပါ . . ."

"နောက် မပြောနိုင်ဘူးလေ"

အတာပြောတော့ မြကေပြုံးနေပါတယ်၊ သူတို့ မချစ်ဘူး မပြောနိုင်။ ထမင်းအတူစားတုန်းက ဟင်းတွေ အပြန်အလှန် ထည့်ပေးပြီး ဂရုတစိုက်ရှိကြတယ်။ သံယောဇဉ်မရှိပဲ နေမှာလား။ အဲသည့်သံယောဇဉ်ဆီကနေ အချစ်ဆီ မကူးပြောင်းဘူး မပြောနိုင်။



www.burmeseclassic.com

www.burmeseclassic.com



" အတာကတော့ ကိုမိုးသော် သူငယ်ချင်းတွေဆို တစ်ယောက်မှ အကောင်းမမြင်တော့ဘူး . . . "

" သည်လို တစ်ဘက်စွန်း မတွေးရဘူးလေ အတာ . . . မကောင်းတဲ့လူတစ်ယောက်မြင်ရုံနဲ့ ကျန်တာ မကောင်းဘူး ပြောလို့ ဘယ်ရမလဲ. . . ဒါဆို ကိုဇေယျကြီးကို အတာ ခင်တယ်လေ . . . ကိုဇေယျကြီး မကောင်းဘူးလား "

" ဘယ်ပြောနိုင်မလဲ မိတ်ဆွေအဖြစ် ကောင်းချင် ကောင်းမှာပေါ့ ချစ်သူဆို ကောင်းချင်မှကောင်းမယ် . . . မြကေကို ကိုဇေယျကြီး ချစ်နေတာလားမသိဘူးနော် ပို့စကဒ် လေးတွေ မရောက်ပြန်ဘူးလား "

" အတာကလည်းလေ မြကေကိုပဲ ကိုနောင်က ချစ်လိုက် ကိုဇေယျက ချစ်လိုက်နဲ့ . . . အတော့အတွေးချည်းပဲ ဟိုနှစ်ယောက်ကဖြင့် သူတို့စိတ်မှာ ဘာတွေ ရှိမယ်မသိ "

ကိုဇေယျဆီမှ မြကေဆီရောက်လာတတ်သော လက်ဆောင်လေးတွေ အမှတ်တရကဒ်ကလေးတွေကို သတိရမိ ပြန်တယ်။ မြကေခိုင်ဆိုတာ လုပနူးညံ့သိမ်မွေ့ပြီး မိန်းမဆန်သော မိန်းကလေးပဲ။

ကိုဇေယျတို့ ကိုနောင်မင်းသန့်တို့ ချစ်နိုင်တာပေါ့။

အတာကတော့ အတော့ကိုချစ်တဲ့လူ မရှိတာပဲ ဝမ်းသာ ရမလိုပါ။ အချစ်ကြောင့်တော့ ညှိုညက်လို မျက်ရည်ကျလိမ့်မည် မထင်ပါဘူး။ အတာသာဆိုရင်တော့ တင်မောင်ဦးကို သတ်မိ





မလား . . .။ မပြောတတ်ပါဘူးလေ။ အတာကိုယ်တိုင် ချစ်သူက သစ္စာမဲ့တဲ့အဖြစ်ကို ကြုံရရင် ဘယ်လိုခံစားရလေမည် လဲ မသိ။

" တကယ်လို့ ကိုနောင်တ . . . ဂျူဂျူကိုမချစ်ပါဘူး . . . ညီမလေးလိုခင်တာပါ . . . မေတ္တာခင်ကလေးကိုမှ ချစ်တယ် ဆိုရင်တော့ . . . "

"မဟုတ်တာ မြကေရယ် "

" သူ့ကျတော့ ဘာမဟုတ်တာလဲ. . . ကိုနောင်က မြကေတို့ခေါ်သလို အတာလို့မခေါ်ပါပဲ မေတ္တာခင်လို့ ခေါ်တယ် ဒါဟာ ထူးခြားမှုပါပဲ . . . "

" မြကေ . . . အတော့ဘက်မလှည့်နဲ့ "

မဟုတ်တာတွေ လာပြောနေတယ်။
မေတ္တာခင်ကိုဖြင့် ချစ်ပါလိမ့်မယ်ဝေး။
မဟုတ်နိုင်ပါဘူး။

⌑ ⌑ ⌑ ⌑ ⌑

" ငါလိုက်လို့တော့ ဖြစ်ပါတယ်နော် "

" ဘာမဖြစ်ရမှာလဲ သွားမှာက ငါတို့အလုပ်ထဲက မိသားစုတွေ . . . မြကေတောင်မှ ညှိုညက်နဲ့ အတာကြောင့် လိုက်မှာ မင်းက ငါ့ကြောင့်လိုက်တာ ဘာဖြစ်လဲ လိုက်ခဲ့ပါ . .



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအရင်က တင်မောင်ဦးပါတယ် . . . အခု တင်မောင်ဦး ပါလို့ကတော့ အတော့ ထိန်းရမှာမဟုတ်ဘူး . . . ”

သကြိန်မတိုင်မီ တောင်ကြီးခရီးစဉ်ကိုလိုက်ခဲ့ပါလို့ မြကေခေါ်တော့ လိုက်မယ်ပြောခဲ့ပြီးမှ တခြားလူတွေနှင့် စိမ်းနေလို့ မေးရတာပါ။

“ မေတ္တာခင်ပါတဲ့အတွက် လိုက်ချင်ပါတယ် ”

“ မင်း အဲသည့်ကောင်မလေးကိုချစ်ရင် အတော် သည်းခံရမှာ ”

“ ချစ်မိပြီပဲ သည်းခံရတော့မှာပေါ့ ”

“ ငါကတော့ မင်းနဲ့မြတေ ပိုလိုက်သလားလို့ ”

“ ဂျူးဂျူးကို ညီမလေးလိုပဲချစ်တယ်။ မေတ္တာ ခင်လေးကိုပဲချစ်တယ် . . . သူနဲ့ချစ်သူတွေဖြစ်လာရင် သူ့ကိုငါ ခင်လေးလို့ ခေါ်မယ် ”

“ နောင်မင်း နောင်မင်း အချစ်ကိုတွေ့လို့ မင်းအရမ်း ပြောင်းလဲနေပါရော. . . ခင်လေးတဲ့လား အတာဆိုတဲ့ ကောင်မလေးက မင်းရဲ့ ခင်လေးဆိုတဲ့ အခေါ်အဝေါ် အပေါ် မှာ ကြည်နူးပဲ ကြည်နူးမလား ဖော်ပဲရယ်မလား . . . ကြည့်ရဦး မှာပေါ့ကွာ ”

“ ဟုတ်တယ် သူကတော့ ဘယ်လိုခံစားမယ်မသိပါဘူး” ခင်လေးရယ်

မင်းဟာ ကိုယ့်ချစ်ခြင်းမှာ ကြည်နူးချမ်းမြေ့ခြင်းတွေ





ရစေချင်ပေမယ့် ခံစားမှုဆိုတာ ပြောနိုင်တာလိုက်လို့။ မင်းက အချစ်ကိုရော နားလည်ခံစားမှာလား။

“ အတာက စိတ်သဘောလေးတော့ ဖြူပါတယ်။ ဒါပေမယ့် ခင်မင်နေသမျှ အချိန်အတွင်း အတာ့ဆီမှာ အချစ် ဆိုတဲ့အကြောင်း တစ်ခါမှ မကြားရဖူးဘူး . . . လက်မြန်ခြေမြန် နဲ့ဆိုတော့ ကောင်လေးတွေကလည်း ခေါင်းပေါက်မှာ ကြောက်ပြီး ရည်းစားစကား ပြောကြပုံမရဘူး ထင်တယ် ”

“ ဒါဆို ငါရော ခေါင်းပေါက်နိုင်လား ”

“ အင်း ပေါက်နိုင်တယ် . . . ”

“ အားရှိစရာပါလား . . . ”

အရိပ်အကဲတော့ အရင်ကြည့်မှာပါ။

သူ့စိတ်မှာ ကိုယ့်အပေါ် ဘယ်သို့ခံစားရသည်ဆိုတာ ခင်မင်မှုအတန်ကြာလာရင် သိနိုင်တာပဲလေ. . .။

မေတ္တာခင်မှာလည်း နှလုံးသားဆိုတာ မရှိပဲ နေမတဲ့လား။ နောင်မင်းသန့်ရဲ့ စစ်မှန်တဲ့အချစ်ကြောင့် တစ်နေ့ မေတ္တာခင်ရဲ့ အချစ် မရဘူးလို့မပြောနိုင်။

ကောင်မလေးကြောင့် ခေါင်းပေါက်သွားတော့လည်း . . . ချစ်ဒါဏ်ရာကလေး တစ်ခုရသွားမှာပေါ့။ နောက်ပြီးတော့မှ ဒနာပြီး ချစ်ချင်လည်းချစ်သွားမှာပေါ့ . . .။ ကိုယ့်ဘာသာ တွေး ကိုယ့်ဘာသာပြုံးရတယ် . . .။

“ နောင်မင်းတော့ သွားပေါက်ချင်ပုံရတယ် . . . ပြုံးနေ



www.burmeseclassic.com

www.burmeseclassic.com



တာများတွာ ”

“ ငါ တကယ်ပါ . . . သူ့ကျမှ ဘာလို့သည်လိုချစ်မိတယ်မသိဘူး . . . ဂျူဂျူကိုဆို တကယ့်ညီမလေးလိုပါပဲ . . . ခင်လေးကိုကျမှ သိပ်ချစ်တယ် . . . ”

မိုးသော်ကတော့ရယ်တယ်။

ခင်လေးဆိုတဲ့အခေါ်အဝေါ်နဲ့ မေတ္တာခင်ကို ယှဉ်တွဲမမြင်ပါဘူး . . . တခြားစီလိုပဲ ခံစားရတယ်တဲ့၊ အတော့ကို အတာလို့ပဲ မြင်သတဲ့။ အကြိုက်ဆုံးပေါ့ . . . ခင်လေးတို့ ကိုယ်တစ်ယောက်တပဲ ချစ်ချင်တာလေ . . . ။ ချစ်သူနှင့် အတူသွားရမယ့် ခရီးစဉ်ကလေးတစ်ခုမှာ အတူတူရှိနေမည့် အချိန်တွေ ကြိုတင်ကြည်နူးရပါပေါ့။

¤ ¤ ¤ ¤ ¤

မိုးပူတိုက်နေရာက ညိုညက် သီချင်းလေးညည်းနေသံကြားရတာ အတာ စိတ်ချမ်းသာလိုက်တာ။ ဘာပဲပြောပြော ညိုညက် နှလုံးသားလမင်းလေးကို ဖုံးအုပ်နေသည့် တိမ်တိုက်ညိုတွေလွင့်ပါးစပြုပြီထင်ပါရဲ့။ အတော့စိတ်မှာတော့ ညိုညက်ကို စိတ်ချမ်းသာစေချင်တာပါပဲ။

“ အတာ . . . ခရီးထွက်ရမှာ ပျော်လားဟင် ”





“ ပျော်တာပေါ့ညိုညက်ရဲ့ ညိုညက်ရော မပျော်ဘူးလား”

“ ပျော်ပါတယ် . . . ညိုညက်က ဘယ်မှလည်း ဝေးဝေးလံလံရောက်ဖူးတာ မဟုတ်ဘူးလေ . . . တောင်ကြီးအင်းလေးဆိုတာလည်း တစ်ခေါက်မှ မရောက်ဖူးလေတော့ သွားချင်တဲ့ စိတ်လည်းရှိပါတယ်အတာက ရောက်ဖူး တယ်နော်”

“အတာရောက်ဖူးတယ်ဆိုတာကလည်း ဟိုးကလေးဘဝကရောက်ဖူးတာပါ။ မျက်ဝန်းမှာ အမှတ်ရနေပေမယ့် သိပ်လည်း မမှတ်မိသလိုလိုပေါ့ . . . မရောက်တာကြာခဲ့ပြီပဲ . . . မြကေကမှ ဟိုးတနှစ် ပင်းတယတိုရောက်လိုက်သေးတယ်”

သည်နေ့ ညိုညက်နဲ့ အတာအလုပ်ပိတ်ရက်ပေမယ့် မြကေကတော့ ဆိုင်မှာ အပ်ထည်တွေ မနိုင်လွန်းလို့ဆို အစောကြီးတည်းက ထွက်သွားပါပြီ။ အိမ်ရှေ့မှ ဘဲလ်သံကြောင့် အတာ ပြေးထွက်လာခဲ့တာ။

“ ဟင် ကိုနောင်မင်းသန့် ”

“ မေတ္တာခင်တို့ရှိသားပဲ”

“ မြကေမရှိဘူး ဆိုင်မှာ. . တွေ့ချင်ရင် ဆိုင်သွား ပိတ်တာ မဟုတ်ဘူး ကိုနောင်မင်းသန့်ရယ် . . . ”

“ ကိုယ် . . . မေတ္တာခင်ဆီ လာတာပါ ”

“ အတာ့ဆီ ”



www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်တယ် . . . ဖေယျက လူကြုံနဲ့ လိမ္မော်သီးတွေ ပို့လိုက်တာ ဖုန်းလည်းဆက်တယ် အတာတို့ဖို့သွားပို့ပေးပါတဲ့"

" ဟုတ်လား ဆောရီးပဲနော် အတာက မြကေဆီ လာလည်တာလားလို့ပါ . . . "

" ကိုယ်လာလည်ချင်ရင် မေတ္တာခင်တို့ သုံးယောက် ဆုံတဲ့နေ့မှာ လာလည်မှာပါ . . . "

ကိုဖေယျပို့လိုက်တဲ့ လိမ္မော်သီးတွေလည်း လာပို့ရသေး။ အတာက မြကေဆီလာတာမှတ်လို့ ပြောမိတာပါ။

ညိုညက်ကတော့ ကိုနောင်မင်းသန့်ထိုင်ဦးနော် ညိုညက် ကော်ဖီဖျော်မယ်ဆို မီးဖိုဘက်ဝင်သွားပြီ။ အတာကညှိ နေရတာပေါ့. . . ။

" မေတ္တာခင်ရဲ့ စိတ်မှာ ကိုယ်က မြကေဆီပဲ လာမယ်ထ တွေးထားတာလား "

" သည်လိုလေ . . . မြကေနဲ့ ကိုနောင်မင်းသန့် ငယ်တည်းက မိတ်ဆွေတွေမို့ပါ . . . အတာတို့နဲ့က ခုမှသိရတာ ခင်မင်မှု ပိုခြင်းပို မြကေနဲ့ပိုလို့ပါ . . . "

" မေတ္တာခင်ရဲ့ စိတ်မှာ ခင်မင်မှုတို့ သံယောဇဉ်တို့ အချိန်၊ အရည်အတွက် ဒါတွေနဲ့ သတ်မှတ်သလား . . . မေတ္တာခင်နဲ့ကိုယ် ခုမှတွေ့တော့ ခင်မင်မှုနည်းတယ် ထင်တာလား "





" မြင်ပါများမှ ခင်တာလေ "

" ဒါက ယေဘုယျသတ်မှတ်တာပါ . . . တစ်ခါတလေ သတ်မှတ်ချက်က သွေဖီတဲ့ ခံစားချက်ဆိုတာတွေလည်း ရှိတတ်တာပဲ မဟုတ်လား . . . မြင်လျှင်မြင်ခြင်းဆိုတဲ့ စကားမျိုးတွေကိုကော မေတ္တာခင် ဘယ်လိုယူဆမလဲ . . . "

စကားကလည်း ပြောတတ်ပါ့။

ဒါပေမယ့် တစ်ခုတော့ တော်ပါတယ်။ အတာ့ကို အရင်လောက် စိတ်ဆိုးအောင် မစတော့တာပါပဲ။ ညိုညက်က ကော်ဖီနဲ့မုန့် ယူလာပေးပါတယ်။

" ကိုနောင်မင်းသန့် ကော်ဖီသောက် မုန့်လည်းစားပါ . . . ကိုမိုးသော်တစ်ယောက်ရော. . . "

" မိုးသော်ကို မမအေးတို့ ခရီးသွားဖို့ ကားကိစ္စရှိတယ်ဆို လာခေါ်သွားတယ် . . . "

" ကားက ခုတည်းက ငှားထားရမှာလား "

" ငှားရမှာပေါ့ ညိုညက်ရဲ့ . . . သင်္ကြန်နားနီးရင် ကားတွေက ငှားပြီးသားတွေဖြစ်တော့မှာပေါ့ . . . ခုလောက်က ကြိုငှားရင် အဆင်ပြေတာပေါ့ . . . "

" ကိုနောင်မင်းသန့်ရော ခရီးမထွက်ချင်ဘူးလား "

" မြန်မာပြည် ခရီးစဉ်တွေနဲ့ ဝေးတာကြာပါပြီ ညိုညက်တို့တွေလည်းပါတော့ သွားချင်ပါတယ် . . . "

" ညိုညက် မီးပူတိုက်နေလို့နော် အတာနဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေဦး . . . ”

ညိုညက်ကတော့ မီးပူတိုက်နေပြီ၊ သူ့ကိုချည့်ခံရတာ စကားပြောစရာလည်း သိပ်မရှိလှပါဘူး။

“ မေတ္တာခင် ချည့်ခံနေရပြီ ”

“ အတာ့ကို အတာလို့ပဲခေါ် လို့ရပါတယ် ကိုနောင်မင်းသန့် ”

“ ဟင့်အင်း အားလုံးခေါ်နေကြတာ ကိုယ်မခေါ်ချင်ပါဘူး . . . မေတ္တာခင်လို့ပဲ ကိုယ်ခဏခေါ်ပါရစေ . . . ”

မေတ္တာခင်လို့ ခဏခေါ်မတဲ့။

ဘာတွေလဲ၊ မေတ္တာခင်လို့ ခဏခေါ်ပြီးရင် ဘယ်လို ပြောင်းခေါ်မှာတဲ့လဲ၊ အားလုံးက အတာလို့ခေါ်ကြ တော့လည်း အားလုံးခေါ်သလိုမခေါ်ချင်ဘူးတဲ့၊ သည်လူ့စိတ်မှာ စိတ်ကူး ယဉ်တာတွေ များသလား၊ ဖြစ်နိုင်တာပေါ့ . . . ။

“ ကိုယ် ပြန်မယ်နော် မေတ္တာခင် . . . ”

“ ဟုတ်ကဲ့ ”

ဝင်းခြံတံခါးထိ လိုက်ပို့ပေးမိပါတယ်။

“ မေတ္တာခင် မှတ်ထားနော် ခင်မင်မှုတို့ သံယောဇဉ် တို့ဆိုတာ အချိန်ကာလနဲ့ မဆိုင်ပါဘူးကွာ . . . ကိုယ်သွားမယ် ”

ဘာလို့ သည်စကားကို နောက်ထပ်တစ်ခါ ပြန်ပြော နေသည်လဲ၊ သူထွက်သွားပေမယ့် အတာ ခြံတံခါးဝ ရပ်နေမိသေး သူ့ကို အတာ့စိတ်မှာ မြဲကြာနေနှင့်သာ အစဉ်လို ယှဉ်တွဲ မြင်မိပါလျက်။





“ ကိုနောင်မင်းသန့် ပြန်သွားပြီလား အတာ ”

“ အင်း ပြန်သွားပြီ . . . ”

“ အတာ . . . ”

“ ဘာလဲ ညိုညက် . . ”

“ ညိုညက်စိတ်မှာ ကိုနောင်မင်းသန့်က မြတေကို တွယ်တာလိမ့်မယ် ထင်ခဲ့တာ ဒါပေမယ့် . . . ”

ညိုညက်သိနေတာလား။

အတာကိုယ်တိုင်ပင် သူ့အပြောအဆိုတွေအရ စိတ်မှာ စနောင့်စနင်းလိုလို သူ့ဘာတွေဖြစ်နေတာလဲ၊ ဘာတွေ ပြောနေတာလဲ ဆိုတဲ့ အတွေးစတွေ ရလာခဲ့သေးတာ။

“ ညိုညက်ရေ . . . လိမ္မော်သီးတွေက နည်းနည်းသေး ပေမယ့် ချိုတယ်ဟာ ”

“ အတာ . . . ဆွမ်းတော်တင်ဖို့ ဖယ်ပြီးမှစား ”

“ ဖယ်ပြီးပြီလေလို့ သည်မှာ ဦးချဖယ်ပြီးမှ နွှင်စား တာပါနော် . . . ”

ချိုမြနေတဲ့ လိမ္မော်သီးတွေမှာ စိတ်နှစ်ထားလိုက် ပါတယ်၊ ဘာတွေမှမသိချင်ပါဘူး၊ အတာ့စိတ်နှင့်ကတော့ ဘယ်လိုသံယောဇဉ်မှ မရှိတာ အကောင်းဆုံးပါပဲ၊

“ ကိုဇေယျရဲ့ ပို့သတဲ့မေတ္တာကြောင့်လိမ္မော်သီးတွေ ချိုတာနေမှာ ”



www.burmeseclassic.com

www.burmeseclassic.com



" မေတ္တာခင်လို့ပဲ ခဏခေါ်ပါရစေတဲ့. . . "

ညိုညက်ရယ် . . . အဲသည့်အကြောင်းတွေ မေ့ထားလို့ မရဘူးလား။

⌑ ⌑ ⌑ ⌑ ⌑

" သူက သူ့ကို အတာလို့ပဲခေါ်ပါတဲ့ . . . "

" အဲသည်တော့ မင်းခေါ်လိုက်ရောလား "

" မခေါ်ပါဘူး . . . အားလုံးခေါ်သလို မခေါ်ချင်ဘူးလို့ ပြောလိုက်တယ် . . . ခဏတော့ မေတ္တာခင်လို့ပဲ ခေါ်နေဦးမယ်လို့ ပြောတာပေါ့ "

" နောင်မင်းသန့် နောင်မင်းသန့် . . . မင်းကို သနားမိတယ် အတာ့ရဲ့ ဒေါသ အတာ့ရဲ့ တစ်ဘက်စွန်း ခံစားမှုတွေကြားမှာ မင်းမလှုပ်နိုင်မရှားနိုင်နဲ့ ဒုက္ခများဦးတော့မယ်. . . "

တင်မောင်ဦးကတော့ အလုပ်ထွက်လိုက်ပြီး မိုးသော်နှင့် နောင်မင်းသန့်ဆီပဲ အမြဲလိုရောက်နေတတ်ပါတယ်။ တင်မောင်ဦး အလုပ်ထွက်လိုက်တာလည်း ညိုညက်အတွက် အများကြီး ကောင်းသွားတာပေါ့လေ။

" ညိုညက်ကို စာနာလို့ ငါအလုပ်ထွက်လိုက်တာပါ . . . ဥမ္မာက မေးတော့ ပြောလိုက်ရတယ် နောင်မင်းကို အားကျလို့လို့ပေါ့ "





" ကောင်းပါတယ် ညိုညက်က အေးဆေးပြီး ခင်မင်စရာကောင်းပါတယ် မင်းကို မပိုင်ဆိုင်နိုင်တဲ့ အခြေအနေမှာ မမြင်ရမတွေ့ရတော့လည်း သူလည်း ခံစားရသက်တာပေါ့ . . . "

တင်မောင်ဦးအလုပ်ထွက်မယ်ဆိုတာ မိုးသော်ကလည်း မတားတော့ပါဘူး။ အကောင်းဆုံးအခြေအနေတစ်ခုပဲ မဟုတ်လား။ ညိုညက်ဘက်ကကြည့်တော့ . . . ချစ်သူရဲ့ သစ္စာဖောက်ယွင်းမှုကိုလည်း ခံရသေးတယ်။ အမြဲလိုမြင်ရရင် သိပ်စိတ်ဆင်းရဲရရှာမှာပါ။ နောင်မင်းသန့်လည်း သည်လိုပဲ တွေးမိတာကိုး . . .။

" ညိုညက်က ဟင်းချက်လည်း ကောင်းတယ် "

" သူတို့ သုံးယောက်လုံး ဟင်းချက်ကောင်းပါတယ် . . "

" ဒါပေမယ့် များသောအားဖြင့်တော့ ညိုညက်ကပဲ ချက်ကျွေးရတာပါ . . . အတာက မီးဖိုဆောင်သိပ်ဝါသနာမပါပါဘူး "

" ကိစ္စမရှိဘူး နောက်ဆို နောင်မင်းသန့် ချက်လိမ့်မယ်"

မိုးသော်ကတော့ ပြောပြီ။

နောင်မင်းသန့်ကတော့ သည်သို့မယူဆပါဘူး . . .။

ခုချိန်မှာ မေတ္တာခင် ဘယ်လိုပဲနေနေ ဘာ့အရေးလဲ

တစ်နေ့ အိမ်ရှင်မဖြစ်လာရင် သူ့ဘာသာဆင်ခြင်ပြီး ပြင်ဆင်လာမယ် ယုံကြည်ပါတယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတွေ ဖြစ်လာကြရင် မေးမှာပေါ့။

" မင်းတကယ်ပဲ အတာ့ကိုချစ်နေတာလား နောင်မင်း သေချာရဲ့လားကွာ . . . "

" သေချာတာပေါ့ တင်မောင်ဦးရဲ့ "

" ငါကတော့ ဖြစ်နိုင်ရင် မင်းနဲ့ မြကေကိုပဲ သဘောတူတယ် . . . "

" အချစ်ဆိုတာ အဲလိုမျိုး သတ်မှတ်ချက်တွေကို လိုက်နာသလား . . . ဒါဆို ဥမ္မာအိနဲ့ မင်းအမေ သဘောတူတာနဲ့ပဲ အချစ်ကိုပြောင်းလို့ရသလား . . . တင်မောင်ဦးရာ . . . မင်း ပြောင်းလဲလိုက်တိုင်း ငါ့ကိုပါ အဖော်စပ်နေတာလား. . . "

" အဲလိုလည်းမဟုတ်ပါဘူး . . . အတာ့ကြောင့် မင်းစိတ်ညစ်ရမှာကို ကိုးရိမ်လို့ ပြောတာပါ . . . "

" ဘာမှ စိတ်ညစ်စရာမရှိပါဘူး . . . သစ္စာမပျက်ယွင်းရင် အတာနဲ့ ပြဿနာလုံးဝမရှိနိုင်ပါဘူး . . . "

" ချစ်သူဘဝကျရင် အတာလို့မခေါ်ဘူးတဲ့လား "

" ဘာလို့ခေါ်ရမှာလဲ မင်းတို့ခေါ်တဲ့နာမည် ငါက ငါ့ချစ်သူကို ငါတစ်ယောက်ပဲ ခေါ်တဲ့နာမည်နဲ့ ခေါ်မှာ . . . "

ဟုတ်တယ် မေတ္တာခင်လေး

မင်းနဲ့နောင်မင်းသန့် ချစ်သူဖြစ်သွားရင် ခင်လေးလို့ ခေါ်ဖို့ရည်ရွယ်တာ သိတယ်နော်။ မင်းကတော့ရယ်မလား





နောင်မင်းသန့် စိတ်ကူးယဉ်လွန်းတယ်လို့ ဆိုမလား . . .။ အချစ်နဲ့တွေမှ နောင်မင်းသန့်လည်း စိတ်ကူးတွေဖြါ နူးညံ့လာတယ်ထင်ပါရဲ့ ။

" မင်းတို့ တောင်ကြီးသွားကြမယ် . . . ငါကတော့ မလိုက်ရဘူး "

" မင်းကမျှား လိုက်ချင်သေးတယ် ဥမ္မာအိနဲ့ ချောင်းသာကို ဟန်နီးမွန်းထွက်ပြီးလို့ အပျော်တွေလည်း များခဲ့ပါပြီ ငါတို့က ခုမှ သွားရမှာပါ. . . မင်းမလိုက်ပါနဲ့ ညီညွတ်တို့ ပါမှာ "

" အင်းပါ အင်းပါ ကိုယ့်နေရာကိုယ် သိပါ့မယ် . . . "

" အဲသည့်နေရာကိုလည်း မင်းဘာသာ ရွေးတာပဲလေ"

" နောင်မင်းသန့်တို့မျှား အတာနဲ့တောင် မချစ်ရသေးဘူး အတာ့မေသံတွေနဲ့ တညီတညာတည်းဖြစ်လာပြီ မိုးသော်"

" ဒါပေါ့ကွာ စိတ်တူကိုယ်တူချစ်တဲ့သူပါဆိုမှ "

ဟုတ်လားဟင် မေတ္တာခင်။ ခင်လေးနဲ့ကိုယ်က စိတ်တူကိုယ်တူ ချစ်သူတဲ့ . . .။ အဲလိုပဲ ရာသက်ပန် ဖြစ်စေချင်ပါတယ်။

" မင်းတို့တွေ ကိုးရက်နေ့ညနေ ထွက်မှာနော် "

" လာလွှမ်းမနေနဲ့ တင်မောင်ဦးရေ . . . သောကြာ ညနေ ထွက်ကြမယ် . . . ခရီးမထွက်ဖြစ်တာကြာပြီ



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ရင် စိတ်လွတ်ကိုယ်လွတ် အလုပ်တွေအားလုံး မေ့ပစ်မယ်ကွာ . . . "

" ဇေယျကို ကလောမှာဝင်ခေါ်သွားရအောင် "

" ဒါဆိုလည်း ကြိုဆက်သွယ်မှ . . . ဇေယျက ခြံထဲ ရောက်ချင်ရောက်နေမှာ . . . "

" မနက်ဖြန် ဖုန်းကြိုဆက်မယ်. . . "

" ငါတို့သူငယ်ချင်းလေးယောက် အရင်က ရွှေလီဘက် အတူသွားရတာ မမေ့ဘူး. . . "

ကြာခဲ့ပါပြီ။ ကျန်ခဲ့တဲ့ ရှစ်နှစ်လောက်က နောင်မင်းသန့် တောင်မှ သဘော်တက်ဖို့ ဘာမှ မစီစဉ်ရသေးပါဘူး။ သူငယ်ချင်း လေးယောက် နောက်ဆို တကွဲတပြားတွေ ဖြစ်သွားနိုင်တယ်ဆို မှုဆယ် ရွှေလီဘက် ခရီးထွက်ကြတာ။ လေးယောက်လုံး ကားမောင်းတတ်နေတော့ ဇေယျရဲ့ကားကို တစ်ယောက်တလဲ မောင်းခဲ့ကြတယ်။

" ဘာမှ မကြာလိုက်သလိုပါပဲလား . . . "

" အဲသည်တုန်းက ငါတို့တွေးကြတာ နောက် လေးယောက်ဆုံဖို့ မလွယ်ဘူးဆိုတာ တကယ်ပဲ သိပ်မကြာခင် နောင်မင်းက သဘော်လိုက်တယ် ဇေယျာက တလောမြန်တယ် ငါနဲ့မင်းသာ အလုပ်တစ်ဌာနတည်းမို့ ကြာကြာတွေ့နေရတာ ဒါတောင်မှ ငါက အလုပ်ထွက်ပြီ. . . အနာဂတ်ဆိုတာ ဘာမှ မမြင်နိုင်ပါလား "





တင်မောင်ဦးတစ်ယောက် အတော်အတွေးများနေ ပါရော။ အနာဂတ်ဆိုတာ ဘာမှမမြင်နိုင်ပေမယ့် ပစ္စုပ္ပန်ကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်မယ်ဆို . . . အနာဂတ်ဟာ လှပရမယ်လို့ နောင်မင်းသန့်ကတော့ ယုံကြည်တာပါပဲ။

" အိမ်ထောင်တွေကျလို့ ကိုယ့်အိမ်ထောင်မှာ ကိုယ် ဦးဆောင်ရင်း သူငယ်ချင်းတွေ ဝေးသွားမှာပါ "

" သိပ်ညည်းမနေနဲ့ တင်မောင်ဦး လာချင်ရင် အနီးလေး မလာချင်ရင် ခရီးဝေးတဲ့ မင်း မကြားဖူးဘူးလား . . . "

" တကယ်ပဲ မိုးသော် နောင်မင်းသန့်နဲ့ အတော တစ်လေတည်းကိုဖြစ်နေပြီ . . . "

ဟုတ်မှာပါ။

မေတ္တာခင်ဆိုတဲ့ကောင်မလေးကလည်း တုတ်တာတွေ ပြောလွန်းလို့ စကားပြောအဆင်မပြေတာတွေ ဖြစ်ရသတဲ့။ နောင်မင်းသန့်ကလည်း ဟုတ်တာတွေပြောမိတဲ့အခါမှာ အတာနှင့် တစ်လေတည်း ဖြစ်သွားရတာဘာထူးဆန်း တာလိုက်လို့ . . .။

⌑ ⌑ ⌑ ⌑ ⌑



www.burmeseclassic.com

www.burmeseclassic.com



" တောင်ကြီးမှာတတော့ ခုချိန်လည်း ညဘက်အေးတယ် အတာ . . . အနွေးထည်ယူရမယ်နော် . . ."

" အင်းပါ မြကေရယ် . . . ညိုညက်ကြားလား မမညိုညက်က . . . အအေးကြောက်ပါဘိနဲ့ . . ."

မြကေကတော့ ခရီးထွက်ဖို့ ပျော်ရွှင်စွာ ပြင်ဆင်နေပါပြီ။ အတာ့မှာဖြင့် ခုတလော အလုပ်တွေများနေလို့ ခရီးသွားကာမှ သွားလိုက်သွားရမှာ။ နေ့စဉ်ရက်ဆက် အလုပ်ထဲမှာ ခေါင်းမဖော်နိုင်။ ညိုညက်တို့ဌာနစိတ်ကတော့ ခုတလော အလုပ် သက်သာနေပြန်ပါတယ်။

" ညိုညက်လည်း ခရီးထွက်ရမှာ စိတ်ထဲမှာ ပျော်နေသလိုပါပဲ . . ."

ညိုညက်တစ်ယောက် တင်မောင်ဦးနှင့် ပတ်သက်သမျှတွေမေ့ပြီး ခုလိုမျိုး . . . ပျော်တယ်ဆိုတဲ့စကားလေး ကြားရတာ ဝမ်းသာစရာပါပဲလေ . . .။

" အတာရောပျော်လား "

" ပျော်တယ် "

" တကယ်ဆိုတစ်နှစ်မှာ ခရီးတစ်ခေါက်လောက်တော့ ထွက်လန်းဆန်းသွားတာပါပဲ . . ."

မြကေ အဝတ်အစားတွေထည့်နေတာကို ညိုညက်ကပါ ကူနေတယ်လေ။ အတာကတော့ ဖြည်းဖြည်းပဲ. . . အလုပ်တွေယူလာမိလို့ အလုပ်တွေလုပ်နေရတာနဲ့ အဝတ်





အစားထည့်တာ ဘယ်လောက်ကြာမှာလဲဆို ခပ်အေးအေးပေါ့။

" နေ့ခင်းက ကိုနောင်တောင်မှ ဆိုင်ကိုရောက်လာတယ် . . . ဟိုနေ့က အိမ်ရောက်တယ်ဆို . . ."

" အင်းလေ . . . ကိုဇေယျပေးတဲ့ လိမ္မော်သီး လာပို့ပါတယ်ဆို နင်စားပြီး မေ့ပြီလား "

" ကိုနောင် တစ်ခုတော့ ထူးဆန်းတယ်အတာ . . . အတာ့အကြောင်းမေးတယ် "

" ဘာမေးလဲ "

" အတာ့ မိသားစု . . . အတာဘာလို့ သည်မှာနေသလဲ ဘာညာပေါ့ ဟိုစကားပြော သည်စကားပြောပြောရင်း မေးတာပါ. . ."

" အလကား လျှောက်စပ်စုတာနေမှာ မဖြေနဲ့ မြကေ"

" အတာ့ကို ကိုနောင် စိတ်ဝင်စားနေတာလားဟင် "

" အမလေး မဟုတ်နိုင်တာ ဘာမှ အတာ့ကို စိတ်ဝင်စားစရာမရှိဘူး မဖြစ်နိုင်ဘူး အဓိပ္ပါယ်မရှိမြကေရယ် . . ."

ကိုနောင်မင်းသန့်ဆိုတဲ့လူ

မြကေကိုမှ ဘာတွေသွားမေးပါလိမ့်။ တကယ်ဆို မြကေကိုသာ သူစိတ်ဝင်စားသင့်တာပါ . . . ခင်မင်မှုတို့ သံယောဇဉ်တို့ဆိုတာ အချိန်ကာလနဲ့ဆိုင်သလားဆို အတာ့ကို လာမေးလိုက်သေး။

" ညိုညက် ကိုမိုးသော်ကတော့ ကိုဇေယျတို့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တည်းမယ်ဆိုပြီး လှမ်းအကြောင်းကြားမလို့တဲ့ လူတွေများတယ် ဆိုတော့ ကိုဇေယျတို့အိမ်အကျယ်ကြီးပဲလို့ ပြောတယ် . . . ”

ကိုနောင်မင်းသန့်ကို မေ့ထားပါလား မြကေ။

သူ့စိတ်တွေ မဟုတ်တော့ဘူးဆိုရင်တော့ အတာ ငြင်းပါမယ်။ မြကေရင်ထဲ ကောင်းချင်မှ ကောင်းမှာ။ သူတို့က ငယ်တည်းကထားတဲ့ သံယောဇဉ်မဟုတ်လား။

“ မနက်ဖြန် အလုပ်က စောပြန်နိုင်ရင် ပြန်ခဲ့နော်အတာ ညီညြက်ရောပေါ့ . . . အလုပ်ကလည်း ရှိဦးမှာလား ”

“ ရှိမှာပေါ့ မြကေရဲ့ . . . အလုပ်ကများနေတယ်။ ခရီးသွားတာကသွားတာ တစ်ပိုင်းပေါ့ . . . အတာနဲ့ကိုမိုးသော် သည်ရက်ပိုင်း ခေါင်းမဖော်ရအောင်ပါပဲ ညီညြက်ထမင်းစား လာခေါ်ရင်တောင် မလိုက်နိုင်ဘူး . . . နောက်ကျမှပဲ ထမင်းစား နေရတာလေ . . . ”

“ ညီညြက်တို့က ဌာနစိတ်တွေ မတူကြတော့ အတာတို့ အလုပ်တွေလည်း မကူတတ်ဘူး . . . ကူချင်ပါတယ် . . . အတာခရီးသွားရင် ကွတ်ကီဝယ်မှာဆို မအားရင် ညီညြက် ဝင်ဝယ်လိုက်ရမလား ”

“ ရတယ် စိုးစိုးနိုင်ကို အတာမှာထားပြီးပြီ စိုးစိုး ဝယ်လာလိမ့်မယ် . . . ”

“ အိမ်ရှေ့မှာ ခေါ်သံထင်တယ် . . . ”





မြကေနှင့် ညီညြက်ထွက်သွားတော့မှ အလုပ်တွေ လုပ်နေဆဲ စကားပြောသံကြောင့် လှည့်ကြည့်မိပါတယ်။ ကိုမိုးသော်နှင့် သူပါလား။ လက်ထဲမှာလည်း မုန့်ထုပ်တွေဆွဲလို့။

“ အတာ . . . ငါလည်းကူမယ်လေ နင်တစ်ယောက် တည်း ဘာလို့ယူသွားရတာလဲ ”

“ ရပါတယ် အလုပ်ပြီးဖို့လိုရင်းပါ . . . ”

“ နင်နဲ့ငါ အလုပ်သွားလုပ်မယ်ဆိုလို့ နောင်မင်းကပါ လိုက်လာတယ်။ နင်တို့သုံးယောက်ဖို့ နောင်မင်းက ကီးမား ပလာတာ ဝယ်လာတယ် ”

“ ဝယ်လာတာကောင်းတာပေါ့ စားတာပေါ့ ”

ကိုမိုးသော်အလုပ်ကူမယ်ဆို ဝမ်းသာပါတယ် ဌာနစိတ် အတူတူဆိုတော့ အလုပ်ကအတူတွဲလို့ရတယ်လေ။ ကိုမိုးသော်နှင့် အလုပ်လုပ်နေတော့ သူက မြကေတို့ ညီညြက်တို့နဲ့ စကားပြောနေတယ်။ စကားပြောတာကအရေးမကြီး။ အတော့ အကြောင်းတွေ မစပ်စုနဲ့လေ။ မြကေတစ်မျိုးထင်ပြီး စိတ်မကောင်းဖြစ်ချင်ဖြစ်နိုင်တာပေါ့။

“ဟိုနှစ်ယောက် ကီးမားလာစား ကော်ဖီဖျော်ထားတယ်”

“ လာမယ် ခဏလေး ”

ကိုမိုးသော်နှင့်ကတော့ အမြဲလို အလုပ်အတူတွဲနဲ့တော့ နားလည်နေပါပြီ။

“ ငါတော့ဆာပြီ အတာ . . . စားလိုက်ကြရအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ဆက်လုပ်မယ် မိုးလင်းလည်းလင်း "

" ဟယ် မိုးလင်းလို့ရှိရင် သည်မှာအိပ်နေရမှာပေါ့ . . . "

" အလကားစတာပါ ငါတို့ မိုးချုပ်မှပြန်ပါမယ် . . . "

ကီးမားပလာတာနှင့် ကော်ဖီဝိုင်းလေးဖြစ်သွားကြတဲ့အခါ အတာ့ရှေ့မှာသူနှင့်မြကေ ထိုင်နေကြတာပဲ။ သူကတော့ အတာ့ကိုလှမ်းကြည့်ပြီး ကိုယ်ဝယ်လာတာလို့ လှမ်းပြောတယ်။

" ဘယ်သူ ဝယ်လာလာ ဝယ်လာတဲ့သူ ဒါနမြောက်အောင်တော့ စားရတော့မှာ . . . အား စပ်တယ် စပ်တယ် ငြုပ်သီးကွာ "

အတာ အစပ်ကြောက်ပါတယ်။

အချဉ်ထဲက ငြုပ်သီးစိမ်းကိုမှ ဝါးမိရသလား။ သူက ဖျော်ခနဲဆို ရေတစ်ခွက် ပြေးခပ်ယူပေးပါတယ်။ အတာကတော့ အရမ်းစပ်နေတဲ့ကြားက သူပေးတဲ့ ရေခွက်ကိုယူရမှာ မဝံ့ရဲသလို ခံစားရပါလား။

အတာ ဘာဖြစ်တာလဲ

ယောကျ်ားလေးတွေအပေါ်မှာ ခုလိုမျိုး . . . မဝံ့မရဲ မရှိခဲ့ပါဘူး။

သည်လိုဖြစ်မှာပါ

သူဟာ မြကေရဲ့ ငယ်သံယောဇဉ်ဆိုတော့ အတာ





အပေါ် သူ့ရဲ့ဂရုစိုက်မှုတွေအတွက် မြကေ စိတ်မကောင်းဖြစ်မှာ စိုးရိမ်မိတာနေမှာ။ ကိုမိုးသော်တို့ ညီညွှက်တို့ပုံစံက မသိချင်ယောင်ဆောင်နေပေမယ့် . . . သိနေသလိုလို တကယ်ဆို အတာကိုယ်တိုင် စိတ်တွေမလုံမလဲဖြစ်နေတာများလား။

¤ ¤ ¤ ¤ ¤

" ငါတို့လည်းဟာ ညနေပဲ ခရီးထွက်ရတော့မယ် အလုပ်ကများလိုက်တာ . . . ညကလည်း နှစ်နာရီထိုးတယ် . . . ခရီးသွားရင်း ကားပေါ်ကျမှ တဝအိပ်ပစ်မယ် . . . "

ကိုမိုးသော် ညည်းလည်း ညည်းစရာ။ ညီညွှက်တို့ဆို ညည်နေ့ ရွှေရင်အေးတိုက်မှာမို့ ပြင်ဆင်နေကြပြီလေ။ အတာတို့ဖြင့် ဘာကိုမှ လှည့်မကြည့်နိုင်။ အတာတို့ဌာနစိတ်ကတော့ ဘာမှန်မှလည်း မလုပ်နိုင်။ ပြီးတော့ အလုပ်တက်ရက် နောက်ဆုံးဆို ရေလည်းမသောင်းနိုင်။ ညီညွှက်တို့ဘာက်မဖြင့် ညည်းဆည်း ပျော်နေလိုက်ကြတာ။

" အတာတို့ ရွှေရင်အေးလာသောက်လေ

" မအားပါဘူး ညီညွှက်ရယ်"

" ဒါဆို လာပို့ပေးမယ်"

" နေပါစေ မသောက်အားပါဘူးဟာ . . .



www.burmeseclassic.com

www.burmeseclassic.com



" မရဘူး မသောက်ရင် ပါးစပ်ထဲထိ ခွံ့ပေးမှာ . . . ကိုမိုးသော်လာစားဦး . . . "

ညိုညက်တို့ဌာနစိတ်မှာ ရွှေရင်အေး . . . တခြားဌာ စိတ်တွေမှာလည်း မုန့်တွေ တစ်မျိုးပြီး တစ်မျိုးပါပဲ။

" အတာ . . . ရေခဲမုန့်လာစား "

" မစားတော့ဘူးစိုးရယ် . . . အယ်လိုလဲ ည အတွက် အကုန်ပြင်ဆင်ပြီးပြီလား . . . "

" ပြီးပြီ . . . ညနေကို အောင်ဆန်းကွင်းအေ စုရပ်မှာနော် ငါးနာရီခွဲ အရောက်လာ . . . "

" ဟုတ်ပါပြီ မြတေကိုပါ ပြန်ခေါ်လာရမှာ . . . လာမှာပါ အတာတို့က သုံးယောက်ပဲ ကိုမိုးသော်ကြီးကတော့

" ငါလည်း နောင်မင်း ပြန်ခေါ်ပြီး လာခဲ့မယ်လေ . . . ဖေဖေ့နဲ့လည်း ဆက်သွယ်ပြီးပြီ . . . "

" ပျော်စရာကြီးနော် "

" အတာ ပျော်နေသလား "

" ပျော်နေတယ် ကိုမိုးသော် . . . "

" ဟုတ်တယ် ခရီးသွားရမယ်ဆိုရင် အနည်းနဲ့အများ တော့ စိတ်မှာနှစ်ခြိုက်နေသလို ခံစားရတာပဲ မဟုတ်လား "

စကားပြောရင်း နားရတာမဟုတ်။

အလုပ်ထဲ စိတ်နှစ်သွားပြန်ရင်တော့ စကားပြတ်သွ





ပြန်ပါရော။

" မိုးသော် "

" နောင်မင်း . . . အိမ်မှာနေပြီး ခရီးသွားဖို့ ပြင်ဆင်ပါဆိုမှ မင်းက ဘာလာလုပ်ပြန်တာလဲ "

" လေးငါးရက်ခရီးလေးများကွာ ဘာပြင်ဆင်စရာလိုလဲ . . . ငါလည်း ပျင်းနေတာနဲ့ထွက်လာတာ မင်းတို့မေတ္တာခင်တို့နဲ့ ထမင်းစားမယ် . . . "

" မင်းက ထမင်းစားချင်နေ ငါနဲ့အတာ အလုပ်မအားလို့ ညိုညက်တို့ ရွှေရင်အေးလာသောက်ဖို့ခေါ်တာတောင် သွားရဘူး "

" အလုပ်များတာတော့ များတာပေါ့ ထမင်းစားချိန်တော့ စားမှပေါ့ကွ . . . ကျန်းမာရေးရှိသေးတယ် . . . "

လာပါပြီ။ ပြီးတော့ ကိုမိုးသော် ဘေးမှာဝင်ထိုင်ပြီး အတာ့ကိုလှမ်းကြည့်နေပါတယ်။ သည်ရက်ပိုင်း ထမင်းစားချိန်တွေတောင် စားချိန်လွန်မှသာ ထမင်းစားနေရတာပါ ။

" မင်းတို့ခဏနေခဲ့ပါလား ငါထမင်းစားဖို့သွားဝယ်မယ် "

" နောင်မင်းရယ် သည်မှာ စားရတာ အလုပ်ရှုပ်သွန်းလို့ပါ . . . ကဲ အတာ ဘေးနားတစ်ဆိုင်ဆိုင် သွားစားလိုက်ကြရအောင် မစားမချင်း ထိုင်စောင့်နေမှာ "

" ကိုမိုးသော်လိုက်သွားလိုက် အတာနေခဲ့မယ် "

" မနေခဲ့ပါနဲ့ မေတ္တာခင်ရယ် လိုက်ခဲ့ပါ ပြီးမှ မိုးသော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်လုပ်ပါ မကြာစေရပါဘူး အမြန်ဆုံးစားမှာ ”

“ ဒါဆို ညီညက်ကိုသွားခေါ်ချေ . . . ”

“ ငါခေါ်ခဲ့မယ် . . . နင်တို့သွားနှင့် လပြည့်ဝန်းမှာပဲစောင့် ”

ကိုမိုးသော်က ညီညက်ကိုသွားခေါ်မယ်ဆို ထွက်သွားလေတော့ သူနှင့်အတာပဲ ထွက်လာခဲ့ရတာပေါ့။

“ ကိုနောင်မင်းက တတယ်ပဲ ကိုယ်ဖြစ်ချင်ရာပဲ သိတယ် . . . အလုပ်များနေတာ ”

“ မေတ္တာခင်ရယ် . . . အလုပ် အလုပ် အရမ်းမဲမနေနဲ့ . . . ကျန်းမာရေးလည်း ဂရုစိုက်မှပေါ့ . . . ကိုယ်လည်း သင်္ဘောပေါ်မှာ အလုပ်ဖိပြီး အစားမေ့လိုက်တာ အစာအိမ်ဖြစ်ချင်လာမှ ကိုယ့်ကိုယ်ကို ဆုံးမရတယ် . . . ”

လပြည့်ဝန်းမှာပဲ မြန်မာထမင်းဟင်းစားကြတယ်။ အတာတို့ ဟင်းမှာနေတုန်းမှာ ညီညက်နှင့် ကိုမိုးသော် ရောက်လာပါတယ်။

“ ကိုမိုးသော်ကြီးလာခေါ်လို့သာ ညီညက် ထမင်းစားပြီးပြီ ကိုနောင်မင်း . . . ”

“ ဒါဆို အအေးသောက်ပါ. . . ”

အတာနှင့်သူကတော့ ပထမဆုံးစတွေ့စဉ်က ငါးဖယ်ငါးဆုပ်ဟင်းပဲ ဆင်တူမှာမိကြပါတယ်။ သတိရ





ပြုံးရပါသေးတယ်။ သူ့ပန်းကန်ထဲ ငပိရည်တွေ အကုန်မှောက်ထည့်ပစ်ခဲ့တယ်လေ။

“ မိုးသော် ငပိရည်ပန်းကန် ခပ်ဝေးဝေးရွှေ့ထားနော်”

ကိုမိုးသော်ကလည်း သဘောပေါက်စွာ ရယ်နေတယ်။ ညီညက်ကိုလည်း ပြောပြလိုက်သေး။

“ ဟုတ်လား ညီညက် ခုမှသိရပါလား . . . အတာရယ် . . . နင်ကလေ ကလေးလိုပဲ . . . ကိုနောင်မင်း ထမင်းဆက်မစားရတော့ဘူးပေါ့ ”

“ ဒါပေါ့ဗျာ . . . ”

သူ ထမင်းစားပျက်သွားတာကို အခုတော့ စိတ်မကောင်းပါဘူး။ သူကလည်း အတာစိတ်ဆိုးအောင်ပြောတာကိုး။

“ တစ်လောကလုံး အတာ့ထမင်းစားနေတဲ့ရုပ်လို့ ဘာလို့ပြောလဲ ”

“ မဟုတ်လို့လား ရုပ်ကလေးကလှချင်လျက်နဲ့ သူ့ထမင်းစားနေတဲ့ရုပ်လိုမျိုး ပုတ်သိုးနေတာကိုး . . . ”

“ အဲသည့်ရက်တွေက ကောင်းကောင်း ဒေါကန်နေတာလေ . . . ”

ညီညက်ရှေ့မှာ တင်မောင်ဦးဆိုတဲ့ နာမည်ကို နောက်ထပ်မပြောချင်ပါဘူး။ တင်မောင်ဦးကို သိပ်စိတ်ဆိုး



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ရက်တွေမို့လည်း ဘယ်သူမှ မကြည်လင်ချင်သလို ဖြစ်နေတာပါလေ။

" ဇေယျတတော့ ပျော်နေပြီ . . . ကိုယ်တို့နဲ့ တောင်ကြီးအင်းလေးဘက် သူပါလိုက်မယ်တဲ့ "

" ဟယ် ကိုဇေယျကြီးလိုက်မယ်ဟုတ်လား ဝမ်းသာလိုက်တာ "

အတာကတော့ နဂိုရ်ိတည်းက ကိုဇေယျကြီးကို ခင်မင်ရင်းစွဲရှိနေတာမို့ ဝမ်းသာလိုက်တာလို့ လှိုက်လှိုက်လှဲလှဲ ပြောမိတာ. . . သူတ အတာ့ကို မျက်မှောင်ကြုံ့ပြီး ကြည့်နေတာပါလား။ ဒါဘာဖြစ်တာလဲ . . .။

ထမင်းမြိန်မြိန်စား စကားဖြတ်ပြီး ပြန်လာခဲ့ကြပါတယ်။

သူကတော့ ညနေကျရင် မိုးသော် စောစောပြန်ခဲ့ဆို ညီညက်နှင့်အတာ့ကို နှုတ်ဆက်ပြန်သွားပါတယ်။

⌑ ⌑ ⌑ ⌑ ⌑

**စိတ်မှာမကြည်မလင်ဖြစ်ရတာ ဝန်ခံပါတယ်။**

**ခင်လေးတို့ကြည့်ရတာ ဇေယျအပေါ် သံယောဇဉ် ပိုနေသလားမသိ။ ဇေယျက ကလောတနေစောင့်ပြီး တောင်ကြီး အင်းလေးဆက်လိုက်မှာကို သူ့ကြည့်ရတာ တကယ် ပျော်ရွှင် ဝမ်းသာသွားပုံ ရပါတယ်။**

**ခင်လေးရယ် . . .**

**❀ ရန်ပိုင်ဦးစာပေ ❀**



ချစ်ရင် သဝန်တိုတယ်ဆိုတာ ရှိကိုရှိတယ်။ ရင်ထဲ တအုံနွေးနွေးလို ဖြစ်သွားတာပေါ့။

" မိုးသော် နောက်တျလိုက်တာ "

" ဒါတောင် ငါနဲ့အတာ မနည်းထွက်ရတာ သူလည်း ခုမှပြန်ရတာ ခဏစောင့် ငါရေချိုးရုံလေးပဲ . . . အချိန် ရပါသေးတယ် . . . "

" မင်းတို့ကြည့်ရတာ မောတယ် "

ခြောက်နာရီထိုးပြီး ဆယ့်ငါးမိနစ်မှ ထွက်ရတယ်။ မိုးသော်ကတော့ အတာတို့လည်း ခုလောက်မှရောက်မှာပါကွာ ကျန်တဲ့လူတွေကတော့ ရောက်နှင့်ရောပေါ့တဲ့။ နှစ်ယောက်သား ကားဂိတ်ထွက်မယ် အလုပ်မှာ။

" ကိုကြီး ကျွန်တော်ပို့ပေးမယ် "

" အေး . . . "

ချိန်းထားတဲ့နေရာကို မျက်ဝန်းမှာ မြင်ပြီးသားပါ။

ဒါပေမယ့် ရပ်ထားမည်ဆိုသော ကားလည်း မတွေ့ လိုက်မယ်ဆိုတဲ့ လူတွေလည်း မတွေ့။

" တစ်ယောက်မှ မတွေ့ပါလား မိုးသော် မင်းအလုပ် ထဲက လူတွေလည်း ငါမတွေ့ဖူးဘူး မင်းရှာလေကွာ "

ခြောက်နာရီခွဲ အားလုံးကားပေါ်အရောက်လည်း ပြောသေးတယ် ငါကဖြင့် ကားပေါ်မှာ လူစုံပြီး ငါတို့ နှစ်ယောက်ပဲ စောင့်နေရမလားမှတ်တာ အခုတော့

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှမတွေ့. . . ”

နှစ်ယောက်သား ကားပေါ်ကဆင်းပြီး ဟိုသည် လျှောက်လာတော့မှ. . .

“ ဟဲ့ . . . လေးယု . . . ”

“ ကိုမိုးသော် . . . တော်ပါသေးရဲ့ . . . လေးယုဖြင့် ချိန်းတဲ့နေရာ လွဲပြီမှတ်တာ . . . ”

“ ဒါဆို အထုပ်တွေသည်မှာပဲ စုထား တကယ်ပဲ တစ်ယောက်မှမရှိ ”

“ ဟယ်ဟိုမှာ ဟိုမှာ အတာတို့ . . . ”

“ အမလေး . . . တွေ့သေးတယ်နော် ငါတို့ သုံးယောက်ဖြင့် အောင်ဆန်းကွင်းကို ကားနဲ့တစ်ပတ်ပတ်ပြီးပြီ . . . ကားများထွက်သွားပြီလား လန့်တောင်လန့်တယ် . . . လေးယုကိုမြင်မှ . . . ”

မြတေနှင့် ညိုညက်အသံမကြားရ

မေတ္တာခင်အသံပဲ စူးရှနေတယ်။

သိပ်ပျော်နေသလားမသိဘူး။ နေခြင်းထဲက မကြည်မလင် ဖြစ်ရနေတဲ့ စိတ်ကြောင့် အတာ့ကို မကြည့်မိအောင် ကြိုးစား နေပေမယ့် အသံကတော့ ကြားနေရတယ်။

“ ဟိုမှာ မမအေးတို့လာပြီ မိုးမိုးအေးတို့ပါပါတယ် . . . မော်လာပြီ မော်တို့သားအမိလည်း လာပြီ ”





“ နားကို ညည်းနေတာပဲ ”

မကြားတကြား တိုးတိုးပြောလိုက်တာ

“ ဘာပြောတယ် ”

“ အတာနဲ့ နှောင်မင်းဟာလေ . . . နှောင်မင်းကလည်း အတာ့များဆို . . . ”

ကိုယ်ကလည်း ချစ်လို့ စနေမိတာပါ ရင်ထဲမှာ . . . မကြည်လင်သော ဝန်တိုခြင်း အနည်းငယ်ရှိတာ ဝန်ခံပေမယ့် . . . ခင်လေး စိတ်ဆိုးတာကို နှစ်သက်နေမိတယ်လေ . . .။

“ ခြောက်နာရီခွဲနေပြီ . . . ခုထိ ကားကလည်း မလာ သေးဘူး. . . ”

“ ဟိုမှာ ဆရာဦးတင်အောင်လွင်တို့မိသားစု လာပြီ ဦးကျော်သန်းတို့မိသားစု မလာသေးဘူး . . . ကျန်တဲ့ လူတွေရော စုံပြီလား ”

“ စိုးစိုးနိုင်ရော စိုးစိုးနိုင် ”

“ မစိုး မလာသေးဘူး ”

“ ဟဲ့သည်နေရာရော သိကြရဲ့လား. . . ”

“ သိမှာပါ သေချာညွှန်ပြထားတာပဲဟာ . . . ”

ပလက်ဖောင်းပေါ်မှာ အထုပ်အပိုးတွေ စုပြုံတန်းစီ ချပြီးတော့ . . . ကားအလာစောင့်နေမိကြတယ်။ ကိုယ်ကတော့

www.burmeseclassic.com



ပလက်ဖောင်းပေါ် စိတ်တိုင်းကျ ထိုင်စောင့်နေလိုက်တယ်။ ခင်လေးကတော့ မတ်တတ်လေးရပ်ပြီး ဘယ်သူမလာသေးဘူး။ ဘယ်သူလာပြီနဲ့ . . . အသံလေးက ဆူညံဆူညံနဲ့ . . . ။

ကိုယ်ကတော့ ခရီးအတူသွားမည့်သူတွေလည်း သိတာမှ မဟုတ်တာ။ မြကေကတော့ ညိုညက်နှင့်စကားတွေ ပြောနေပြီး ဘာတွေသဘောကျနေသည်မသိ ရယ်နေပါတယ်။ မိုးသော်ကလည်း မမော်လို့ သူတို့ပြောသည့် ငွေစာရင်းမန်နေဂျာ မမ ၀၀ လှလှလေးနှင့် စကားပြောနေလေရဲ့ . . . ။ ကိုယ်ကတော့ ဟိုငေးသည်ငေးပေါ့လေ။

❖ ❖ ❖ ❖ ❖

ရင်ထဲက ပျော်ရွှင်မှုဟာ အတော့ကို စကားတွေ အများကြီးပြောနေစေတာလား။ အတာသွက်လက်မြူးတူးစွာ ပျော်ရွှင်နေမိတာ ဝန်ခံပါတယ်။ ဒါပေမယ့် သူက နားညည်းတယ်လို့ ပြောလာတာကိုတော့ စိတ်ဆိုးတယ်။ အတော့သံကို နားညည်းသတဲ့။

" ဟယ်တော့ "

" ဘာလဲ အတာ ဘာဖြစ်လဲ "

" အတော့ ဖိနပ် . . . "





ခရီးသွားမယ်ဆိုပြီး ဖိနပ်အသစ်လေး စီးမှာမို့ အိမ်ရှေ့မှာချထားတာ တကယ်စီးလာတော့ ဖိနပ်အဟောင်းကြီး။ သွားပါပြီကွာ အတာသည်လောက် သတိလစ်ပါလား။

" ကောင်းတယ် . . . ခရီးသွားရင်း လမ်းမှာ ပြတ်ပါစေဗျာ "

" အမယ် ပြတ်တော့ရော ဘာဖြစ်လဲ သွားမယ့်နေရာမှာ ဖိနပ်ဆိုင်မရှိမှာတဲ့လား ဝယ်မှာပေါ့ . . . "

ဘာလို့ အတော့ကိုပဲ လိုက်ပြောနေရတာလဲ။

ကားကလည်း နောက်ကျလိုက်တာ။ ခြောက်နာရီခွဲ သွားပြီ ဦးကျော်သန်းတို့မိသားစုလည်း ရောက်လာပြီ ။ သူတို့ကလည်း ကားရပ်မှာ ဟိုဘက်လမ်းမှာထင်ပြီး နေရာမှား သွားစောင့်နေကြသတဲ့လေ. . . ။

" ဟယ် မစိုးရော "

" မစိုး မလာသေးဘူး "

" ဒါဆို လမ်းမပေါ် သွားစောင့်မယ် . . . . မှောင်စပြုနေပြီ . . . ရှာမတွေ့ပဲနေမယ် လာ လာ မြကေ . . . "

မြကေနှင့်အတူ စိုးစိုးနိုင်ကို သွားစောင့်ကြည့်ပေးပါမယ်ဆိုမှ သူက ဘာကိစ္စ လိုက်လာရပြန်တာလဲ။ သည်အချိန်မှာ စိုးစိုးနိုင် အငှားကားနဲ့ ရောက်လာပြီလေ။ ခရီးသွားမည့် မိသားစုတွေအားလုံးကတော့ စုံပါပြီ။

မော်တော်ကားက မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



" ဦးလေးကျော်က ဘာပြောလဲ ကားဘယ်အချိန်လာမယ်ပြောလဲ "

" မော့်ဆီကို သုံးနာရီလောက်က ဖုန်းဆက်တော့ ထိုင်ခုံတွေပြင်ဆင်နေလို့တဲ့ အချိန်မီရောက်မယ်ပြောတာပဲ ... လာမှာပါ "

" လေးယု ... ဦးလေးကျော် ဖုန်းနံပါတ် သိလား "

" သိတယ် သွားဆက်ကြည့်မယ်လေ ... "

ပလက်ဖောင်းဘေး တန်းစီထိုင်နေမိကြတယ်။ အတာ့ဘေးမှာ လူတစ်ယောက် ဝင်ထိုင်လိုက်တာမို့ ကြည့်မိပါတယ်။

" ကိုနောင်မင်းသန့် ... "

" မေတ္တာခင် ထမင်းစားခဲ့ပြီလား "

" စားရပါလိမ့်မယ် ... အလုပ်ကပြန်ပြီး ရေချိုးထွက်လာရတာ ထမင်းကို ညီညက်က ချိုင့်နဲ့ ထည့်လာပေးတယ် ... ကားပေါ်ရောက်ပြီး ဆာတဲ့ အချိန်ကျမှ စားမယ် ... "

" ဘာဟင်းလဲ "

" ငါးကြော်နှပ်လို့ ပြောတာပဲ "

" ကိုယ့်ကိုရောကျွေးမလား ... "

" လာစားလေ .. "

ခုကျတော့လည်း ရယ်နေပြီး အတာ စိတ်တိုအောင် မစတော့ပြန်ပါဘူး။ မလာသေးတဲ့ ကား တမျှော်မျှော်ဖြစ်နေကြပေမယ့် ကိုယ့်အုပ်စုလေးနဲ့ကိုယ် စကားဝိုင်းဖွဲ့ပြောနေ





ကြပါတယ်။

လေးယုနှင့်ဦးကျော်သန်းတို့ ဖုန်းဆက်ပြီး ပြန်လာကြတော့ ကားလာပြီလား ဝိုင်းမေးကြတယ်လေ။

" ခုနကပဲ ထွက်သွားပြီလို့ ဖြေတာပဲ "

" ဒါဆို လာနေရောပေါ့ လာမှာပါ ... "

ကားအလာ ထိုင်စောင့်နေကြပြန်ရော ...။

ရန်ကုန်မြို့ကြီးရဲ့ ညည့်ဦးယံကတော့ မီးတွေကားတွေနဲ့ စည်ကားဆူညံလို့ပါပဲ။ မနက်ဖြန်ဆိုရင်တော့ ကလောကို ရောက်မည်ထင်ပါရဲ့။

" မနက်ဖြန်ည ဘယ်မှာ အိပ်မှာလဲ ကိုမိုးသော် ... "

" ဦးကျော်တို့အစီအစဉ်မှာတော့ ... တုံလုံ ကျောင်းတိုက်မှာ အိပ်မယ် ပြောတယ် .. တလောမှာတော့ ဇေယျာကို ဝင်ခေါ်မယ် အပြန်ကျမှ ဇေယျာတို့အိမ်မှာ အိပ်ကြမယ်တဲ့ ... "

" ဇေယျာပါမယ်ဆိုပြီး သိပ်ပျော်နေတယ်မဟုတ်လား"

ဘာပြောတယ်။

သူကပဲ ပြောရတယ်ရှိ၊ ဇေယျာပါတာနှင့် အတာ သိပ်ပျော်နေတယ် မဟုတ်လားတဲ့။

" ပျော်တာပေါ့ အရမ်းပျော်တာပဲ "

" သိပါတယ် "

" ဘာဖြစ်တာလဲ "

" မနာလိုတာ "



www.burmeseclassic.com

www.burmeseclassic.com



" ဟင် . . . "

အနားမှာ ဘယ်သူတွေရှိလဲ၊ ဘယ်သူတွေကြားသွားပြီလဲလို့ . . . ထူပူသွားအောင်ခံစားရတယ်။ ကိုမိုးသော်ကြီးကတော့ ငါကြားတယ်နော် ကြားတယ်တဲ့၊ အတော့ဘေးမှာ ညိုညက်ရှိနေပြီး မြတေရောလို့ ကြည့်မိတော့ မြကေက မလှမ်းမကမ်းမှာ မမအေးညိုမ မမထွေးနဲ့စကားပြောနေတယ် တော်ပါသေးရဲ့၊ မြတေမကြားလို့ သူ့အပေါ် သံယောဇဉ်ပိုနေသည့် မြကေ ကြားရင် စိတ်မကောင်းဖြစ်တော့မှာပေါ့၊

☒ ☒ ☒ ☒ ☒

ကားက ရှစ်နာရီထိုးလောက်မှ ရောက်လာတော့ နောက်ကျလို့ဆို ဦးလေးကျော်ဆိုသည့် ဦးလေးကိုအားလုံး ဝိုင်းအော်ကြတယ်။ ထူးဆန်းစွာ သာလိကာမလေး မေတ္တာခင်ရဲ့ အသံ ပျောက်နေပါလား၊ နောင်မင်းသန့်ကိုများ စိတ်ဆိုးသွားတာလား၊ စိတ်ဆိုးလည်း ပြန်ချော့သင့် ချော့ရမည်၊ ရင်ထဲရှိတဲ့အတိုင်း ပြောမိတာ။ ဧယျအပေါ် သံယောဇဉ်ပိုတဲ့ပုံရှိသည့် မေတ္တာခင်ရဲ့ အပြောအဆိုတွေအပေါ်မှာ နောင်မင်းသန့် မနာလိုဖြစ်တာ အမှန်ပဲလေ။

" နေရာတွေက မဲနှိုက်ထားတာ ကိုယ့်နေရာကိုယ်





ထိုင်ကြပါ "

" မိုးသော် ငါတို့ကရော ဘယ်မှာထိုင်ရမလဲ . . . "

" ငါနဲ့မင်းက နောက်ဆုံးတန်းရှေ့နားမှာ . . . "

မေတ္တာခင်က ဟိုးရှေ့ ဒုတိယခုံတန်းလေးမှာပါလား၊ နောင်မင်းသန့်က အတွင်းဘက်အစွန်ဆိုတော့ လှမ်းတော့မြင်ရပါတယ်။ မေတ္တာခင်နှင့် ညိုညက်က အတူထိုင်ကြပြီး၊ မြကေက မမထွေးနှင့်ထိုင်တယ်လေ၊

ကားထွက်လာတော့လည်း ဆူညံဆူညံသံတွေရှိနေကြဆဲပါပဲ၊

" ဦးလေးကျော် ကက်ဆက်ဖွင့်ပါ . . . "

" စိုးစိုးရဲ့ အခွေမပါဘူး . . . "

" ဘာလို့နောက်ကျနေရတာလဲ ဗိုက်ဆာနေပြီ "

ဗိုက်ဆာနေပြီဆိုတဲ့ မိုးမိုးအေးအသံလေးကြောင့် ကြည့်မိချိန် မေတ္တာခင်တစ်ယောက် ထမင်းချိုင့်ဖွင့်နေပါရောလား၊ မေတ္တာခင် . . . ထမင်းကျွေးမှာဆိုလို့ လှမ်းအော်မေးလိုက်တယ်၊

" ကိုနောင် ထမင်းစားချင်လို့လား . . . "

" ကားထွက်လို့ ထမင်းစားရင် ကျွေးမယ်လို့ပြောထားလို့ ချူချူရေ . . . "

"ကိုနောင်မင်း သည်မှာ လာထိုင်စားပါလား လာ. . . "



www.burmeseclassic.com

www.burmeseclassic.com



ညိုညက်က ဖျတ်ခနဲဆို နောင်မင်းသန့်အနား ရောက်လာပြီး လူချင်းလဲပေးတယ်လေ။ ဖေယျာကိုမှ ပိုချင် နေတဲ့ကောင်မလေးရယ် . . . မင်း စိတ်အနှောင့် အယှက်ဖြစ်ကာမှဖြစ် အတူတော့ ထမင်းစားရဦးတော့မှာ၊ မေတ္တာခင်ဘေးမှာ ဝင်ထိုင်လိုက်ပါတယ်။

" ဘာဟင်းလဲ "

" ကြက်သားကြော် ငပိကြော် . . . ငါးဖယ်ငါးဆုပ် ဆီပြန်ချက်တာ "

"ကိုယ့်အကြိုက်ပဲ . . . ကျွေးသာကျွေးရတာ မဖြစ်လို့ မဟုတ်လား မသဒ္ဓါဘူး မဟုတ်လား "

" ဘာလို့ မသဒ္ဓါရမှာလဲ လူတစ်ယောက်ကို ထမင်း ကျွေးတာ ကုသိုလ်ရပါတယ် . . . ဒါပေမယ့် . . . "

နောင်မင်းသန့်စားဖို့ ချိုင့်တစ်ဆင့်နှင့် ထမင်းဟင်းတွေ ပြင်ပေးပေမယ့် ဒါပေမယ့်ဆိုသော စကားနှင့်အတူ နောက်ထပ် စကားပြောလာတာက ပီဘိတိုးတိုးလေး။ သေချာမကြားရမှာ စိုးလို့ ခေါင်းငဲ့လိုက်တဲ့အခါ မေတ္တာခင်နှင့် အရမ်းနီးကပ် သွားသလိုပါလား။

" မြကေ စိတ်ဆင်းရဲစေမယ့် အပြောအဆို အပြု အထိုင်တွေ ဆင်ခြင်သင့်တယ် . . . "

" ဘယ်လို တိုယ် နားမလည်ဘူး "





" ဘာမှ နားမလည်စရာမရှိဘူး . . . ငယ်တည်းက သံယောဇဉ်က ပိုခိုင်တယ် "

" မဆိုင်ပါဘူးကွာ ပြောပြီးပြီပဲ အချိန်နဲ့ မဆိုင်ဘူးလို့"

" ဆိုင်တယ် မပြောနဲ့တော့ ထမင်းစားပြီးရင် ကိုယ့်နေရာကိုယ် ပြန်တော့ . . . "

" မပြန်ဘူးဆိုရင်တော . . . "

မြန်လိုက်တဲ့ လက်။

မေတ္တာခင်ရဲ့ လက်သည်းတွေက အရှည်ကြီးပါလား။ နောင်မင်းသန့် လက်ဖျံကို အားတုန် ဆိတ်ဆွဲလိုက်ပါတယ်။ ဘာတယ် နာသွားတာပါလား။

မျက်နှာကို ငဲ့ကြည့်တော့ သူမ ဘာမှမသိတဲ့ပုံစံနဲ့ ထမင်းစားနေတယ်။ ညိုညက်ချက်လာခဲ့တဲ့ ဟင်းတွေမို့ သက်ရာကလည်း ကောင်းလွန်းပါတယ်။ တမင်တကာ နေရာမပြန်ချင်တာမို့ ထမင်းကို မှန်မှန်အေးအေး စားနေတာပေါ့ . . .။ မေတ္တာခင် ထမင်းစားပြီးသွားတယ်။ ကိုယ်မပြီးရ သေးဘူးလား လှမ်းကြည့်ပုံကိုက . . . ချစ်စရာကို ကောင်းတယ်။

" မြန်မြန်စားလေကွာ . . . "

" စားနေတာ . . . "

စကားပြောလိုက်ချိန် အမှတ်မထင် ထမင်းသီးသွား ပါတယ်။ နောင်မင်းသန့် ခုလိုမျိုး ချောင်းဆိုးနေပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်တဲ့မျက်နှာလေးနဲ့ ရေငုံပေးပါတယ်။

" တွေ့လား မေတ္တာခင်ကြောင့် ထမင်းသိုးသွားပြီ . . . "

" ဆောရီးနော် . . . "

" ရပါတယ် . . . "

" ရေသောက်လေ ထမင်းထည့်ဦးမလား "

" တော်ပြီ "

" တကယ် ဝ တာလား "

" တကယ်ပါ . . . "

" အတာစိတ်မကောင်းပါဘူး . . . "

" ဘာဆိုင်လဲ ကိုယ့်ဘာသာ ဂရုမစိုက်လို့ပါ . . . "

မေတ္တာခင်က နောင်မင်းသန့်နှင့် စကားပြောတဲ့အခါ မှာတော့ စကားပြောတာ တိုးတိုးလေး။ သူ့ရဲ့လုပ်ဖေါ် ကိုင်ဖက်တွေ ကြားမှာ ကြောက်တယ်နဲ့တူပါရဲ့။ ဟုတ် တယ်လေ။ သူ့အလုပ်တူအဖော်တွေကြား နောင်မင်းသန့်ကြော အပြောခံရရင် မကောင်းတော့ဘူးပေါ့။ နောင်မင်းသန့် ဆင် ရမှာပေါ့လေ . . .။

" ကိုယ်ပြန်မယ် . . . မေတ္တာခင် စိတ်ညစ်အော မလုပ်ပါဘူး "

ညီညက်နှင့် နေရာပြန်လဲလိုက်တယ်။ နေရာမှာထိုင် တော်တော်ကြာမှ မိုးသော်က . . . တိုးတိုး ပြောပါတယ်။





" မင်း ရောဂါ အတော်ပြင်းထန်နေပြီလား . . . အခြေ အနေတော့ ကြည့်ပါဦး . . . မင်း ထင်သလို ဖေယျနဲ့ အတာ တော်တော်ခင်ကြပါတယ် . . . သူတို့ရဲ့ ခံစားမှု သူတို့ရင်ထဲ ဘာရှိတယ် မသိဘူး . . . ငါလည်း သည်ကိစ္စနဲ့ပတ်သက်ပြီး ဖေယျကို တစ်ခါမှ မေးမကြည့်မိဘူး ဖေယျနဲ့မေးကြည့်ပြီးမှ မင်းတစ်ခါတည်း စိတ်ဆုံးဖြတ်ချင်ဆုံးဖြတ်ပါ . . . "

မိုးသော်ကလည်း ဘေးဘက်မှာထိုင်နေတဲ့ ရွှေလေးတို့ ကြားမှာ စိုးရိမ်လို့ ထင်ပါရဲ့ တိုးတိုးလေးပြောပါတယ်။ အတာကိုယ်တိုင်ကလည်း နောင်မင်းသန့်နှင့် ဂျူးဂျူးကို ယှဉ်တွဲမြင်နေပုံရပါတယ်။ မိုးသော်ပြောတာလည်း မှန်ပါတယ်။ ဖေယျနှင့် တွေ့ကြည့်ပြီး ရင်ထဲခံစားချက်အတိုင်း ဘယ်လိုရှိတယ် မေးကြည့်ရမှာပါပဲ။

" တစ်ခါတုန်းက တင်မောင်ဦးနဲ့ ညီညက်ဆီအရောက် မှာ စာတစ်စောင်လာတယ် . . . ဖေယျလက်ရေးဆိုတာ သေချာ မြင်လိုက်တယ် . . . "

" အင်းလေ . . . ဖေယျနဲ့မေးကြည့်ရမှာပဲ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ရင်ထဲမှာတော့ ရှိနေခဲ့ပြီ "

အတွေးစကြောင့်ရော

ထမင်းစားထားတာကြောင့်ရော . . . ။မျက်ဝန်းတွေ မှိတ်လို့ . . . အတွေးစကြားမှာ မျောနေခဲ့ပြီ။

မြကေ စိတ်ဆင်းရဲစေမယ့် အပြောအဆို အနေအထိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်သင့်တယ် . . .။ မြကေ စိတ်ဆင်းရဲသတဲ့လား။ ဂျူးဂျူးဆိုတဲ့ ကောင်မလေးကို နောင်မင်းသန့်စိတ်မှာဖြင့် ငယ်ငယ်လေးတည်းကအတိုင်း ခင်မင်နေတာပါပဲ။ ဂျူးဂျူးစိတ်ကို မေတ္တာခင်က ဘာတွေများ သိထားပါလိမ့် . . .။ သက်ပြင်းတစ်ရှိုက် ညင်သာဖွဖွ ရှိုက်မိပြီလေ။

⌑ ⌑ ⌑ ⌑ ⌑

အလင်းရောင်လေးမပီတပီမှာ အတာ အိပ်လို့မရတော့ပါဘူး။ တစ်ညလုံးလည်း မှေးခနဲအိပ်ပျော်လိုက် လန့်နိုးလိုက် အတင်းပြန်အိပ်လိုက်နှင့် ခရီးသွားရင်တော့ ဘယ်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့ရမှာတဲ့လဲ . . .။

" အတာ . . ."

" ဟင် . . . ညိုညတ် ဘာလဲ "

" နိုးပြီလား "

" အင်း ဘယ်ရောက်နေလဲ "

" မြို့တစ်မြို့ ဖြတ်နေတာပဲ ဘာမြို့လဲတော့ မသိဘူး"

မျက်ဝန်းတွေဖွင့်ကြည့်ပေမယ့် ဘယ်မြို့ရယ် မရေမရာ။ အားလုံးလိုက အိပ်မပျော်တောင်မှ ငြိမ်သက်စွာ အိပ်နေကြလေတော့ . . . ခဏပြန်ငြိမ်နေလိုက်ရတယ်။ မိုးစင်စင်လင်းတဲ့အခါမှ မျက်နှာသစ်ရအောင် နေရာတနေ ထရပ်တော့တာ။





" ဒါဘာမြို့လဲဟင် "

" ရမည်းသင်း . . ."

" ရမည်းသင်းလား "

သည်အခါမှာတော့ ဟိုးအရင်နှစ်တွေက ရွှေမြင်တင်တောင်ဘုရားဖူးရောက်ခဲ့စဉ်အချိန်ကို အမှတ်ရလိုက်မိပါတယ်။

" မျက်နှာလုသစ်ရတာကိုက ပျော်စရာပဲ "

မျက်နှာသစ်ပြီးတော့ အတာတို့ မိန်းကလေးတွေက သနပ်ခါး ရအောင်လိမ်းကြတယ်။ အလှပြင်ဆင်ပြီးမှ အစားစားဖို့ သတိရတာ။

" အတာ ဘာစားမလဲ လာလေဟာ သည်မှာလာထိုင်"

ကိုးမိုးသော်ကြီးအသံကြားမှ ကြည့်မိတာ. . . ရှင့်ကို အတာမပြောလား ကိုနောင်မင်းသန့်ရယ် ခုတော့ ရှင့်ဘေးမှာ မြကေထိုင်နေတာပဲမဟုတ်လား။ ညာဘက်ဘေးမှာ ရွှေဥတို့ မိသားစုရယ်။ ဘယ်ဘက်ဘေးစားပွဲဝိုင်းမှာတော့ စိုးစိုးတို့ လေးယုတို့တွေရယ် . . .။

" အတာ ပဲပလာတာနဲ့ လက်ဖက်ရည် . . ."

" ညိုညက်လည်း အတူတူပဲ. . ."

နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခဲ့ပေမယ့် လန်းဆန်းနေပါသား။ ပဲပလာတာနဲ့ လက်ဖက်ရည်သောက်လိုက်တော့ ပိုတောင် လန်းဆန်းသွားသေး . . .။

" မနက်စာတော့ အချိန်ကြည့်စားကြတာပေါ့ဟာ . . ."



www.burmeseclassic.com

www.burmeseclassic.com



အားလုံးစားသောက်ပြီး ကားဆက်ထွက်ခဲ့တယ်လေ။

စိတ်ကပဲ ထင်လို့လားမသိ၊ ကိုနောင်မင်းသန့် အများကြီး ငြိမ်သက်နေသလို ခံစားရပါတယ်။ ဘေးဘက် မြင်ကွင်းတွေကို ကြည့်ရင်း အတာ ငြိမ်သက်စွာ လိုက်လာခဲ့ပါတယ်၊ နေခြည်ကလည်း တဖြည်းဖြည်း မြင့်သည်ထက် မြင့်လာခဲ့ပြီလေ၊

" ဒါ လမ်းဆုံနေရာပဲ သာစည်သွားမယ်ဆို သည်ဘက်ပြန်ကွေ့ရမယ် . . . ညိုညက်တို့ သာစည်ကို မရောက်ဖြစ်တော့ဘူးနော် "

" မီးမီးတို့လည်း မန္တလေးပြောင်းသွားပြီပဲ သာစည်မှာမရှိတော့တာ . . . "

တောင်ကြီးဘက်ကို ဦးတည်လာခဲ့ပြီ။

ခုချိန်ထိတော့ မြေပြန့်ပုံစံသာပဲ ရှိပါသေးတယ်၊ တဖြည်းဖြည်းနှင့် ယင်းမာပင်ကို ကျော်လာခဲ့ပြီးတဲ့အခါတော့ အကွေ့အကောက် ခရီးတွေ တွေ့စပြုလာခဲ့ပါပြီ . . .၊ တောင်ကမ်းပါးယံတွေကို ဘေးမှာ မြင့်မားစွာတွေ့ရပြီးတော့ ရှုခင်းတွေက ပြောင်းလဲစပြုလာပါတယ်။

" မော်မော် ဘာတွေစားနေလဲ "

" လိမ္မော်သီး . . . အတာစားပါဦးလား "

" မော်တစ်ယောက်ကတော့လေ လိမ္မော်သီးကိုများ ရန်ကုန်ကယူလာပြီး စားရတယ်လို့ . . . "





" မော်ကြိုက်တယ်လေ အတာရဲ့ "

" ဟုတ်ပါပြီ . . . အောင်ပန်းကျရင် ဝယ်စားကြသေးတာပေါ့ . . . "

" ခုချိန် လိမ္မော်သီး ရဦးမလား "

" အနည်းအပါးတော့ ရနိုင်ပါသေးတယ် . . . "

" အတာ ဟိုမှာကြည့်ပါဦး . . . အဲဒါ ဘာပင်တွေလဲ"

ညိုညက်က လှမ်းပြတယ်လေ။

ဘေးဘက် အောက်ဘက် အနိမ့်ချိုင့်ထဲမှာ အပင်လေးတွေစိုက်ထားတာ အစီအရီဝါပဲ။

" အဲဒါ လိမ္မော်ပင်တွေ "

" လိမ္မော်ပင်တွေလား "

" အတာသိသလောက် လိမ္မော်ပင်တွေပါပဲ သစ်တော်ပင်တွေရော ပါမလား . . . သေချာတာကတော့ ဟိုမှာ . . . မလှဘူးလား ညိုညက် ဂေါ်ဖီထုပ်ခင်းလေ . . . "

" ဟယ် . . . ပန်းပွင့်တွေပါလား ပန်းဂေါ်ဖီခင်းကလည်း မျက်စိရှေ့ တညီတညာ . . . "

ဟိုးအောက်ဘက်ချိုင့်ထဲက စိုက်ခင်းတွေဟာ အတာတို့ရဲ့ စိတ်ကို ရွှင်လန်းနေစေပါရောလား။

ကားကတော့ မြင့်မားသည့်တောင်တွေပေါ် ကွေ့ကာပတ်ကာ တက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလဆန်းဆိုတော့ သည်အချိန် ဘယ်လိုမှ သိသာတဲ့ အအေးဓာတ်မရှိပါ။ ပူတောင်မှ ပူနေပါသေးတယ်။

" ဦးလေးကျော် . . . အပင်ကြီးတွေမှ အကြီးကြီးတွေ ပါလား ဘာပင်တွေလဲ "

ဟိုးရှေ့ဆုံး ကားအဝင်အထွက်တံခါးနားမှာ နေရာ ရသည့် စိုးစိုးနိုင်က နောက်ဆုံးတန်းမှာထိုင်နေသည့် ဦးလေးကျော်ကိုမှ အော်ဟစ်ပြီး လှမ်းမေးတာ။

အတာလည်း ကြည့်မိတယ်။

မြင့်မြင့်မားမားအပင်ကြီးတွေပါပဲ။

" အဲဒါ မျောက်ပေပင်တွေလေ "

" ဩော် မျောက်ပေပင်တွေလား "

စိုးစိုးရဲ့ တကယ့် ယုံယုံကြည်ကြည် စကားလေးကြောင့် လေးယုတို့တင်မေသိန်းတို့ အော်ရယ်ကြတယ်။

" ဘယ်အပင်ဖြစ်ဖြစ် မြေကပေါက်တာလေ . . . မြေပေါက် မျောက်ပေပင်ပေါ့ စိုးစိုးရဲ့ "

" ဦးလေးကျော်ဟာလေ ကောင်းကိုမကောင်းဘူး စိုးက တကယ်အကောင်းပြောတာမှတ်လို့ . . . "

အတာတို့တွေက အလုပ်ထဲမှာတော့ အတူအလုပ်လုပ် ကြရတာပါ။ ဌာနစိတ်တွေမတူလေတော့ ခုလိုမျိုးပျော်ရွှင် ရင်းနှီးစွာနေခွင့် အရနည်းကြပါတယ်။ အထူးသဖြင့်





အလုပ်များလှတဲ့ အတာတို့တွေက ပိုတောင် ရင်းနှီးလွတ်လပ်စွာ စကားပြောခွင့် မရကြပါဘူး။ အခုအချိန်လေးတွေကတော့ ရခဲ့ပါဘိ။

" အတာ . . . ဟိုအပင်လေးတွေက တစ်မျိုးပဲနော် ဘာပင်လေးတွေလဲမသိဘူး . . . ဦးလေးကျော်မေးရင် မျောက်ပေပင်ပဲပြောမှာ "

" ဘယ်ဟာလဲ . . . ဟယ် အဲဒါ ထင်းရှူးတွေပေါ့ ထင်းရှူးပင်တွေ . . . "

ဘေးဘက် တောင်မြင့်မြင့်ကြီးပေါ်မှာ ထင်းရှူးပင်တွေ တွေ့စပြုပါပြီ။ တွေ့ရခဲ့သော အလှအပပါပဲ။

" ဒါဟာ ထင်းရှူးပင်တွေလား အများကြီးပဲ သဘောကျ စရာ ကောင်းလိုက်တာ . . "

" ကိုဇေယျ တစ်ခါပြောဖူးတာ ညီညက် မမှတ်မိလို့ပါ သူတို့ခြံထဲမှာ ထင်းရှူးပင်တွေအများကြီးပဲ . . . သူ့အစ်မမွှေးနွေ့ ဆို ထင်းရှူးပင်မှာ ရောင်စုံမီးလေးတွေ ထွန်းထားတာ သိပ်လှတယ် မွှေးနွေ့နီးရင် ကလောကို လာခဲ့ပါလား ဆိုတာလေ"

တွေ့ရဦးတော့မည်။

ကိုဇေယျကြီးပြောတဲ့ သူတို့ခြံ။

ထင်းရှူးတွေရော သစ်ခွတွေရောရှိသတဲ့။ ကိုဇေယျ အကြောင်းတွေးမိတော့ မနာလိုပါဘူးဆိုတဲ့ စကားလေး



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရမိတယ်။

" ကိုနောင်မင်း ကြည့်ရတာ ငြိမ်နေတယ် မဟုတ်မှလွဲ အတာနဲ့ကိုဇေယျကို အထင်လွဲနေပြီထင်တယ် "

" ထားလိုက်စမ်းပါ ညိုညက်ရယ် သူနဲ့မြကျော သိပ်လိုက်ပါတယ် . . . "

" မြကေမှာ ကိုဇေယျရှိတာပဲ . . . "

" ကိုဇေယျဘက်ကသာ မြကေကို စိတ်ဝင်စားနေတာပါ မြကေရင်ထဲ သိလို့လား မြကေက ညိုညက်နဲ့ အတာ့ကို သူ့ကိုဇေယျကို သဘောကျပါတယ် တစ်ခါမှ မပြောဘူး ကိုနောင်မင်းသန့်နဲ့က ငယ်သံယောဇဉ်ရှိပါတယ်။ အေးအေးနေရအောင်ပါ ညိုညက်ရယ်။ သံယောဇဉ်ဆိုတာ မရှိလေ ကောင်းလေပါပဲ"

" အတာပြောတာလည်း ဟုတ်ပါတယ် . . . "

ထင်းရှူးပင်တွေကို ပိုပြီး စိတ်စိတ်တွေလာရပြီ။

အတာ့စိတ်မှာ အညာကိုရောက်ရင် ထနောင်းပင်တွေကို သိပ်နှစ်သက်ရသလို . . . အခု ရှမ်းပြည်နယ်တောင်ပိုင်း ရောက်လာတော့ ထင်းရှူးပင်တွေကို နှစ်သက်ရပြန်ရော။

" ကလောမြို့တဲ့ . . . ကလောမြို့ရောက်ပြီ . . . လှလိုက်တဲ့ကလောရယ် . . . "

ကလောရောက်လာတော့ တစ်ကားလုံး ပျော်ရွှင်ဆူညံနေကြပြီလေ။ ကလောမြို့လေးကလည်း အတာ့မျက်ဝန်းမှာ လှပ ဆန်းသစ် နေတာပါပဲ။





" ထမင်းစားကြမယ် "

" ဟေး . . . အကောင်းဆုံး အစီအစဉ်ပါပဲ "

" သုမောင်မှာ စားမယ် သုမောင်မှာ စားမယ် . . . "

လေးယု အော်နေပြီ

သုမောင်ဆိုင်ဆီ ကားက ဦးတည်လာခဲ့ပြီ။ ထမင်းစားပြီးမှ ကိုဇေယျဝင်ခေါ်ပြီး ကုံလုံကိုခရီးဆက်ကြမည်လို့ ကိုမိုးသော် အော်နေသံကြားရပါတယ်။

⌑ ⌑ ⌑ ⌑ ⌑

ကလောရောက်တော့ သုမောင်မှာ ထမင်းစားကြတယ်။ အောက်ထပ်မှာလည်း လူပြည့်နေလို့ မမအေးတို့ပဲ စားပွဲတစ်စားပွဲရပြီး ကျန်တဲ့လူအားလုံး အပေါ်ထပ်မှာ စားကြရတယ်လေ။ စားပွဲရှည်ကြီးမှာ မမျှော်လင့်ပါပဲ အတာနှင့် ညိုညက် မြကေတို့က မျက်နှာချင်းဆိုင်မှာ။

" ကိုဇေယျကြီးတော့ စောင့်နေလေမလား "

" တွေ့ရပါတော့မယ်ဆိုမှ ပိုတွေချင်လာဖြစ်နေပြီလား အတာရဲ့ . . . "

" ဒါပေါ့ မြကေ. . . သူပေးဖူးတဲ့ ပို့စကဒ်လေးမှာ ထင်းရှူးပင်ခြေမှာ ထိုင်ရင်း လွမ်းတဲ့အခါ မိုင်ပေါင်းများစွာကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖြတ်နိုင်စွမ်းအပြည့်ဆိုတဲ့ စာကြောင်းလေးလေ . . . "

အတာခုလိုပြောတော့ မြကေပြုံးတယ်

မြကေဆီရောက်လာတတ်တဲ့ ပို့စကဒ်လေးတွေမှာ ကိုဇေယျရဲ့ အရေးအသားတွေက နူးညံ့နေတာ အတာတို့ ဖတ်ရစမြဲ။

" ဇေယျ သည်လောက် စာရေးကောင်းသလား အတာ"

" ကောင်းမှကောင်းပဲ ကိုမိုးသော် . . . "

" ဖတ်ရတဲ့လူတော့ အရည်ပျော်မပျော်မသိဘူး . . . ညိုညက်တို့ကတော့ အမှတ်အပြည့် ပေးထားတာပါ . . . "

သူမောင်ကထမင်းဟင်းတွေက အရမ်းကောင်းပါတယ်။ ခရမ်းချဉ်သီးပန်ထွေဖျော်လေးကလည်း ကောင်းလိုက်တာ။ နောင်မင်းကတော့ မရှိးနိုင်သော ကြက်သားဟင်းပဲ မှာစားတာပါ။

" ရော့ ဆိတ်ကလီစာ ကြိုက်ရင်စား "

" ဆိတ်ကပ်ဝီစာက ဇေယျကြိုက်တာ "

" ဒါဆိုလည်း မစားနဲ့ "

မေတ္တာခင်ရယ် . . . မင်းနဲ့ နောင်မင်းသန့်ဟာ ဘယ်သောအခါမှ စကားပြောလို့ အဆင်မပြေနိုင်ဘူးလားကွာ။ နောင်မင်းသန့်ကိုယ်တိုင်ကလည်း ရင်ထဲက ဝန်တိုခြင်းကြောင့်ပဲ အဆင်မပြေဖြစ်နေကြတာလား . . . ။





ထမင်းစားပြီး အချိုအနေနဲ့ မတ်မန်းပေါင်း ဝယ်စားကြတယ်။

" အတာ စားလေ "

" မစားတော့ဘူး ကျေးဇူးပဲ. . . "

ကားပေါ်မတက်ကြသေးပဲ တလောဟိုတယ်ဆိုတဲ့ နေရာမှာ ဓာတ်ပုံသွားရိုက်ကြသေးတာ။

နောင်မင်းကတော့ ကားနားက ပလက်ဖောင်းပေါ်မှာ ထိုင်ကြည့်နေမိတယ်။ သူတို့တွေကတော့ ပျော်ရွှင်နေလိုက်ကြတာ။ မိသားစုလိုက်တွေ သူငယ်ချင်းတွေနဲ့ ဓာတ်ပုံတွေ ရိုက်နေလိုက်ကြတာ။

" ကိုနောင်မင်း ဓာတ်ပုံမရိုက်ဘူးလား အမှတ်တရ ရိုက်ပါလား "

ညိုညက်ကတော့ သူတစ်ယောက်တည်း ထိုင်နေလို့ လာစကားပြောပါတယ်။ ခေါင်းခါပြလိုက်တယ်လေ. . . ။

" ကိုနောင်မင်းက နိုင်ငံခြားမှာ ဓာတ်ပုံတွေ အများကြီး ရိုက်ခဲ့ပြီဆိုတော့ မရိုက်ချင်တော့ဘူးထင်တယ် "

" သည်လိုလည် မဟုတ်ပါဘူး ညိုညက်ရယ် . . . နိုင်ငံခြားရှုခင်းနဲ့ မြန်မာပြည်ရှုခင်းတွေက တခြားစီပါပဲ . . . စိတ်ရှုပ်နေသလိုမို့ ထိုင်နေတာ "

" ဘာလို့ စိတ်ရှုပ်နေတာလဲ . . . ညိုညက်မသိရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား "

" ဘာရယ်မဟုတ်ပါဘူးဗျာ . . . "

" ညိုညက်. . . လာလေ "

မေတ္တာခင်ရဲ့စူးစူးရှရှခေါ်သံကြောင့် ညိုညက် ထွက်သွားပါပြီ။ မိုးသော်က အနားလာထိုင်ပြီး မင်းက ဘာဖြစ်နေလဲ အားလုံးပျော်နေတာ ပျော်ပျော်ပေါ့ . . . အတာနဲ့ဇေယျ အဆင်ပြေသွားတော့ရော ဘာဖြစ်လဲ ဇေယျဟာ ငါတို့ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ မဟုတ်လား . . တဲ့လေ . . .။

" ဟုတ်ပါပြီ "

" ဒါဆို မင်းပုံစံကြီး ပြင် . . . ရည်းစားလူလုပြီး . . . "

"တော်ပြီ မဆက်နဲ့တော့ . . . "

" ကားပေါ်တက်ကြပါတော့ သွားမယ် မိုးရိပ်တွေ ရှိပါတယ် . . . ကုံလုံရောက်မှ နားကြမယ် . . . မောင်မိုးသော်ရေ . . . သူငယ်ချင်းအိမ်ကို လာလမ်းညွှန် ရှေ့လာထိုင် . . . "

" ဟုတ်ကဲ့ "

ဇေယျအိမ် သွားခေါ်ကြမယ်။ ခုချိန် မေတ္တာခင်ရင်ထဲမှာ ဘာတွေရှိမယ် သိချင်ပါဘိ။ မိုးသော်ပြောသလို ဇေယျဟာ အချစ်ဆုံးသူငယ်ချင်းပဲလေဆိုပြီး စိတ်ကိုဖြေမှပါ။

မိုးသော်က ဇေယျအိမ်လမ်းညွှန်ပြနေလို့ ကားရှေ့ခန်း ရောက်နေပြီ။

အနားက လွတ်နေတဲ့ခုံမှာ ဝင်ထိုင်လို့ ကြည့်လိုက်တော့





ဂျူးဂျူး။

" ကိုနောင် . . . သည်မှာထိုင်မယ် "

မေတ္တာခင်တစ်ယောက် ဘာတွေလုပ်နေလဲဆို ကြည့်မိမှ ညိုညက်တ မြတေနေရာ မမထွေးဘေး သွားထိုင်ပါရောလား။ မေတ္တာခင်ဘေးတခုံမှာ လွတ်နေပြီလေ . . .။ ဒါဟာ ဇေယျအတွက် နေရာချန်ပေးတာ၊ မေတ္တာခင်နဲ့ ဇေယျကို အတူထိုင်ရအောင် သူတို့ တမင်ရွှေ့ပေးကြတာပါလားလို့ တွေးမိပြီး ရင်ထဲမကောင်း။

" နင်တို့တွေဟာလေ ကိုယ့်နေရာကိုယ် မထိုင်နိုင်ကြဘူး . . . ဟိုအကောင် နေရာမရသလိုပဲ "

" ဂျူးဂျူးတို့က ဟိုအကောင်ဆို တိုနောင်က တွဲပေါ့ "

" ဘာကွဲလဲ "

" ကွဲမြီးတိုတယ် ဆိုတော့ . . . "

" ဘာမှ ကွဲမြီးမတိုဘူး . . . "

ဇေယျတို့အိမ်ကြီးကတော့ အရင်အတိုင်း။ ခန့်ညား သည်ဝါလှပစွာ တောင်ကုန်းပေါ်မှာရှိနေမြဲ၊ စိန်ပန်းပြာပင်တွေကလည်း အများကြီးပွင့်နေလိုက်တာ။

" ခဏရပ်ထားပေးပါ လေးယုတို့ စိန်ပန်းပြာပင်နဲ့ ဓာတ်ပုံရိုက်မလို့ . . . "

" ကျွန်မတို့လည်း ထင်းရှူးပင်နဲ့ ဓာတ်ပုံရိုက်ချင်လို့ပါ"

တကယ့်ကောင်မလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ဓာတ်ပုံရိုက်ချင်တယ် အားလုံးထဲမှာ ခင်လေး
ဆိုတဲ့ ကောင်မလေးဟာ ပုပုညက်ညက်သေးသေးလေး
ပဲကများပြီး ရောက်လေရာ ဓာတ်ပုံရိုက်ဖို့ပဲ . . .။ တစ်ခါတစ်
မရွှေမေတ္တာခင်ကပါ လိုက်တဲလိုက်သေးတယ်။

" ဇေယျရေ အဆင်သင့်ပဲလား "

" အဆင်သင့်ပါပဲ. . . အတာ. . . အမယ် တယ်လှ
ပါလား "

ဇေယျက ဓာတ်ပုံရိုက်နေတဲ့ မေတ္တာခင်ကို လှမ်း
နေတယ်။

" ကိုဇေယျကြီး လာလေ ဓာတ်ပုံလာရိုက် "

" ငါ့အိမ်နားမှာ ငါရိုက်စရာ တစ်နေရာမှ မရှိဘူး . .
နင်တို့ပဲရိုက်ပါ. . . "

ဓာတ်ပုံရိုက်ကြပြီး ကားပေါ်ပြန်ရောက်တဲ့အခါမှာ
မြကေလာထိုင်နေသော ဘေးနေရာထိ နောင်မင်းလျှော
သွားပေမယ့်

" ကိုနောင် ဂျူးဂျူးနဲ့ကိုဇေယျ ဆွေးနွေးစရာလေး
ရှိလို့ပါ. . . ကျေးဇူးပြုပြီး အတာနဲ့သွားထိုင်ပေး
ကိုမိုးသော်ကြီးတောင်မှ နောက်ဆုံးတန်းမှာ ဆရာနဲ့သွား
နေပြီ "

နေရာလွတ်နေတာလည်း မေတ္တာခင်ဘေးမှာ





ရှိတာမို့ ဝင်ထိုင်လိုက်ရပါတယ်။ ဘာကြောင့်လဲ ခုနကတော့
မေတ္တာခင်ဘေးမှာ ဇေယျာထိုင်ဖို့ဖယ်ပေးကြပြီး အခုကျတော့
ဇေယျက မြကေနဲ့သွားထိုင်တယ်။

" မေတ္တာခင် "

" အင်း . . . ပြော . . . "

" ဂျူးဂျူးနဲ့ ဇေယျက ဘာတွေဆွေးနွေးစရာ ရှိလို့လဲ
ဟင်. . . "

" သူတို့နှလုံးသားရေးရာ ဆွေးနွေးစရာရှိမှာပေါ့ "

" နှလုံးသားရေးရာ . . . "

" ဟာ . . . လှလိုက်တဲ့ထင်းရှူးပင်တွေ . . . ထင်းရှူး
မြို့တော်လို့ တင်စားတာ သိပ်မှန်တာပဲ ကြည့်စမ်းပါဦး
ကိုနောင်မင်းရယ် . . . အရွက်ဖျားမှာ အစိမ်းနုလေးတွေနဲ့
တောင်စောင်းတလျှောက် လှမှလှပါလား . . . ကလော‌မြို့ဟာ
သိပ်လှတယ်နော် . . . ပင်စင်ယူပြီး အေးအေးဆေးဆေး
နေမှာဆို ကလောတို့ ပြင်ဦးလွင်တို့ကို ရွေးသင့်တယ်. . . "

မေတ္တာခင်က အရေးထဲ ထင်းရှူးငိုကာချဲ့နေတယ်။
နောင်မင်းသန့်ကဖြင့် ဇေယျနှင့် မြကေ ဆွေးနွေးမည်ဆိုသော
နှလုံးသားရေးရာကို သိချင်နေမိပါတယ်။

" မေတ္တာခင် "

" ဘယ်လိုလဲ ဘာလို့ ခဏခဏခေါ်နေလဲ . . .
သတ်ဝန်းကျင်မှာ ကြည့်ချင်စရာတွေချည်းမို့ ကြည့်လို့ မဝပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုမှ သူက တဂိုဂိုခေါ်နေ. . . လုလိုက်တဲ့ ထင်းရှူးတော . . . အဲသည့်ထင်းရှူးပင်တွေကြား လမ်းလျှောက်ချင်လိုက်တာ ”

“ လမ်းလျှောက်ချင်ရင် ကလောသားရှာယူပေါ့ . . . ဇေယျလည်းရှိတာပဲ ”

“ ဘာပြောတယ် . . . ကိုနောင်မင်းနော် သူငယ်ချင် အချင်းချင်း . . . ”

“ ကလောကို သိပ်သဘောကျနေတာကိုး ”

“ သဘောကျလို့ကျတယ် ပြောတာပဲဟာ . . . ”

အောင်ပန်းကို ခဏလေးနဲ့ရောက်လာပါတယ်။

အောင်ပန်းကနေပြီးတော့ ပင်းတယဘက် လမ်း ထွက်ခဲ့ကြတယ်လေ. . . ။ မေတ္တာခင်ကတော့ ဘေးဘက် ကြည့်ပြီး ပျော်နေတာပါလား။ မေတ္တာခင်အနားမှာနေနေရ ကြည်နူးရပေမယ့် . . . စကားပြောလို့လည်း မရပါဘူး. . .

“ မိုးရွာလာပြီ မိုးရွာလာပြီ ”

မိုးတွေအုံ့နေရာက ရွာလာပါတယ်။

ချက်ချင်းဆိုသလို အေးသွားလိုက်တာ။ မေတ္တာခင် ဂျာကင်အညိုလေး ဝတ်လိုက်တယ်။ သူကတော့ သည်အအေး လောက် ကြောက်သည့်မှ မဟုတ်တာ။

“ မချမ်းဘူးလား ”

“ မချမ်းပါဘူး . . . ကိုယ်အအေးကြိုက်တယ်. . .

“ အတာကတော့ အေးတာကြောက်တယ် ”



“ အအေးကြောက်တဲ့ လူကများ ကလောတို့ ပြင်ဦးလွင်တို့မှာ နေချင်သတဲ့ အံ့သြပါရဲ့ . . . ”

“ ဘာဖြစ်လဲ နေချင်လို့ပြောတာပေါ့”

မိုးက စိတ်စိတ်နှင့် တော်တော်ကြာကြာရွာနေပါတယ်။ မြေတွေက အနီရောင်ဘက်များလာတာကို တွေ့ရပြီး သည်ဘက်ပိုင်း ရောက်တော့ ထင်းရှူးပင် လုံးဝမရှိတော့ပါဘူး . . . ။ စိန်နားပန်ခြုံတွေတော့ အများကြီးပါပဲ . . . ။

“ မိုးလေးနည်းနည်းရွာတာနဲ့ အေးလာတယ်နော် . . . မိုးတွင်းမှာဆို ဘယ်လောက်အေးမလဲမသိဘူး ”

“ သိချင်ရင် မိုးတွင်းတစ်ခေါက် လာကြည့်ပါလား ”

“ ဒါတော့ သူပြောမှလား. . . ”

“ မေတ္တာခင် ပင်းတယရောက်ဖူးပြီ သိလား . . . ”

“ ဟုတ်လား . . . ပင်းတယ . . . အခုဝင်မှာလား မသိဘူး . . . ”

“ ဦးကျော်တို့ပြောတာတော့ မနက်မှ ဘုရားဖူးပြီး တစ်ခါတည်း တောင်ကြီးထွက်မယ်ပြောတာပဲ . . . အခုတော့ ဘုံလုံတစ်ခါတည်း သွားမယ်ထင်တယ် . . . ”

ပင်းတယမြို့က မိုးထဲမှာ အေးစိမ့်နေလိုက်တာ။ ပုန်းတလုပ်ကန်အေးကတော့ ဖြတ်သွားရတာပါပဲ. . . ။ မြို့ကို ထွက်ပြီးတော့မှ အတော်လေးသွားရသေးတာလေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ကုံလုံဆရာတော်ဘုရားကြီးကိုတော့ နောင်မင်းသန့်က ဟိုးအရင် ခုနှစ်နှစ်လောက်က ဖူးဘူးပါတယ်။ အခုတော့ ရုပ်ကလာပ်ပဲ ရှိတော့မှာပါ ...။ သည်မျှ ဖူးခွင့်ကြုံကြိုက်ဖို့ဆိုတာလည်း လွယ်ကူသည်မှမဟုတ်တာ ...။

" အဲဒါ ကုံလုံကျောင်းပဲ မေတ္တာခင် ..."

" အဆောက်အဦးတွေ ဘုရားတွေ တကယ်ကောင်း ပါလား..."

သည်တစ်ညတော့ ကုံလုံမှာ အိပ်ကြမည်။ မနက်ဖြန်မှ တောင်ကြီးဆက်ထွက်ကြမည်တဲ့လေ...။ ခရီးတစ်ထောက် နားတဲ့ အချိန်လေးမှာတော့ မိုးကမရွာတော့ပေမယ့် မှုန်မှိုင်း အေးစိမ့်နေဆဲပါ။

အထုပ်အပိုးတွေချပြီး ကိုယ့်နေရာလေးတွေနှင့်ကိုယ် ခင်းကြပြီးတဲ့နောက် ရေချိုးဖို့ပြင်ကြပါတယ်။ ရာသီဥတုက နေရောင်မရှိသလို အေးစိမ့်နေတာပါ။ ရေချိုးမရဲကြနဲ့နော် အရမ်းအေးတယ် အအေးကြောက်ရင် ရေမချိုးကြနဲ့ဆို ပြောနေကြတယ်လေ။

" စိုးစိုးနိုင်တို့ ရေမချိုးဘူးလား "

" စိုး အချမ်းကြောက်တယ် မျက်နှာသစ်ခြေထောက် ဆေးကြည့်ဦးမယ် ..."

" ရေမချိုးလို့ ဘာမှမဖြစ်ဘူး မချိုးနဲ့ ..."

မမအေးတို့ မမထွေးတို့ သတ္တိခဲတွေတော့ ရေသွားချိုး





ကြလေရဲ့။ မမအေးကြီးက ခရီးစဉ်တစ်လျှောက် အိပ်လာတာ ရေချိုးမှ လန်းဆန်းသွားမှာ ချိုးချေပါဆိုပြီး ဝိုင်းနောက် နေကြသေးတယ်လေ။

" မေတ္တာခင် အအေးကြောက်တယ်လည်း ပြောသေး ရေချိုးမလို့လား ချိုးပြီးရင် နွေးနွေးထွေးထွေးဝတ်ထားနော်..."

" နောင်မင်းတောင်မှ စိုးရိမ်ပူပန်တတ်နေပါရောလား မိုးသော် "

" ဒါပေါ့ဗေယျရာ ... နောင်မင်းအကြောင်း မင်းမသိ တာတွေ အများကြီး "

" ဟုတ်လား ပြောပါဦး ..."

ကိုနောင်မင်းသန့်တို့က လာပြီးစိုးရိမ်ပူပန်ပြနေတော့ ကိုဗေယျတောင် မေးလာပြီ။ ဒါကြောင့် ညီညွတ်နှင့်အတူ သူတို့ ရှေ့ကနေ ရေချိုးတဲ့အုတ်ကန်ဆီ အမြန်ထွက်လာခဲ့ကြပါတယ်။

" ရေကလည်း အေးစိမ့်နေတာပါလား ... မြန်မြန် ချိုးမှ အတာ ..."

" မြန်မြန်လောင်းချလိုက်ဟာ ဒါမှ နွေးသွားမှာ "

မြန်မြန်လောင်းချပေမယ့် မနွေးပါဘူး။ အေးမြပါပဲ။ အမြန်ဆုံး ရေချိုး၊ အလှပြင်လိုက်ပါတယ်...။ ပြီးတော့မှ အနွေးထွေးဆုံး ဂျာကင်တစ်ထည်ကို ဝတ်ထားလိုက်တာပေါ့။

" မြကေ ... အိပ်နေတယ် ဘာလို့လဲ နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား ”

“ ကောင်းတယ် . . . နှာစေးနေလို့ ရေမချိုးတော့တာ . . . အမယ် အတာကလှလို့ ”

“ ဘာတွေလှနေလဲ သည်အတိုင်းပါပဲနော်. . . ”

ရေမိုးချိုးအလှပြင်ပြီး ကိုယ့်အုပ်စုနှင့်ကိုယ် ဘုရားတွေ ဖူးဖို့ ပြင်ကြပါတယ်။

“ ညိုညက်ရေ . . . လေးယုတို့ သွားနှင့်ပြီလား . . . ”

“ သွားကြပြီ စိုးစိုးတို့ ခင်ခင်အေးတို့လည်း ပါသွားတယ် . . . ဦးကျော်သန်းတို့မိသားစုလည်း သွားပြီ မမအေးတို့ မော်တို့ပဲ အလှပြင်နေတုန်း . . . ”

“ မော်မော်တို့အလှပြင်တာတာထားပါ ကိုနောင်မင်းသန့်တို့ကရော အလှပြင်နေတုန်းလား ကြာလိုက်တာ. . . ”

အတာတို့သုံးယောက် တည်းခိုဆောင်ပေါ်က ဆင်းလာမှ သူတို့သုံးယောက်က ရေချိုးတန်ဘက်က ထွက်လာတာ။

ကြည့်ရတာ ရေချိုးပြီး အဝတ်အစားတစ်ခါတည်း လဲလာပုံ ရပါတယ်။ ရာသီဥတုအေးပါတယ်ဆိုမှ ကိုရွှေနောင်မင်းသန့်တို့က တီရှပ်လက်တိုနဲ့ တော်တော်သတ္တိကောင်းနေတယ်။

“ အတာ . . . ကိုယ် ပိန်သွားသလား ”

“ ပိန်ပါဘူး ”

“ သိဘူးလေ. . . အတာတို့ကို သတိရရလွန်းလို့





ပိန်များသွားလားလို့ . . . ”

ကိုဇေယျနှင့် အတာဆိုတာ ဟိုးအရင်တည်းက ခင်မင်ရင်းစွဲရှိတော့ ကိုဇေယျနှင့်ပဲ ယှဉ်တွဲလျှောက်လာခဲ့ပါတယ်။

“ မြကေ နေမကောင်းဘူးလား ”

“ နှာစေးနေတယ် ”

“ ဒါဆို ဆေးသောက်မှပေါ့ ”

“ ခုနက ဆေးသောက်ပြီးပါပြီ. . . ”

“ရေချိုးသေးလား ”

“ မချိုးပါဘူး . . . ”

နှစ်ပေါင်းများစွာတည်းက ကံ့ကော်ပင်ကြီးမှာ လှပသော ကံ့ကော်ပွင့်တွေမှ အများကြီးပွင့်နေလိုက်တာ။ အပွင့် အရွက် ဘာမှ မခူးရလေတော့ အပင်မှာသာ လှပ လန်းဆန်းနေကြတယ်လေ . . .။ နှစ်သက်စရာပါပဲ . . .။

ပထမဦးဆုံး ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်ထားရာ စံကျောင်းတည်ဆောက်နေတဲ့ဆီ အရင်သွားကြတာ။ နေရာက တောင်ကုန်းပေါ် တော်တော်လှမ်းလှမ်းသွားရပါတယ်. . .။ လွမ်းဆွတ်စရာလေးလိုလည်း ခံစားရတယ်လေ၊ ဆရာတော်ကြီးကို ရှိသေစွာ ရှိခိုးကန်တော့ပြီး လမ်းခင်းနေတာ လှူကြတယ်။ ပြီးမှ ဘုရားတွေဘက်ထွက်ခဲ့တာ။

“ လှလိုက်တဲ့ ပန်းတွေ လှလိုက်တဲ့ပန်းတွေ . . . ”



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတုရဲ့ အေးမြမှုရော
ပြုစုသူတွေရဲ့ ဂရုစိုက်မှုကြောင့်ရော
ပန်းမျိုးစုံတွေ လှပလိုက်တာ . . .။

" မခူးရလို့သာနော် ခူးဆိုရင်တော့ "

" အတာရှေ့ဆုံးက ခူးမှာလား "

" မခူးပါဘူး အတာက ပန်းလေးတွေ အပင်ပေါ်မှာ လှနေတာပဲ နှစ်သက်ပါတယ် . . . "

ပဌာန်းဘုရားဘက်လျှောက်လာတော့ ကုန်းကမတ်တယ်လေ ထင်းရှူးပင်တွေ စိတ်စိတ်စီနေတဲ့ လမ်းကလေးက နှစ်သက်စရာပါပဲလား . . .။ အတာ မြန်မြန်လျှောက်ပြီး နောက်လှည့်ကြည့်လိုက်တဲ့အခါမှာ . . . လှလိုက်တဲ့ဝန်းကျင်။ ကျောင်းဆောင်တွေ အဆောင်ဆောင် အခန်းခန်းက ဟိုးအနိမ့်မှာ လှပထည်ဝါလွန်းပါတယ်။

ထင်းရှူးပင်ပေါက်လေးတွေကလည်း စိမ်းဖန့်လို့ . . .။

" အတာ . . . ကိုနောင်မင်းကတော့ ကိုဇေယျကို ဘာတွေမေးနေတယ် မသိဘူး . . . တွေ့လား သူတို့ နှစ်ယောက်တည်း နောက်ဆုံးမှာ . . . "

မြကေနှင့် ကိုမိုးသော်ကတော့ သိပ်ကိုလှပပြီး နီရဲနေအောင် အဆုပ်ဆုပ်ပွင့်နေတဲ့ စက္ကူပန်းပင်ဘေးမှာ ဓာတ်ပုံရိုက်နေကြလေရဲ့ . . .။





" မြကေကတော့ ကိုဇေယျအပေါ် ဘယ်လိုသဘောထားမယ်မသိဘူး မြကေက အတာနဲ့ ညီညွတ်လောက် မပွင့်လင်းဘူး . . . ချစ်လား မချစ်လား ဘာမှမသိရဘူး . . . ကိုဇေယျကတော့ မျှော်လင့်နေရှာမှာ . . . "

" မြကေစိတ်ကို ဘယ်သူသိနိုင်တာလိုက်လို့ . . . ကိုနောင်မင်းသန့်အပေါ်မှာရော ငယ်ကခင်မင်စိတ် ရှိနေပြန်တယ် . . . "

" ကိုနောင်မင်းက အနေမှန်ပါတယ် . . . "

ဘုရားဘေးမှာ သစ္စာပန်းပင်လေးတွေကလည်း အဖြူရောင် သစ္စာပန်းတွေပွင့်နေလေရဲ့ . . .။ လှလိုက်တာ။ အေးမြတဲ့ မြို့တွေမှာတော့ . . . ပွင့်သမျှပန်းကလေးတွေဟာ လှပခြင်းနှင့် ပြည့်စုံလွန်းပါရဲ့ . . .။

" ဘုရားက အေးချမ်းလိုက်တာနော် . . . အတာတို့ တော့ သည်တစ်ခါ ဘုရားဖူးတာ . . . အေးချမ်းပျော်ရွှင် နေသလိုပါပဲ "

ပဌာန်းဘုရားထဲမှာတော့ တကယ်အေးစိမ့်နေတာပါပဲ။ အတာတို့ ဘုရားရှိခိုးကြပြီးတော့ ဘုရားဘေးနားမှာ ဝိုင်းထိုင် စကားပြောနေမိကြပါတယ်။ မမအေးတို့တွေကတော့ သည်ဘုရားကို ညဘက်မှလာမယ် ထင်ပါရဲ့။

" တိုယ်ပျော်နေတယ်သိလား မေတ္တာခင် "

" ဖြစ်ရပြန်ပြီ အမျိုးမျိုး ဘာဖြစ်နေမှန်းကို မသိဘူး "



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



" ဇေယျကို မေးကြည့်တယ် "

" ကိုဇေယျကို "

" အင်း . . . မင်းနဲ့မြကေ ဘယ်လိုပတ်သက်သလဲ လို့ပေါ့ . . . "

" အဲဒါနဲ့ပဲပျော်ရောလား "

" ဇေယျကပြောတယ် ဂျူဂျူကို ပရိုပို့စ်လုပ်ထားတာ ကြာပြီတဲ့ သည်တစ်ခေါက်တွေ့မှ ပြောမယ်လို့ ပြောထားတယ်တဲ့ . . . အဲဒါ အခုဖြေပြီးပြီ . . . သူ့ကို သစ္စာရှိရှိ ချစ်မယ် ဆိုရင်တော့ လက်ထပ်မယ် ဒါပေမယ့် သူတို့ လက်ထပ်ပြီးရင် ဇေယျာက ရန်ကုန်လိုက်ရမယ် ဖြစ်နေတာတဲ့ . . . နေဖို့တော့ သေချာမဆုံးဖြတ်ရသေးဘူးတဲ့ ဘာပဲပြောပြော ဂျူဂျူနဲ့ ဇေယျ အဆင်ပြေသွားတာ ကိုယ်ပျော်တာပေါ့ . . . "

" မြကေကို ကိုဇေယျ နှစ်သက်လို့ စာတွေပို့ ပို့စကဒ်တွေပို့နဲ့ ရှင်မသိဘူးလား "

" ဘယ်သိမလဲ ကိုယ်ထင်တာက မေတ္တာခင်ကို . . . ဇေယျပို့နေတယ်မှတ်တာ "

" တော်တော်လည်း မသိပါပဲ ထင်တတ်တယ်နော် အံ့ဩပါရဲ့ . . . "

ဒါနဲ့ပဲ သူက ပျော်သတဲ့လား။

သူ့အကြောင်းကသည်လိုလား။ အတော့စိတ်မှာတော့ ကိုဇေယျကို မြကေ ခေါင်းမညိတ်နိုင်တာ သူ့အပေါ်ထားသည့်





ယယ်သံယောဇဉ်ကြောင့်များလားလို့ . . .။ တစ်ဘက်ကိုလှည့် ရင်း အတာ ကြည်နူးပီတိဖြစ်စွာ ပြုံးမိပါရဲ့ . . .။

¤ ¤ ¤ ¤ ¤

" ငါ့ရဲ့မြကေကို မင်းငယ်ငယ်က ကြိတ်ပိုးတော့ မပိုးခဲ့ပါဘူးနော် . . . "

ဇေယျအပြောကြောင့်ရယ်ရတယ်

ကြိတ်ပိုးလည်းမပိုးဘူး ပြောင်ပိုးလည်း မပိုးဘူးလို့ ပြောရတာပေါ့ . . .။ မိုးသော်ကတော့ နောင်မင်း တစ်ယောက် ခုမှ ပြောင်ပိုးလေးပိုးဖို့ စဉ်းစားနေတာပါဇေယျရယ် . . . တဲ့လေ။

" အတာက စိတ်ရင်းကောင်းပါတယ် . . . "

" စိတ်ရင်းကောင်းပေမယ့် သည်ကောင်မလေးရဲ့ တစ်ဖွတ်ထိုးခေါင်းမာတဲ့ အကျင့်ကိုတော့ မင်း အများကြီး သည်းခံရမယ် နောင်မင်း . . . "

ကုံလုံရဲ့ညက အတော်အေးပါတယ်။

ရန်ကုန်ရဲ့ဆောင်းထက်တောင်မှ ကုံလုံရဲ့နွေက အေးပါ ရောလား . . .။ ကျောက်ခုံလေးတွေမှာထိုင်ရင်း သူငယ်ချင်း သုံးယောက် စကားပြောနေမိကြတယ် . . . ကားစီးခဲ့ရလို့



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ညောင်းတာတွေကလွဲပြီး မပင်ပန်းလှပါဘူး။ ကြည်နူးနေတဲ့စိတ်ကြောင့်များ ပိုပြီး လန်းဆန်းပျော်ရွှင်နေသလား။

" အေးတော့ အတော်အေးတယ် "

" သည်ရာသီကိုတောင် မင်းတို့အေးနေရင် ဆောင်းဆို ဘယ်လိုနေမလဲ "

" မင်းကတော့ ရှမ်းပြည်နယ်မှာ နေနေကျကိုး "

" အခုတော့ ရှမ်းပြည်နယ်ကို ထားရစ်ပြီး ချစ်သူရှိရာ ပြောင်းတော့မလား . . မင်းမမက ကျေနပ်ပါ့မလားကွာ မင်းမှာ ခြံလုပ်ငန်းတွေရှိတယ်လေ . . . "

" မမက မပြောပါဘူး . . . ခြံလုပ်ငန်းတွေကလည်း အစ်ကိုရှိတာပဲ ငါကလည်း လူလွတ်မို့လို့သာ ကူနေရတာပါ ငါ့ဘာသာငါ အိမ်ထောင်နဲ့ဆို မကူရပါဘူး . . . ရန်ကုန်ပြောင်းရင်လည်း ရပါတယ် "

" ခုတော့ မြကေရှိရာအရပ်သာ ရေကြည်ရာမြက်နုရာပေါ့လေ . . . "

သူတို့တွေကတော့ တည်းခိုဆောင်ပေါ်မှာ အိပ်နေကြပြီ ထင်ပါရဲ့။ သူတို့သုံးယောက်ကတော့ မအိပ်ချင်သေး။

" တင်မောင်ဦး သတိရတယ် "

" သည်ကောင်က သူ့လမ်းသူရွေးတာကိုး . . .





တကယ်ဆို ညိုညက်ကိုသာ ရွေးခဲ့မယ်ဆို . . . "

" ညိုညက်နဲ့ တင်မောင်ဦး အဆင်ပြေခဲ့ရင် ဇေယျာက မြကေနဲ့ နောင်မင်းက အတာနဲ့ ငါတစ်ယောက်ပဲ ဘာမှမရှိဘူး"

" မင်းကရော မချစ်တတ်ဘူးလား မိုးမိုးအေးတို့ ခင်ခင်အေးတို့ အပျိုလေးတွေ . . . လေးယုကတော့ အပျိုကြီးပေါ့ . . . မော်မော်ရော ချစ်စရာ တပွေ့တပိုက်ကြီး "

" မမော် . . . မလုပ်ပါနဲ့ကွာ သူ့မှာ ကိုကျော်ဇေယျ ရှိတယ်လေ . . . မင်းတို့တွေသာ ချစ်ကြပါ . . . ငါအေးအေး လူပျိုကြီးပဲ လုပ်ပါရစေ . . . "

လေတွေလည်း အရမ်းတိုက်တာပါပဲ

လေအေးတွေကြောင့်လည်း ရာသီဥတုက ပိုပြီး အေးမြလွန်းလေသလား။

" အိပ်ကြစို့ မနက်စောစောထွက်ကြမှာလေ ရွှေဥပင်ဘုရားဝင်မယ် မနက်ဖြန်တောင်ကြီးအရောက်ပဲပေါ့ . . . "

သိပ်အေးလာတော့ အပြင်မှာမနေနိုင်ပါဘူး။ ဒါကြောင့် တည်းခိုဆောင်ပေါ် ပြန်လာခဲ့ကြရပါတယ်။ မိုးသော်ကတော့ ဘုရားရှိခိုး စိတ်ပုတီးစိတ်မည်ဆို ဘုရားစင်ရှေ့ရောက်သွားပြီ။ ဇေယျနှင့် သူကတော့ ခင်းထားသည့်နေရာလေးမှာလှဲရင်း အိပ်မပျော်ပေမယ့် အိပ်လို့ရအောင် အိပ်ရတော့မှာပါ . . . ဟိုဘက်ယွန်းထောင့်မှာ အိပ်နေကြသည့် လေးယုတို့ အုပ်စုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လှုပ်တောင် မလှုပ်တော့ပါဘူး။

မနက်မြန်တောင်ကြီး

သန်ဘတ်ခါ အင်းလေး . . .။

ဘယ်တော့မှမမေ့တော့မယ့် ခရီးစဉ်ပါပဲ ခင်လေးရယ်။

⌑ ⌑ ⌑ ⌑ ⌑

ကုံလုံကနေ လင်းစပြုသည့် အချိန်မှာထွက်လာခဲ့ကြပါတယ်။ အတော့ဘေးမှာ ကိုနောင်မင်းသန့်ပဲ ထိုင်နေတော့တယ် ညီညွှတ်ကလည်း မမထွေးနားပဲ သွားထိုင်တော့တာ။ အပြင်မှာ နေခြည်နုနုတော့ရှိနေပါလား။ ဒါပေမယ့် အေးစိမ့်နေဆဲ . . .။

" အမြန်ကျရင် အဲသည့်ညောင်ပင်ကြီးတွေနဲ့ ဓာတ်ပုံ ရိုက်ချင်တယ် . . . "

လေးယုအသံလေးကတော့ ဓာတ်ပုံရိုက်ဖို့ဆို ထွက်လာပြီ။

" စိုးကတော့ ပုန်းတလုတ်ကန်နဲ့ ရိုက်ချင်တာ . . . "

" မေတ္တာခင် . . . စုပြီး ဓာတ်ပုံရိုက်ကြရင် ကိုယ့်အနား မှာကပ်နေနော် "

" အမယ် နေချင်ပါဘူး . . . "

ကားရပ်လိုက်တယ်ဆိုရင်ပဲ ပထမဦးဆုံး မနက်စောစော အစားအစာစားဖို့ စဉ်းစားကြရတယ်။ စိုးစိုးနိုင်





တို့ကတော့ အစား မစားနိုင်သေး။ တက်တင်း သဘက်တွေ လိုက်ဈေးမေးနေကြတယ်လေ။

" အဲသည့်တက်တင်းအကျီတွေ မေတ္တာခင်မကြိုက် ဘူးလား "

" အတော့မှာ နှစ်ထည်ရှိတယ် မြကေထိုးတာလေ . . . မြကေက အကျီတင်ချုပ်တတ်တာမဟုတ်ဘူး ကိုနောင်မင်းသန့် ရဲ့ . . . ဆွယ်တာထိုးတတ်တယ် တက်တင်းထိုးတတ်တယ် . . . မြကေက လက်မှုပညာသိပ်တော်တယ် "

" မေတ္တာခင်ကရော "

" ဘာမှမတော်ဘူး "

" သေချာလား "

" သေချာတယ် "

" မေတ္တာခင် ဘယ်နေရာမှာတော်လဲ ကိုယ်သိပါတယ် "

" ပြော . . . ဘယ်နေရာလဲ "

" ဒေါသဖြစ်တဲ့နေရာ အညှိုးထားတဲ့နေရာ စွာတဲ့နေရာ လုပ်ချင်ရာလုပ်တဲ့နေရာ . . . "

လူကိုများ။ စိတ်တိုလာတာမို့ လက်သည်းရှည်တွေနဲ့ ဆိတ်ဆွဲလိုက်တယ်။ တကယ်နာတယ် မေတ္တာခင်တဲ့။ နာအောင်ဆိတ်တာ နာပါစေလို့ ပြောလိုက်တယ်။ ရှမ်းခေါက်ဆွဲ စားကြတော့ သူ့ကိုစိတ်ဆိုးနေတာမို့ လေးယုတို့တင်မေသိန်းတို့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကျော်တို့ဝိုင်းမှာ အတာသွားထိုင်နေလိုက်တယ်။

မြကေနဲ့ ကိုဇေယျကလည်း မခွဲနိုင်မခွာရက်ပါပဲ။ ကိုမိုးသော်နဲ့ သူဇာတော့ မမအေးတို့အုပ်စုနဲ့ သွားထိုင်နေတယ် ညိုညက်ကလည်း မချိုတို့ ရွှေဥတို့ဝိုင်းမှာ သွားစကားပြော နေတာပေါ့ . . ။

" စားပြီးရင် တောင်ပေါ်တက်မယ် . . . "

" အတာ လာလေ "

" မလာဘူး . . . "

" အတာတလည်းလေ ထော်လာဂျီစီးရမှာ လာပါ . . . ဘာလဲ ကိုနောင်မင်း စလို့ စိတ်ဆိုးနေတာလား ချစ်လို့ စတာပဲ အတာရယ် . . . မုန်းလို့မှ မဟုတ်တာ ခွင့်လွှတ်ရမှာပေါ့"

ညိုညက်က အတာ့လက်ကို အတင်းလာဆွဲခေါ်ပါတယ် အပေါ်ကို ထော်လာဂျီနဲ့ တက်ကြရတယ်။ ထော်လာဂျီစီးရတာ ကောင်းတယ်လို့ မြကေကပြောနေတယ်။

" ဇေယျ ထော်လာဂျီဝယ်တော့ကွာ မြကေက စီးလို့ကောင်းတယ်တဲ့ "

သူကတော့ ဘာမှ မဖြစ်သလိုပါပဲ။

" ကိုနောင်မင်း လက်မှာဘာဖြစ်လဲ ပွဲနေတယ် သွေးတွေထွက်နေတယ် . . . "

ဦးကျော်သန်းအမေးကြောင့် အားလုံးလိုလိုက





သူ့လက်ခုံကို ဝိုင်းကြည့်မိကြတယ်။

" ကားပေါ်မှာခိုက်မိသွားလို့ပါ. . . "

အတာကတော့ သိတာပေါ့။

အတာ့လက်ရာပဲလေ။ သည်လောက် ထိမိသွားပါစေလို့တော့ ရည်စူးပါဘူး။ ဒါပေမယ့် သူ့အသားက နုတယ်ထင်ပါရဲ့ အများကြီးပဲ့သွားပါလား။ မြကေက ပိုက်ဆံအိတ်ထဲက တစ်သျှူးထုတ်ပေးတော့ သူက အနာကို အပေါ်က ဖိထား လိုက်ပါတယ်။

"မောင်နောင်မင်း ရှော့ရှော့ . . . ဟဲန်ဒီးပလာစတာ"

" ရတယ် မမအေး ကျေးဇူးပဲ . . . "

" မမအေး. . . ထော်လာဂျီပေါ်မှာတော့ မအိပ်နဲ့နော်"

" မအိပ်ဘူး ကားပေါ်ပြန်ရောက်မှ အိပ်မယ် "

ထော်လာဂျီသံ ပျောက်သွားလောက်အောင်ကို စကားတွေ ပြောနေမိကြပါတယ်။

" အတာ "

" ဘာလဲ "

" ကိုနောင်မင်းကို အတာ ဆိတ်လိုက်တာလား "

" ဟုတ်တယ် "

" ထင်သားပဲ အတာ့လက်သည်းတွေရဲ့ လက်ချက်အကြောင်း ညိုညက် ရိပ်မိပါတယ် . . . သူ့ကို အတာ



www.burmeseclassic.com

www.burmeseclassic.com



သဘောမကျလို့လား ကိုယ့်ချစ်သူဆိုရင် နာကျင်အောင် မလုပ်ရက်ပါဘူး . . . ညိုညက်ဆို သူက ကိုယ့်အပေါ် သစ္စာမဲ့တာတောင်မှ ခွင့်လွှတ်လိုက်တယ်။ နာကျင်အောင် မလုပ်ရက်ဘူး ကိုနောင်မင်းကို အတာမချစ်ဘူးလား "

" မောရတဲ့အထဲမှာ ညိုညက်ရာ . . . "

လှေကားတွေက မတ်နေတာပဲ။

မောလိုက်တာ။ ခြေထောက်တွေလည်း ညောင်းတယ် ညိုညက်ပြောသလို သူ့ကိုနာကျင်စေတာက မချစ်လို့လား သည်လောက် ဒါဏ်ရာရသွားဖို့တော့ မရည်ရွယ်တာ အမှန်ပဲ

" မောတယ် ထိုင်ဦးမယ် "

လှေကားမှာထိုင်နေလိုက်တော့ အနားကို သူတို့ ရောက်လာပါတယ်။ သူကတော့ အတော့ဘေး မလှမ်းမကမ်း ထိုင်နေတယ်လေ။ အဖွဲ့လိုက် အုပ်စုတွေက ဟိုနေရာ သည်နေရာလေးတွေမှာ ခွဲပြီး ထိုင်နေကြတယ်။ ရွှေ ဖြိုးဖြိုးတို့ မိုးမိုးအေးတို့တွေလောက်ပဲ ဖျတ်လတ်သန်စွမ်းစွာ မနားမနေ တက်သွားနိုင်ကြပါတယ်။

" လာ လာ သိပ်မောနေရင် မရောက်တော့ဘူး မေတ္တာခင် လာလေကွာ . . . "

" အတာရေ . . . သွားကြရအောင် မမအေး မော်တို့တောင် မီလာပြီ. . . "

အပေါ်ရောက်တော့ ရွှေဥမင်ဘုရားအတွက် အလှူငွေ ကြတယ်။ ပြီးတော့ ဘုရားတွေလိုက်ဖူးကြတာပေါ့။

❀ ရန်ပိုင်ဦးစာပေ ❀



" ဘုရားပေါင်း (၈၀၉၄) ဆူရှိတယ် အတာ . . . "

" ၈၀၉၄ ဆူဟုတ်လား . . . အများကြီးပဲနော်. . . "

ဟိုးအတွင်းပိုင်းထိ ဝင်ခဲ့ကြတယ်။ အတွင်းမှာတော့ အများကြီး စိုစွတ်နေပါတယ်။ ကျောက်စက်ကျရေတွေ ကြောင့်လည်း ရေအိုင်တွေပါ တွေ့ရတာပါလား။

" နတ်သမီးယက္ကန်းစင် . . . ဟုတ်လား "

" ဟုတ်တယ် . . . ငွေတောင်ပြည်ကနတ်သမီးလေးတွေလေ . . . ဘုရားလာဖူးရင်း သည်နေရာမှာ ယက္ကန်းယက်ကြတယ်တဲ့ . . . သည်နေရာမှာ အပ်လုံး အပ်ချည် ဆေးဆိုးကြတယ်တဲ့ . . . တစ်နေ့မှာ ယက္ကန်းယက်ရင်း မိုးချုပ်သွားလို့ သည်ဂူကြီး ထဲမှာ အိပ်လိုက်ရတာပေါ့ . . . "

" ညီအစ်မခုနှစ်ဖော်မို့သာ တော်တော့တယ် . . . မှောင်မည်းနေမှာပဲနော်. . . မြကေဖြင့် ကြောက်ပါတယ် . . . "

" မနက်မိုးလင်းတော့ ဂူဝမှာ ပင့်ကူက သူ့ရဲ့ ပင့်ကူမျှင်တွေနဲ့ ပိတ်လိုက်သတဲ့ . . . "

" သနားပါတယ် သူတို့ ဘယ်လောက်ကြောက်နေ ကြမလဲ . . . ပင့်ကူကဘယ်နားမှာ ပိတ်ထားတာလဲ "

" သည်အဝမှာပေါ့ . . . "

ရွှေဥမင်ကို ငါးခါခြောက်ခါမက ရောက်ဖူးနေတဲ့ ကိုဇေယျက သူကြားဖူးတဲ့ ဇာတ်လမ်းကို ပြောပြတယ်လေ။

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျပြောသမျှ အတော့စိတ်ကူးပုံရိပ်မှာ အခုပဲ ဖြစ်နေသလိုလို ထင်ဟပ်နေပါတယ်။ ပင့်ကူကြီးက ပိတ်နေတော့ တောကစားလာတဲ့ မင်းသားက နတ်သမီးလေးတွေရဲ့ အော်သံကိုကြားပြီး လာကယ်တာလို့ပြောသေးတယ်။

မင်းသားရဲ့မြားချက်ကြောင့် ပင့်ကူကြီးသေသွားလို့ ပင့်ကူရမြို့ကနေ ပင်းတယမြို့ဖြစ်လာတာတဲ့လား . . .။

ရှေးဟောင်းဒဏ္ဍာရီတွေဟာ ပုံပြင်လေးတွေပဲဖြစ်ဖြစ် အတော့ရင်ကိုတော့ စွဲငြိနေပြီး ကိုယ်တိုင် မျက်မြင်ခံစားရသလို ဖြစ်နေတာပေါ့ . . .။

“မေတ္တာခင် သည်မှာကြည့်စမ်း ”

“ အဲဒါ ဘာကောင်လေးလဲဟင် ”

“ ဆင်လေ . . . ဆင်ပေါ်မှာ မြတ်စွာဘုရားရဲ့ လက်တော်ဆို တင်ထားတာ သည်ဘက်ဘုရားမှာတော့ ကြွက်ကလေးပေါ် လက်တင်ထားတယ် သည်ဘုရားမှာတော့ ဖားကွက်ပေါ် လက်တင်ထားတယ် ”

“ ဟုတ်တယ်နော် သေချာကြည့်မှ တွေ့ရတာပါလား သေချာမကြည့်မိရင်တော့ ဘုရားအဆူဆူများနေပြီး ဘာမှ တွေ့ရမှာ မဟုတ်ဘူး . . . ”

ဘုရားအဆူဆူများလှတဲ့ ဝင်္ကပါလမ်းတစ်လျှောက် အုပ်စုလိုက် လျှောက်လာခဲ့ကြတယ်။





“ ရှဥ့်ဆောဘုရားတဲ့ ညိုညက် ရှဥ့်လေး တွေလား ”

ရှေးဟောင်းဘုရားတွေဆိုတော့ အမျိုးမျိုး ထုလုပ်ထားကြတာ ဖူးလို့ မဝနိုင်အောင်ပါပဲ . . .။ အတော့အတွက်တော့ သည်ခရီးစဉ်လေးဟာ ပျော်ရွှင်စရာ ကောင်းတာတော့ သေချာပါတယ်။ အတော့စိတ်မှာ ပျော်ရွှင်နေပါလျက် ဘာလို့များ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုမိတယ် မသိပါ။

“ သည်ဘုရားကြီးက ရှမ်းစော်ဘွားကြီးတည်တဲ့ ဘုရားမို့ ဇနီးဖြစ်တဲ့ရှမ်းမလေးက ရှိခိုးနေတာ တွေလား . . . ဟိုနံရံမှာ ပျားအုံဘုရားတဲ့ ဘုရားလေးတွေက အများကြီးပဲနော် . . . ”

တကယ်ဆို လေ့လာလို့ မဝနိုင်အောင်ပါပဲ။ အတာတို့အတွက်တော့ . . . မမြင်ဖူးသေးသော ဒေသန္တရ ဗဟုသုတတွေလည်း ရပါတယ်။ ဘုရားဖူးပြီး အပြန် လမ်းအဆင်းမှာတော့ သူက အတော့နားရောက်လာပြီး . . . ဖြည်းဖြည်းဆင်း ဘေးတန်းကိုင်ဆင်း . . . မတော် ခြေတစ်ချက်ခေါက်လိုက်ရင် ကျသွားမယ် . . . စေတနာနဲ့ ပြောသာပြောရတာ . . . မရွှေမေတ္တာခင်က စေတနာကို သိတာ မဟုတ်ပါဘူးတဲ့။

“ဘာလို့မသိရမှာလဲ အတာလည်း လူတစ်ယောက်ပါ . . . စေတနာကို ဘာလို့ မသိရမှာလဲ . . . ”

“ ပြန်လှည့်ပြောမနေနဲ့ လိမ့်ကျမယ် . . . ”



www.burmeseclassic.com

www.burmeseclassic.com



လှေကားရင်းရောက်တော့ လေးယုတို့တွေ ဓာတ်ပုံရိုက်နေကြပြီလေ။ အတာကတော့ ဓာတ်ပုံမရိုက်ချင်တာမို့ လက်ဖက်ခြောက်တွေ ရောင်းတဲ့ ဆိုင်တန်းတွေဘက် လျှောက်လာခဲ့ပါတယ်။

"အတာ့ကြောင့် ဒါဏ်ရာဖြစ်သွားတာ စိတ်မကောင်းပါဘူး-သည်လောက်ပဲ့သွားမယ်မထင်လို့ပါ . . ."

"ကိုယ့်အသားကိုက အရေပြားပါးတယ် . . . ဒါကြောင့်ပါ ဆိတ်ဆွဲတဲ့လူ အပြစ်မဟုတ်ပါဘူး . . . အရေပြားပါးတဲ့လူအပြစ်ပါ . . . ဘာမှမဖြစ်ပါဘူး အနာရွတ်ဖြစ်သွားတော့လည်း အမှတ်တရဖြစ်တာပေါ့ . . . မေတ္တာခင်ကို သတိရရင် ဒါဏ်ရာလေးကြည့်ရတာပေါ့ ဟုတ်ဘူးလား . . ."

"တကယ်စိတ်မကောင်းလို့ပြောနေတာ"

"စိတ်မကောင်းမဖြစ်ပါနဲ့ . . ."

ဦးကျော်သန်းတို့ မိသားစုတွေကတော့ လက်ဖက်ခြောက်တွေ ဝယ်ကြတယ်။ ညီညက်နှင့် မြကေ ကတော့ အောင်ပန်းကျမှ မက်မန်းပေါင်းဝယ်မယ်လို့ ပြောနေကြပါတယ်။ အပြန်လမ်းမှာလည်း ထော်လာဂျီလေး စီးလို့ တောင်ခြေမြန်လာခဲ့ကြတာပေါ့။

⌘ ⌘ ⌘ ⌘ ⌘





ညောင်ပင်ကြီးတွေမှာ ဓာတ်ပုံရိုက်ကြတဲ့အခါမှာလည်း လေးယုတို့ကတော့ ကဲနေတာပဲပေါ့။ သူတို့လေးတွေရဲ့ လွတ်လပ်ပျော်ရွှင်မှုတွေကိုကြည့်ပြီး နောင်မင်းသန့်ကတော့ သဘောကျနေမိပါတယ်။ ဓာတ်ပုံစုရိုက်ကြတဲ့အခါမှာ . . . မေတ္တာခင်ဘေးမှာ ရအောင်ရပ်နေလိုက်တယ်။ ဒါပေမယ့် အဲသည့်ကောင်မလေးရဲ့ လက်မြန်မှုကိုလည်း ကြောက်နေရသေးတယ်။

"အနားမှာရပ်ရတာ ခပ်လန့်လန့်ပဲ မဆိတ်နဲ့နော် "

"ပြောတော့ဖြင့် စိတ်မကောင်းမဖြစ်နဲ့ဆို ဘာလို့ပြောနေလဲ "

"နောက်တာပါ မပြောတော့ပါဘူး "

"ပုန်းတလုတ်ကန်မှာ ဓာတ်ပုံရိုက်ချင်တယ် "

"အဲသည့် စိုးစိုးနိုင်ကလည်း တစ်မျိုး ရေတွေပဲရှိတာ ရန်ကုန်ရောက်မှ ကန်တော်ကြီး သွားရိုက် "

"မရဘူး မရဘူး ပုန်းတလုတ်ကန်ဆိုတဲ့ ဆိုင်းဘုတ်ဘေးမှာ ရပ်ပေးပါ . . . ရိုက်မယ် "

မိုးသော်တို့ အလုပ်ထဲက လူတွေဟာ တကယ့်ဇွတ်တွေပါပဲ။ သူတို့အချင်းချင်းတွေ ခင်မင်မှုလည်းရှိ ပျော်ရွှင်မှုလည်းရှိပါပဲ။ နောက်ဆုံးတော့ လေတွေတအားတိုက်နေတဲ့ ကန်ဘောင်မှာ ရအောင် ဓာတ်ပုံရိုက်ကြပါတယ်။

ဓာတ်ပုံရိုက်ပြီးတော့မှ တောင်ကြီးဘက်ကို ခရီးဆက်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်လေ။ ကားထွက်တော့မှ ဆူညံနေတဲ့ စကားသံတွေ အများကြီး တိတ်ဆိတ်သွားတော့တာ။ နေထွက်လာတာမို့ အအေးလည်း အများကြီးပေါ့သွားပါတယ်။

" ဘာတွေငေးနေလဲ "

" ဩော် သည်ခရီးတွေကို နောက်ထပ်ဘယ်နှစ်နှစ်နေမှ ရောက်နိုင်မလဲလို့ . . . "

" ကလောကို သဘောကျတယ်ဆို ဟန်းနီးမွန်း ထွက်လာကြတာပေါ့ . . . "

" ဘာပြောတယ် "

" ဘာမှမပြောပါဘူး "

ပြီးတော့ ဒါဏ်ရာမရှိတဲ့လက်ကို လှမ်းပြလိုက်တယ်။ ဆိတ်ချင်သေးလားဆိုတော့ ရယ်နေတယ်။ တင်မောင်ဦးသာဆို မင်းမို့ မေတ္တာခင်ကို ချစ်တယ်ကွာဆိုပြီး စိတ်ပျက်တဲ့ပုံလေးနဲ့ ခေါင်းခါနေဦးတော့မှာ အချစ်ဆိုတာက အချစ်ပဲမဟုတ်လား။ မင်းရဲ့ အပြစ်အချို့ကို ခွင့်လွှတ်နားလည်ပေးနေတာ . . . အချစ်ရှိနေတာကိုး။

"ကိုမိုးသော်ကြီး သနားပါတယ် ဟိုးနောက်ဆုံးတန်းမှာ သွားထိုင်နေတယ် "

"မိုးသော်နဲ့ ထိုင်ချင်လို့လား ဒါဆို ကိုယ် နေရာလဲပေး လိုက်မယ် "





" ကောင်းတာပေါ့ "

" မလဲပါဘူး . . . သည်နေရာကို ကိုယ်ကလွဲပြီး ဘယ်ယောကျ်ားလေးမှ မထိုင်ရဘူး . . . "

" အမယ် ကိုဇေယျကို ခေါ်ထိုင်လိုက်မယ် . . . "

" ဇေယျလားလာမှာ သူက ဂျူးဂျူးအနားက မခွာနိုင်ဖြစ်နေတာ . . . "

အောင်ပန်းမြို့ထဲ ပြန်ရောက်လာခဲ့ပြီလေ။ တောင်ကြီး ဘက်ထွက်တဲ့လမ်းကို ဦးတည်နေပါပြီ။ သည်ဘက်မှာတော့ ထင်းရှူးပင်တွေ မတွေ့ပါဘူး။ ဘေးနားမှာ အရွက်ကျဲကျဲ ပန်းသီးပင်တွေက စိုက်ခင်းဆိုတော့ မြင်တွင်းအာပြည့်ပါပဲ။

" ထမင်းက ဘယ်တော့စားမှာလဲ "

" ဆာနေပြီလား "

" မဆာပါဘူး မေးကြည့်တာ "

" တောင်ကြီးကျမှ စားမယ်ထင်တယ် . . . "

တော်တော်ကြာကြာမှ ရောက်သွားတဲ့ မြို့က ဟဲဟိုးမြို့ လေးပါ။ တောင်ကြီးကို လေယာဉ်နဲ့သွားမယ်ဆို ဟဲဟိုးမှာ ဆင်းရမယ်လေ။ ဟဲဟိုးမြို့ကိုဖြတ်လာခဲ့တာ ခဏလေးပါပဲ။

"ဖြတ်လာသမျှ မြို့တွေအားလုံးမှာ ကလောကို ကိုယ်သဘောကျတယ် မေတ္တာခင်ရော "

" အတာလည်းအဲလိုပါပဲ ကလောကို သဘောကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာတော့ မေတ္တာခင်ဆိုတဲ့ ကောင်မလေးက စကားကောင်းကောင်းပြောလို့ ရနေပြန်ပါတယ်။ မျက်ဝန်းတွေ မှိတ်ထားရင်း ငြိမ်သက်စွာရှိနေတဲ့ မေတ္တာခင်ကို ငေးကြည့်နေမိတဲ့အခါ. . .။ အချစ်ဆိုတာ ဘာလို့ အံ့ဩဖွယ်ရာခံစားမှုများစွာနှင့် ရှိနေပါလိမ့်လို့ တွေးနေမိပါတယ်။

အချစ်နှင့်တွေ့ရမှာမို့များ မြန်မာပြည်ကို ပြန်လာမိလေသလား။ ကိုကိုကြီးတို့က သတိရလို့ ပြန်လာပါဆိုတာတောင် အမျိုးမျိုး အကြောင်းပြရင်း ငါးနှစ်ကျော်ကြာသွားခဲ့ပါတယ်။ အခုတော့ အချစ်က နောင်မင်းသန့်ကို ဖမ်းစားနေခဲ့ပြီလေ . . .။

ရုတ်တရက်တော့ မေတ္တာခင်ကို ခွဲခွာပြီး ဘယ်လိုမှ ပြန်နိုင်ဦးမည်မထင် . . .။

" ဘယ်ရောက်နေပြီလဲ "

" တောင်ကြီးကို တက်နေပြီ . . . "

အကွေ့အကောက်လမ်းကလေးတွေကို ကားစီးရတာ နောင်မင်းသန့်ကတော့ နှစ်သက်ပါတယ်။ တောင်ကြီးမြို့ကို သိပ်မကြာခင်မှာ ရောက်ရဦးတော့မည်။ အနားမှာ ချစ်သူရှိနေချိန်တွေမို့လား။ ရင်မှာ သိမ့်သိမ့်ကြည်နူးရခြင်း အပြည့်ပါပဲ။

❖ ❖ ❖ ❖ ❖





တောင်ကြီးရောက်မှ ထမင်းစားကြတော့ အချိန်လွန်နေတာကြောင့် ထမင်းစားလို့ မကောင်းလှပါဘူး။ ခရီးသွားဖို့ အစီအစဉ်ကတော့ ဆရာဦးတင်အောင်လွင်တို့ ဦးလေးကျော်တို့ စီစဉ်သမျှပါပဲ။ ထမင်းစားပြီးရင် တည်းခိုသည့်နေရာမှာ ပစ္စည်းတွေချထားပြီး မွေတော်ကက္ကူဘုရားကို ဆက်ကြမည်တဲ့လေ။

" သူများတွေများတော့ အားကျစရာ . . . "

ကိုဇေယျ ထမင်းပန်းကန်ထဲ မြကေ ဟင်းထည့်ပေးတာကိုကြည့်ပြီး ကိုနောင်မင်းသန့် ပြောပေမယ့် တစ်ဝိုင်းလုံး ကြားနေရပါတယ်။

" ညီညက်ရေ ကြားလား "

" ကြားတယ် ကိုမိုးသော် . . . "

" အားကျနေရှာတယ် . . . "

" ပြောလိုက်လေ မြကေ . . . ကိုယ်တို့ထားတဲ့ သံယောဇဉ်က နှစ်ရှည်ကြာခဲ့ပြီ . . . အခုမှတွေ့တဲ့ ရက်ပိုင်းလေး မဟုတ်ဘူးလို့ . . . "

" အချစ်ဆိုတာ ရက်အကန့်အသတ်နဲ့ မဆိုင်ဘူး . . . အချစ်က မျက်တောင်တစ်ခတ်မှာတောင် ရင်ခုန်ခံစားနိုင်တယ်"

" တယ်ဆိုတဲ့ စာပါလား၊ နောင်မင်းသန့် တစ်ယောက် သဘောမလိုက်တော့ပဲ စာရေးဆရာလုပ်တော့မယ်ထင်တယ်"

" သည်လောက်နုနေပြီဆိုရင်တော့ လက်တွေ့ကျ ဖြစ်နိုင်တယ်မိုးသော် . . . "



www.burmeseclassic.com

www.burmeseclassic.com



" ငါတို့ရဲ့ ဟာနီမွန်းက အခုမှ အမြီးပေါက်တာပါကွာ. . . "

အတာကတော့ သူတို့သူငယ်ချင်းသုံးယောက် ပြောချင်ရာပြောသမျှ မသိချင်ယောင်ဆောင်နေရတယ်။ မြကေကတော့ ကိုဇေယျနှင့် ချစ်သူတွေဖြစ်သွားကြပြီဆိုတော့ သူချစ်သူနားမှာ ပျော်ရွှင်မဆုံး ကြည်နူးနေတော့တာပါ။

"တောင်ကြီးမှာ ထမင်းစားရတာက ကလောမှာ စားရသလောက် မကောင်းဘူး . . . "

" အချိန်လွန်သွားလို့ပါကွာ . . . "

ထမင်းစားပြီးကြတော့ တည်းမဲ့နေရာမှာ အထုပ်အပိုးတွေ သွားထားကြတယ်လေ။ ပြီးတော့မှ ရွှေတော်ကတ္တူဘုရားဖူးဖို့ ခရီးထွက်ကြပြန်တာပေါ့။ အတာကတော့ တစ်ခေါက်မှမရောက်ဖူးလေတဲ့ ခရီးလမ်းတွေမို့ . . . နှစ်သက်နေသလို ငေးကြည့်နေမိမြဲ။

" စိုက်ခင်းလေးတွေရှိတယ်နော် . . . ဘာတွေလဲ မသိဘူး . . . "

" ကိုယ်ထင်တာတော့ ကြက်သွန်ဖြူ စိုက်ခင်းတွေ ထင်တာပဲ . . . "

"မီးရထားလမ်းလည်းရှိတယ် ဘူတာလည်းရှိတယ်နော်"

ရွာလေးတွေကို ဖြတ်သွားရတဲ့အခါ သန့်ရှင်းသပ်ရပ်





မှုကိုတွေ့ရပါတယ်။ အိမ်ကလေးတွေ စိုက်ခင်းလေးတွေနဲ့ . . . လူတွေကို တွေ့တဲ့အခါမှာ အဝတ်အစားအရ ပအိုဝ် လူမျိုးတွေ များတယ်လို့ တွေးရတာပေါ့ . . .။ သူဒေ သူ့နေရာနှင့်သူ ပျော်ရွှင်အေးချမ်းမှုတွေ ရှိနေတာပါလား . . .။

"သည်ဘုရားကို အတာ အရမ်းရောက်ဖူးချင်ခဲ့တာကြာပြီ. . . တီဗွီမှာမြင်ရတည်းက ရောက်ဖူးချင်ခဲ့တာ အခုတော့ အတာ့ဆုတောင်း ပြည့်ပြီပေါ့ . . . "

" ကိုယ့်ဆုတောင်းလည်း ပြည့်တယ် "

" ဘာဆုတောင်းလို့လဲ . . . "

" ရွှေတော်ကတ္တူဘုရားကို ချစ်တဲ့လူနဲ့ ဖူးရပါစေလို့ . . . ဆုတောင်းထားတယ် "

" ဟုတ်လည်း ဟုတ်ပဲနဲ့ . . . "

" ဟုတ်တယ် "

" ကိုဇေယျဆုတောင်းတယ်ဆို ဟုတ်သေး . . . "

" ကိုယ်လည်း မေတ္တာခင်နဲ့ ဖူးရတယ်လေ "

" ဘာပြောတယ် ဟိုဘက်လက်ပါ ပဲ့သွားချင်ပြန်ပြီလား"

သူရယ်နေတယ်။

တကယ်ဆို သူက မြကေကို သံယောဇဉ်ပိုသလို မြကေကလည်း သူ့ကိုသံယောဇဉ်ပိုတယ်လို့ အတာထင်ခဲ့တာ။ ခုတော့ မြကေက ကိုဇေယျကိုမှ ချစ်သတဲ့လေ။ ဒါတို



www.burmeseclassic.com

www.burmeseclassic.com



အတာ ကျေနပ်သွားတယ်ဆိုတာ ဝန်ခံရမှာပါပဲ။

" မေတ္တာခင်ရဲ့ချစ်သူဆိုရင်တော့ မလွယ်ဘူးနော် သည်ဘက်လက် ဟိုဘက်လက် ပလာစတာတွေ ပတ်တီးတွေနဲ့ ဒါဏ်ရာဒါဏ်ချက် . . . ဗရပွနဲ့ . . . "

အတာရယ်ရပြီလေ။ ခုချိန်ထိ သူ့လက်ခုံမှာ ပလာစတာက ခွာမှမခွာရသေးတာ။

" သတို့သားမှ မဖြစ်သေးဘူး ခေါင်းမှာ ပတ်တီးစီးချင်စီးရမှာ "

" အမယ် အဲလောက် လက်သံ မပြောင်ပါဘူးနော် . . . "

" ဒါဆို တော်သေးတာပေါ့ . . . "

အတာရယ်နေတာကို သေချာစူးစိုက်ကြည့်နေတော့ ဟိုဘက်လှည့်နေရပါတယ်။ ချစ်ခြင်းကို အတာကြောက်ပါတယ်။

ညိုညက်ရဲ့ မျက်ရည်တွေကို အတာ မြင်ဖူးခဲ့ပြီ။ ချစ်သူရဲ့ ရက်စက်မှုကြောင့် . . . ထိခိုက်ကြေကွဲရတဲ့ ခံစားမှုတွေကို အတာကြောက်ခဲ့ပါပြီ။ ဒါကြောင့်လည်း အချစ်က အတာ့ဆီရောက်လာလေမလား တွေးဆ စိတ်မောခဲ့ဖူးပြီ။ အခုတော့ အချစ်က အတာ့ဆီ ရောက်လာခဲ့ပါပြီ။

အချစ်ရဲ့ ရက်စက်ခြင်းတွေ။

အချစ်ကြောင့် ကျရတဲ့ ကြေကွဲမျက်ရည်တွေ။

အတာ မကြောက်ဘူးလား။





မကြောက်ပါဘူး။ အတာ့ကိုချစ်လို့ အတာကလည်း ချစ်လို့ ချစ်သူရှိပါပြီတဲ့။ အတာ့ချစ်သူက သစ္စာဖောက်လို့မရဘူး။ မေတ္တာခင်ကို သေကွဲကွဲတာပဲ ခံမယ်။ သစ္စာမဲ့လို့ကတော့ မလွယ်ရေးချ မလွယ်။

" မေတ္တာခင်မှာ ချစ်သူရှိလား "

" ဟယ် မရှိပါဘူး ဘာတွေလျှောက်မေးနေသလဲ "

အသံတိုးတိုးလေးမေးပေမယ့် တခြားလူတွေကြားသွားတော့ ဘယ်ကောင်းမလဲ။

" မေတ္တာခင်ကို ပြောစရာရှိတယ် "

" ဟာ . . . မပြောပါနဲ့ မပြောနဲ့ . . . ဟယ် ဟိုးမှာ ရထားလေးလာတယ် ကြည့်စမ်းပါဦး . . . တွဲကမရှည်ဘူးနော် . . . ကားရထားလေးကျနေတာပဲ . . . "

" ဟိုးမှာကြည့်စမ်း . . . မွေတော်ကတ္တူဘုရားတွေနေရပြီ"

ခပ်လှမ်းလှမ်းမှာကတည်းက လှမ်းမြင်နေရပါပြီ။ အတာကတော့လေ. . . သူပြောမည့်စကားလည်း နားမထောင်ချင်အောင်ပါပဲ။ အချစ်ကို ညိုညက်ကြောင့် မဝံ့မရဲတော့သလိုလို ဖြစ်တော့ အတာက ညိုညက်မဟုတ်ဘူးလေ။ သည်တော့ . . . အတာသာ ညိုညက်လို ရင်ဆိုင်ရရင် ။

" အတာရေ . . . လာ . . . ဘုရားဖူးပြီးအပြန်ကျမှ ဓာတ်ပုံရိုက်ရအောင် . . . "

မြကေနှင့် ကိုဇေယျဘောမှာ ညိုညက်နှင့် အတူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့ပါတယ်။ သူ နောက်မှာပါလာမှန်းသိပါလျက် လှည့်မကြည့်မိအောင် နေရတာပေါ့။ သူပြောမည်ဆိုသော စကားတွေကို မကြားရဲသလိုလိုပါပဲ . . .။

“ အတာ ”

“ ဘာလဲကိုဇေယျ . . . ”

“ ဟိုမှာကြည့်စမ်း . . . မြင်ဆင်ရဦးမယ့် ဘုရားလေးတွေ အများကြီးရှိသေးတယ်နော် ငါတို့နိုင်ငံက တိုင်းရင်းသားတွေဟာ အလှူရေစက် လက်နဲ့မတွာ လှူချင်ကြတဲ့ သူတွေချည်းပဲ . . . မြကေ . . . ကိုယ်တို့ ခမ်းနားကြီးကျယ်စွာ လက်ထပ်ကြမယ့်အစား . . . အမှတ်တရ တစ်ခုခုလှူရအောင် . . . ”

“ ကောင်းတာပေါ့ . . . ”

“ ဟုတ်လား မေတ္တာခင် တောင်းလား ”

နောက်နားကကပ်ပြီး . . . ထွက်လာတဲ့အသံကြောင့် လှည့်ကြည့်မိတော့ ကိုမိုးသော်နှင့် သူက ပြုံးပြုံးကြီး။ ကိုဇေယျတို့ ညီညက်တို့ မြကေတို့ကပါ ရယ်ကြတယ်။

“ ကိုနောင်မင်းသန့်တော့ မဟုတ်တော့ဘူး . . . အတာ ဒေါသထွက်လာပြီနော် . . . ”

“ မိုးသော်ရေ ဒေါသထွက်လာပြီတဲ့ ဝေးဝေးရှောင်ကြ တော်ကြာ ဆိတ်ဆွဲရာက ကိုက်ပါကိုက်လာရင် မလွယ်ဘူး. . .

သူ ရှေ့ကို သွက်သွက်လျှောက်သွားပြီ။





ကိုဇေယျကတော့ နောင်မင်းတစ်ယောက်ကလေ အတာနဲ့တွေ့မှ စတတ်နောက်တတ်နေတယ်တဲ့ . . .။ သူ ရှေ့ကလျှောက်သွားမှ ကိုမိုးသော်ကြီးနှင့်အတူ အတာ လျှောက်လာခဲ့ပါတယ်။

“ ဟုတ်တယ် အတာ နောင်မင်းက နင့်ကျမှ စတာပါ တာ တခြားကောင်မလေးတွေကို ရင်းရင်းနှီးနှီးမနေပါဘူး. . . ”

“ သူတို့လှူဘက်တပါလား ”

ဒီဘက်က ဘုရားတွေက လက်ရာတစ်မျိုးလေးနဲ့ သပ္ပာယ်လှပါတယ်။ အတာတို့ ဘုရားဦးချကန်တော့ကြပြီးတော့ အပြန်ကျမှ အမှတ်တရ ဓာတ်ပုံတွေ ရိုက်ကြတာပါ . . .။

“ နောင်မင်း . . . မင်းကလည်းလေ အမှတ်သည်းခြေ ကို မရှိဘူး . . . ဓာတ်ပုံရိုက်ပြီဆို အတာ့နား သွားသွားကပ် တာ စိတ်မထင်ရင် ကုတ်ဆွဲလည်း မမှတ်ဘူး . . . ”

ကိုဇေယျကတော့ ပြောရင်း ရယ်နေတယ်လေ။

ဘုရားဖူးပြီးတော့ ကြက်သွန်ဖြူဝယ်ကြတယ်။ ကြက်သွန်ဖြူတွေအများကြီးတွေ့တော့ အတာလည်း ယ်ချင်ပါတယ်။ ဒါပေမယ့် အတာတို့အိမ်မှာ မာဖိုမှူးက သက်လေ . . .။ ညီညက်က မပြောရပါဘူး။

“ အိမ်ရှင်မဆိုတော့လည်း မီးဖိုချောင်ပစ္စည်း မြင်ရင် နေနိုင်ဘူးလေ ကြက်သွန်ဖြူဝယ်ရဦးမယ် ဟိုနေ . . .



www.burmeseclassic.com

www.burmeseclassic.com



ကတော့ . . . မဝယ်ချင်နေပါ . . .”

အတာကတော့ ရောက်လေရာ ကော်ဖီမစ်တစ်ခွက်တော့ သောက်ချင်တာမို့ ကော်ဖီမှာသောက်နေတာ၊ မမအေးတို့ မော်တို့တွေလည်း ကြက်သွန်ဖြူဝယ်ကြတယ်၊ တစ်ကားလုံး မဝယ်တဲ့လူ မရှိပါဘူး။

“ခရီးထွက် ဈေးဝယ်ရတာ ပျော်စရာကောင်းတယ် ကိုနောင်မင်းရော . . . နိုင်ငံခြားမှာ ဈေးမဝယ်ဘူးလား. . .”

“ မဝယ်ပါဘူး ညိုညက်ရာ . . . ကျွန်တော့်မှာ မိသားစုလည်း ရှိမှမရှိတာ . . .”

“ ဒါဆို နောက်ဝယ်မှာပေါ့ ဟုတ်လား ”

“ ဟင့် အင်း ညိုညက် ချစ်သူကို မခွဲနိုင်လို့ မသွားတော့ဘူး. . .”

သူ့အပြောကြောင့် ညိုညက်တို့ကရယ်ပါတယ်၊ အဲဒါမျိုးတွေပေါ့ ကြည့်လို့ကို မရဘူး။

◻ ◻ ◻ ◻ ◻





လှလိုက်တာ။

ကျောင်းဆောင်တွေရဲ့အပေါ်မှာ တောင်တန်းကြီးက မှီးလို့၊ သစ်ပင်တွေ တောင်စောင်းတစ်လျှောက်ပေါက်နေတာ ကိုလည်း နှစ်သက်စွာ ကြည့်နေမိပါတယ်၊ သူတို့အုပ်စုတွေက ခုမှ ရေသွားချိုးနေကြလေရဲ့။

“ ဘာဖြစ်လို့လဲ လေးယု ”

“ စိုးစိုး အရမ်းချမ်းလာလို့ပါ . . . ”

“ ဩော် သည်ကောင်မလေးဟာ ရေပြောင်းမြေပြောင်း ရေအရမ်းချိုးရသလား. . . ”

ရာသီဥတုရဲ့ ပြောင်းလဲမှုကိုလည်း . . . မခံနိုင်ကြပဲ သည်ကလေးမတွေ ရေချိုးရဲတင်းတယ်ဆို ဦးလေးကျော်က တော့ တဖျစ်တောက်တောက် ဆူနေလေရဲ့၊ လေးယုတို့ မိုးမိုး အေးတို့တွေ အလှပြင်နေချိန် စိုးစိုးနိုင်ကတော့ စောင်ပုံကြီး အောက်မှာ အိပ်နေလေရဲ့။

“ ထမင်းစားသွားကြမယ်လေ . . . ”

အုပ်စုလိုက်လေးတွေ အလျှိုလျှိုထွက်ကုန်ကြပါတယ်၊ သကြိန်နားနီးနေပေမယ့် တောင်ကြီးရဲ့ ညက အေးချမ်းနေဆဲပါပဲ။

“ အေးတယ်နော် ”

“ ချမ်းနေပြီလား မေတ္တာခင်. . . ”



www.burmeseclassic.com

www.burmeseclassic.com



" မချမ်းပါဘူး အနွေးထည်ဝတ်လာတာပဲ . . . ဘာလို့ အနွေးထည်မဝတ်လဲ . . . "

" ကိုယ်မှ မချမ်းတာ . . . "

ရှုပ်လက်ရှည်က ထူပါတယ်။ ဒါကြောင့် အနွေးထည် မဝတ်ပဲလာခဲ့တာပါ။ တောင်ကြီးညချမ်းရဲ့ အအေးဓာတ်လေး ကိုလည်း နှစ်သက်ပါတယ်။ ညဈေးတလျှောက် လျှောက်လည် တဲ့အခါ အနားမှာ မေတ္တာခင်ရှိနေတာကိုလည်း နှစ်သက်တာ ပေါ့လေ. . .။

" ဘာဝယ်ချင်လဲ "

" မဝယ်ချင်ပါဘူး . . . "

" ဖေယျတို့ ဂျူးဂျူးတို့ ဆိုင်ထဲဝင်သွားကြပြီလေ . . . ဝယ်ရအောင်ပါ လာလေ "

" ဘာမှ မဝယ်ချင်ပါဘူး . . . မုန့်စားချင်နေပြီ "

" ထမင်းစားမလား "

" ထမင်းမစားချင်ပါဘူး . . . "

" ဘာစားမလဲ "

" ဆီချက်ခေါက်ဆွဲ . . . "

မေတ္တာခင်ဆိုတဲ့ကောင်မလေးဟာ . . . ထမင်းစားချိန်မှာ ထမင်းမစားပဲ ဆီချက်ခေါက်ဆွဲ စားနေပြန်ပါတယ်။

" ဖေယျ . . . ငါ့ဖို့တော့ ထမင်းပဲမှာကွာ "





ထမင်းနဲ့ဟင်းစားရမှဆိုတဲ့ အကျင့်က နိုင်ငံခြားတုန်း ကတောင် ဖျောက်မရတာ။ ဖေယျတို့ကတော့ မြကေနှင့်သာ ဆိုရင် ဆီချက်ပဲစားရစားရ ဖြစ်နေတော့တာ။

" မနက် အင်းလေးသွားမှာပေါ့နော် "

" ဒါပေါ့ . . . "

" ဟယ် . . . အတာ နှာချေတယ် ချမ်းလို့လား စိုးစိုးတစ်ယောက်တော့ ရေအချိုးကောင်းလို့ မီးယပ်ချမ်းထပြီး အိပ်ကျန်ခဲ့ပြီ အခုနောက်တစ်ယောက် နှာချေနေပြန်ပြီ. . . "

" မချမ်းပါဘူး . . . "

" အမယ် နှာချေတာတောင် ဆင်တူဖြစ်နေပါရောလား"

ရုတ်တရက် နောင်မင်းသန့်ပါ နှာချေတော့ မြကေက ပြောလာပြီ. . .။

" မြကေ "

" ဘာလဲ အတာ "

" ငါ ဆိတ်ဆွဲမှာနော် . . . "

" ဆိတ်ချင်ရင်တော့ ကိုနောင့်ကိုပဲ ဆိတ်လိုက် သူ ဒါဏ်ရာတစ်ခုမပျောက်ခင် နောက်တစ်ခုရချင်လို့တဲ့ . . . "

နောင်မင်းသန့် လက်ခုံပေါ်က ပလာစတာကိုပဲ ပြောနေကြတယ်လေ။

အဲသည့်ကောင်မလေးကလည်း သိပ်တော့ လွယ်သာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ။ သည်ကောင်မလေးနှင့်များ လက်ထပ်ပြီးလျှင် . . . ။ ရိုးသားဖြူစင်တဲ့ စိတ်ကလေးကတော့လှပါတယ်လို့ မိုးသော်က ပြောပါတယ်။ ကြည့်ရတာ မေတ္တာခင်က ချစ်တဲ့သူပြောမည်ဆို ပြောလို့ရမယ်ထင်ပါရဲ့ . . ။

အတော့မှာ သချာပြောဆိုဆုံးမမယ့်သူ မရှိခဲ့လို့ပါ။ ငယ်တည်းက အဖေအမေဆုံးလို့ အဒေါ်နဲ့နေခဲ့တယ်။ အဒေါ်ကလည်း သူ့စီးပွားသူရှာပြီးတော့ အတော့ကို လှည့်မကြည့်ခဲ့ဘူး။ ပင်ကိုယ်စိတ်ရင်းလေး ဖြူစင်ပါတယ်။ ကျန်တာကတော့ မင်းလက်ထဲရောက်တော့ ပြင်ပေါ့ကွာတဲ့ . . . မိုးသော် ပြောသလိုပဲ လက်ခံရတော့မှာပါ။

" ပြန်ကြစို့ . . . ပြန်ကြစို့ . . . ချမ်းပြီ . . . "

တည်းခိုသည့်ကျောင်းအရောက် လမ်းလျှောက်ပြန်ခဲ့ကြပါတယ်။ မနက်ဖြန်ဆို အင်းလေးခရီးစဉ် ဘယ်မှာ ညဘက်တည်းမည်မသိ၊ နောက်နေ့မနက်ဆို ရန်ကုန်ပြန်ဆင်းကြမည်။

နောင်မင်းသန့်တို့နှစ်ယောက် ဝေးကွာသွားစရာအကြောင်းတော့ မရှိနိုင်ပါဘူးနော် မေတ္တာခင်။ ကိုယ်တို့ နီးသည်ထက်သာ နီးလာမှာ မဟုတ်လား။ ပျော်ရွှင်ချမ်းမြေ့ဖွယ် နှစ်ယောက်ဘဝလေးကို ရရမှာပေါ့လေ။

ရွှေညောင်ပင်ဈေးရှေ့ လက်ဖက်ရည်ဆိုင်မှာ မနက်စာစားကြပါတယ်။ အိမ်ရှင်မ ညိုညက်ကတော့





ဈေးတန်းကိုလျှောက်ကြည့်ရင်း ဟင်းသီးဟင်းရွက်တွေ သိပ်လတ်ဆတ်တာပဲ ဝယ်ချင်လိုက်တာတဲ့လေ။

" မေတ္တာခင် . . . "

" အင်း ပြော . . . "

" ညိုညက်ကတော့ ဈေးဝယ်ချင်နေပြီ မေတ္တာခင်ကရော . . . "

" ညိုညက်လောက် စိတ်မဝင်စားပါဘူး ဒါပေမယ့် အတာ ထမင်းဟင်း ချက်တတ်ပါတယ်နော် . . . "

" ကိုယ့်ကို ချက်ကျွေးမလား "

"ပလာစတာခွာလိုက်ရပြီဆိုပြီး လာနောက်နေတာလား"

ကိုနောင်မင်းသန့်တစ်ယောက် အတော့နားမှာပဲ အမြဲရှိနေတာကို စိုးစိုးတို့ကတောင်ပြောပါတယ်။ ဘာလို့ အနားမှာ ရှိနေရတာလဲဆိုရင် . . . သူက ပြန်ပြောဦးတော့မှာပါ။ ထိုင်တော့လည်း အတူလေ။ ကိုဇေယျနှင့်မြကေအကြောင်း သူတို့တွေ သိလို့လည်း ဝိုင်းစနေကြတာပါ။

" နောက်ဆုံးတော့ နင့်နဲ့ငါပဲ ကျန်ပါလား ညိုညက် "

ကိုမိုးသော် သည်လိုပြောတော့ ညိုညက်ပြုံးနေပါတယ်။ အဲသည့် ကျန်တဲ့လူနှစ်ယောက်ပဲ ချစ်လိုက်ပေါ့လို့ အတာ ပြောလိုက်တဲ့အခါမှာ ကိုမိုးသော်ကြီးက ဘာပြောတယ်မှတ်လဲ

" ဒါပေါ့ဟာ . . . နင့်နောင်မင်းကိုတော့ ညိုညက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ပေးနိုင်တော့မလဲ ညိုညက်ပြောလိုက်လေ . . . မိုးသော်ထက် နောင်မင်းက ပိုချစ်စရာကောင်းတယ်လို့ "

" တော်ပါပြီ တော်ပါပြီ ညိုညက် ဘယ်သူမှ ချစ်စရာမကောင်းတော့ပါဘူး . . . "

ညိုညက်သည်လိုပြောတော့ အတာ စိတ်မကောင်းပါဘူး။ ညိုညက်ရင်မှာ တင်မောင်ဦးကြောင့်ရခဲ့တဲ့ဒါဏ်ရာက ကျက်ကောကျက်သေးရဲ့လားမသိ။ ကလေးတွေသွားမယ်ကားပေါ်တက်တော့လို့ ဦးလေးကျော်အောင်တော့မှ ခရီးဆက်ကြရတယ်။ ညောင်ရွှေကိုသွားရတဲ့လမ်းက ခဏလေးပါလမ်းဘေးမှာ စပါးနဲ့ ကြက်သွန်ဖြူစိုက်ခင်းတွေမှ အများကြီး။

" တောင်တန်းကြီးတွေကို မြင်ရတာကို ကနှစ်သက်စရာလိုပါပဲ "

" မေတ္တာခင် "

" ရှင် . . . "

" မေတ္တာခင်ကို ဘဝခရီးတစ်လျှောက်လုံးမှာလည်း ခုလိုပဲ အတူတွဲသွားချင်တယ် "

" ဟယ် . . . ဘာတွေပြောနေတာလဲ "

" အမှန်အတိုင်းပြောတာလေ . . . စဉ်းစားထားနော် . . . ရန်ကုန်ပြန်ရောက်ပြီးတော့ စဉ်းစားပြီးမှ ဖြေပါ . . . မေတ္တာခင်ကို သေတပန်သက်တဆုံး သစ္စာရှိရှိချစ်မှာပါ





. . . သစ္စာရှိမှ နှစ်သက်တဲ့စိတ်ကို ကိုယ်သိတယ်လေ. . . "

သူတိုးတိုးလေးပြောတဲ့စကားတွေဟာ အတာ့နှလုံးသားထဲကို ဘာလို့များ ကျယ်လောင်စွာ ဝင်ရောက်လာရတာပါလိမ့် . . . သစ္စာရှိရှိ သေတပန်သက်တဆုံးတဲ့လား။ အတာကလည်း အချစ်ကို သည်သို့အချစ်သာ လိုချင်တာပါလေ။

" ချစ်သူတွေ ဖြစ်သွားကြရင် မေတ္တာခင်ကို ကိုယ်က ခင်လေးလို့ ခေါ်မယ် ခင်လေးက ကိုယ့်ကို မောင်လို့ခေါ် . . . "

အတာမနေနိုင်တော့ ရယ်မိပြီ။

သူကိုယ်သူ အတော်အထင်ကြီးနေတာပါလား။ အတာက ပြန်ချစ်ရမယ်လို့ တထစ်ချ တွက်ဆထားလေသလား။

" ရှင့်ကို ဘယ်သူက ပြန်ချစ်မယ်ပြောလဲ "

" ခင်လေးကလည်းလေ . . . "

အတာ မျက်စောင်းထိုးကြည့်တော့ သူ့အပြုံးနှင့် တွေ့ရတယ်။ နွေးထွေးသောမျက်ဝန်း တွေ့ရတယ်။ နွေးထွေးသော မျက်ဝန်းလေးတွေဟာ ရှင့်ရင်ထဲက စစ်မှန်သော အချစ်ရဲ့ သက်သေလားဟင်။ အတာက တစ်ဘဝလုံးအတွက် တစ်ယောက်ပဲချစ်ချင်တာ။ ရှင်ကရော အဲလိုချစ်နိုင်မှာတဲ့လား . . . ။ ညိုညက်ရဲ့ မျက်ရည်စတွေကို ဖျတ်ခနဲ သတိရလိုက်တဲ့ အခါမှာတော့ အတာ့ ကြည်နူးမှုတွေ ရုတ်ခနဲ ပျက်ပြယ်သွားသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



" အတာ့ ဒေါသကို ရှင်သိတယ် မဟုတ်လား "

" ဒေါသဖြစ်အောင် လုပ်မှ ဒေါသဖြစ်မှာပဲ ကိုယ်က ခင်လေးအပေါ် သေတပန်သက်တဆုံးချစ်မှာ လက်တွဲသွားမှာ ဘာစိတ်သောကမှ ရှိစရာမရှိဘူး "

" အပြောကောင်း "

" တကယ်ပြောတာ . . . "

ညောင်ရွှေမြို့က နေခြည်နုနုမှာ လှပလန်းဆန်း နေပါလား။ အတာ့အတွက်တော့ မြင်သမျှ မြင်ကွင်းတွေဟာ နှစ်သက်စရာ ကျေနပ်စရာတွေပဲ မြင်နေတာဟာ အတာ့ရင်ထဲမှာ ကြည်နူးခြင်းတွေ ရှိလို့များလား. . .။ ရှင့်ရဲ့အချစ်ကို အတာ ခဏတော့ စောင့်ကြည့်ပါရစေဦး ။

⌑ ⌑ ⌑ ⌑ ⌑

လှေဆိပ်ကိုရောက်ခဲ့ပြီ။

နောင်မင်းသန့်တို့က လူနှစ်ဆယ်ပဲရှိတာဆိုတော့ လှေတစ်စင်းဆိုရပါပြီ။ လှေပေါ်ကို တစ်ယောက်ပြီးတစ်ယောက် ဆင်းတဲ့အခါ အမျိုးသမီးတွေကို ထိန်းဆင်းခိုင်းရတာပေါ့ . . .။ မြကေရဲ့ အတာရော အတာ၊ ညိုညက်ရောဆိုတဲ့ အသံကို ကြားနေရပါတယ်။ အားလုံးနေရာတကျဖြစ်သွားလို့ နောင်မင်း





ထိုင်လိုက်တဲ့အချိန်မှာ ဘေးမှာ ဇေယျကိုတွေ့ရတယ်။

" ဂျူးဂျူး ရော "

" ဟိုး ရှေ့မှာ "

" ဘယ်လိုလဲ ကိုယ့်ချစ်သူအနား ထိုင်မှပေါ့ "

" ကောင်မလေးတွေ လိမ့်ကျမှာစိုးလို့ထိန်းချပေးရင်း မြကေက ရှေ့ရောက်သွားတာပါ မင်းသာ မင်းချစ်သူအနားမှာ နေပါ "

ဇေယျက ပြုံးပြုံးကြီးကြည့်ရင်း ပြောလိုက်တာမို့ နောက်လှည့်ကြည့်မှ မေတ္တာခင်ကို နောက်နားကပ်လျက်မှာ ညိုညက်နှင့်အတူ တွေ့ရပါတယ်။

" မိုးသော်ရော "

" ဟိုးရှေ့မှာ ဓာတ်ပုံရိုက်မယ်တဲ့ကွာ "

" တွေ့လား တွေ့လား လေးယုတို့ စတင် ပဲများပါပြီ "

လေးယုက လှေနံရံပေါ်တစောင်းထိုင်ပြီး ဓာတ်ပုံရိုက်နေပြန်တယ်။ နေခြည်က နုတယ်ဆိုပေမယ့် အတော်စူးရှနေပါပြီ။ အင်းထဲမှာ မေ့ာင်းလာခဲ့တော့ စက်ရှိန်ကြောင့် ရေပန်းရေမွှားတွေနဲ့ . . . .။ နောင်မင်းသန့်အတွက်တော့ ပင်လယ်တွေထဲ ဖြတ်နေတော့ ရေမကြောက်တော့ဘူးလေ။ မေတ္တာခင့်အသံငြိမ်နေလို့ လှည့်ကြည့်မိတယ်။

" ငတ်လှချေလား "



www.burmeseclassic.com

www.burmeseclassic.com



" မမအေးတို့က ရေကြောက်တယ် "

မမအေးက ပြန်ဖြေပေးပေမယ့် မေတ္တာခင်တို့ ညိုညက်တို့လည်း သည်ပုံစံလေးတွေပဲထင်ရဲ့။ ငြိမ်ငြိမ်လေး။ ဟိုးနောက်မှာ မမော်တို့သားအမိ။ အမေ့ကိုတော့ ကုလားထိုင်နဲ့ သေချာ နေရာစီစဉ်ပေးထားတာ။ စက်လှေအရှိန်နဲ့ ရေတွေထဲ လက်ကလေး ထည့်လိုက်တာ။

" ဟယ် ရေတွေစင်ကုန်ပြီ ကိုနောင်မင်းရေ ရှင်ရေပက်ချင်တာကစ်ယောက်ဆို သေချာပက် နောက်ကိုစင်တယ် . . . "

မမော်တော့ အော်ပြီ။

" စကားပြောလေကွာ . . . တိတ်နေတယ် "

" ဘာပြောရမလဲ "

" ဟိုးမှာတွေ့လား ရွာတွေ လှတယ်နော် . . . "

အဝေးမှာ တောင်တန်းတွေ ရွာလေးတွေ သစ်ပင်တွေ တကယ့် သဘာဝအလှရှုခင်းပါပဲ . . ။ သဘော်ပေါ်မှာဆိုလည်း မြို့တွေနားနီးရင် နောင်မင်းသန့် ရှုခင်းတွေကို နှစ်သက်စွာ ကြည့်နေမိမြဲ။

နေပူလာပြီ။ ဦးထုပ်ပြာလေးဆောင်းထားတဲ့ မေတ္တာခင်။ ညိုညက်ကတော့ ပုဝါလိမ္မော်လေးနှင့် ချည်ထားတယ်။

" အတာ . . အပြန်ကျရင် ကလောမှာ ဆင်းနေခဲ့တော့မယ် . . . ညည်းသူငယ်ချင်းက ရန်ကုန်ထိခေါ်နေတာ





. . . ကိုယ့်မှာ ခြံကိစ္စလေးရှိနေလို့ပါ . . . ကိုယ်မလိုက်ဘူးဆိုလို့ စိတ်ကောက်နေတယ် . . . "

ဒါကြောင့်ကိုး။ ဂျူးဂျူးတစ်ယောက် ဇေယျကို စိတ်ကောက်ပြီး အနားမှာ မနေတာနေမှာ။

" ကိုဇေယျက လိုက်ခဲ့ပေါ့ . . . "

" လိုက်ချင်တာပေါ့ အတာရယ် . . . ကိုယ်တကယ် အရေးတကြီးအလုပ်ရှိနေလို့ပါ . . . အခုရက်ပိုင်း အလုပ်များပြီး လကုန်လောက် အားပါပြီ လကုန်ရင် ရန်ကုန်ဆင်းခဲ့ပါမယ်ဆို အတာ့သူငယ်ချင်းက စိတ်ကောက်တယ် "

" မြဲကေမို့ စိတ်ကောက်နေတာ "

" အတာဆို လက်ပွဲပြီမဟုတ်လား "

နောင်မင်းသန့် ဝင်ပြောတော့ မေတ္တာခင် ချိုချိုလွင်လွင်လေးရယ်ပါတယ်။

" ဒါကြောင့်မို့ စကားပုံတွေကပြောတာပေါ့ . . . ပုဝါပါးကို ကြက်သားထုတ်ရင် စွန်းရသတဲ့ . . . "

" အတာလည်းဘယ်ဆိုးလို့လဲ ဒါကြောင့် ညည်းက တစ်မြို့တည်းသားပဲ ချစ်မယ်ဆိုပါတော့ "

" ကိုဇေယျနော် . . . "

နေရှိန်လည်း တော်တော်ပြင်းလာပါပြီ။ ဗေဒါပင်တွေလည်း မြင်ရပြီ ဗေဒါပွင့်တွေပွင့်နေလိုက်တာ။ ကျွန်းမျောတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင် သီးနှံပင်တွေစိုက်ထားတယ်။ ခြေထောက်နဲ့ လှေကလေးလှော်နေတဲ့ ငါးဖမ်းလှေလေးတွေလည်း တွေ့နေရပြီ။

" ယက္ကန်းရုံတွေ အရင်ဝင်ကြည့်လိုက်ကြနော် ပြီးမှ ပတ်ပြီးတော့ ဘုရားဖူး ထမင်းစား ..."

ယက္ကန်းရုံတွေမှာတော့ ...အင်းလေးထည်တွေမှ အများကြီးပါပဲ။

" ခင်လေး ဘာဝယ်လဲ "

" ဘာမှမဝယ်ဘူး "

" ခင်လေး ...."

" တခြားလူတွေကြားတော့မှာပဲ ..."

" စိတ်ဆိုးမနေနဲ့ ...သတိထားဆင်း ...ကိုယ့်လက်ကိုကိုင်ပြီး ထိန်းဆင်းကွ ...လိမ့်မကျဖို့ အရေးကြီးတယ် .."

မေတ္တာခင်ဆိုတဲ့ ကောင်မလေးကတော့ လှေပေါ်က အဆင်း လှေပေါ်ကအတက်တွေမှာ ကြောက်ရွံ့ပုံရပါတယ်။ နောင်မင်းသန့်ကို ပြန်လည်းရန်မဖြစ်အား၊ ကမ်းပေးသော လက်ကိုသာ အားပြုပြီး အတက်အဆင်းပြုပါတယ်။

ခရီးသွားကြတာပဲ ..။

အားလုံးဟာ ဖေးမကူညီ ပျော်ရွှင်နေကြပါတယ်။

❀ ရန်ပိုင်ဦးစာပေ ❀



" ထမင်းအရင်စား ပြီးမှ ဘုရားကြာကြာဖူးမယ် ညိုညက် စိပ်ပုတီးစိပ်မှာ ကြာမယ်နော် ..."

ထမင်းသွားစားကြတော့ ...ရှမ်းဆန်စေးစေးကို စားချင်လို့ မှာစားရပါတယ်။ တို့ဟူးကြော် တို့ဟူးသုတ်ပါ မှာကြတယ်လေ။ လေးယုတို့များ ထမင်းစားနေတဲ့ပုံကိုတောင် ဓာတ်ပုံရိုက်သေးတယ်။ ထမင်းစားပြီးမှ ဘုရားဖူးကြရတယ်။

" အတာတို့အတွက် ရွှေသက်န်းကပ်ပေးနော် ကိုနောင်မင်း "

" ကပ်ပေးရမှာပေါ့ဗျာ ..."

ဘုရားရွှေသက်န်းကပ်ပြီး အချိန်အတော်ကြာ စိပ်ပုတီးစိပ် ဘုရားရှိခိုးကြပါတယ်။ ညိုညက်ကတော့ အကြာကြီး စိပ်ပုတီးစိပ်တယ်။ မြကေနဲ့မေတ္တာခင်ကတော့ စကားပြောရင်း ထိုင်စောင့်ပေးကြတယ်လေ ...။

" ဘုရားပန်းအိုးလေးတွေ ပန်းကပ်ထားတာ သဘောကျတယ်။ ခရမ်းရောင်ပန်းအိုးမှာ ခရမ်းရောင် မေမြို့ပန်းနဲ့ ဟပ်နေတာပါလား ..."

ဘုရားအကြာကြီးဖူးပြီးတော့မှ ဈေးဝယ်ကြတယ်လေ။ ဝယ်စရာတော့ ဘာမှမရှိလှပါဘူး။ နောင်မင်းသန့်ကတော့ အမှတ်တရဆိုပြီး အင်းလေး လွယ်အိတ်ကလေး တစ်လုံးပဲ ဝယ်ပါတယ်။

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



" လေးယု တကယ် ဓာတ်ပုံရိုက်နိုင်တယ် နေပူနေတာ ပြင်းပြင်းထန်ထန်ကို. . . "

ကျောက်ပြားတွေကို ခြေမချနိုင်အောင်ပူနေတာတောင် နေပူကိုမမှု၊ သူတို့ကတော့ မရအရ ဓာတ်ပုံရိုက်နေကြတော့ တာပါပဲ . . .။

" ခင်လေး ဓာတ်ပုံမရိုက်ဘူးလား "

အကောင်းမေးတာကို မျက်စောင်း လှည့်ထိုးရသေးတယ်။ ညိုညက်ကတော့ ပြုံးနေတယ်။ မြကေနှင့်ဇေယျကလည်း ဓာတ်ပုံလျှောက်ရိုက်နေကြတာ။ မိုးမိုးအေးတို့တွေလည်း ဓာတ်ပုံရိုက်။ ဒါပေါ့လေ. . . သည်လိုနေရာကို နောက်ထပ် ဘယ်နှစ်နှစ်မှ ရောက်နိုင်မည် ဘယ်သူသိတာလိုက်လို့ . . .။ နောင်မင်းသန့်ကိုယ်တိုင်ကော . . . အင်းလေးဘုရားကို ဘယ်နှစ်နှစ်မှ လာဖူးဖြစ်သလဲ၊ နိုင်ငံခြားပြန်ထွက်ဖို့ကရော . . . ရန်ကုန်ပြန်ရောက်ရင်တောင် ကုမ္ပဏီက ပြန်ခေါ်ချင်ခေါ်နေတော့မှာ . . .။

ခင်လေးနှင့် ခွဲနေရဦးမလား။

ခင်လေးကရော သူပြန်သွားဖို့ကို ဘယ်လိုဆုံးဖြတ်မလဲ၊

ချစ်ပဲချစ်ပါစေဦးလေ့။မေတ္တာခင်ဆိုတဲ့ ဒေါသအိုးကွဲလေးက လွယ်တာ မဟုတ်။

" မစိုး မစိုး . . . ရေမချိုးနိုင်ရင် မချိုးနဲ့သိလားသူများတွေမခံချင်အောင် စတာနဲ့ မချိုးနဲ့နော် "





ရေတွေချိုးပြီး စောင်ပုံကြီးထဲဝင်နေရတဲ့ စိုးစိုးကို ဆရာဦးတင်အောင်လွင်တို့ မချိုတို့ ဝိုင်းစနေကြတယ်. . .။ လှေကားထစ်မှာ ဝိုင်းထိုင်ရင်း ဓာတ်ပုံရိုက်နေတဲ့လူတွေကို စောင့်နေကြတာပေါ့။

" ဘယ်တွေသွားဦးမလဲဟင် "

" အပြန်မှာ အလိုတော်ပေါက်ဘုရားဝင်မယ် ပြီးတော့ ငါးဖယ်ချောင်းကျောင်းဘက်သွားမယ် . . . "

" ကဲ ကဲ ဓာတ်ပုံရိုက်တဲ့လူတွေ တော်ကြမယ် . . . နေပြင်းလာပြီ အလိုတော်ပေါက်ဘက် ဖူးကြဦးမယ် . . . "

နေပူလို့ ကျောက်ပြားတွေပေါ် ဖြတ်ပြေးကြရတယ်။ မေတ္တာခင်ဆိုတဲ့ ကောင်မလေးကတော့လေ . . . သူများတွေပြေးလွှားနေတာ သူက ဟန်အပြည့်နဲ့ ဆင်မယဉ်သာလျှောက်နေတယ်။

" ခင်လေး ပြေးလေဟာ ပူတယ် ငါ့ အတင်းသက်ဆွဲပြေးရမလား. . . "

" ကိုနောင်မင်းသန့် . . . ကိုယ့်ဘာသာ သွားပါလား "

" သည်နှစ်ယောက်ကတော့လေ မျက်နှာချင်းဆိုင်တာနဲ့ "

စက်လှေပေါ် ရောက်တော့ နေ့က ပြင်းပြင်းပူနေပါပြီ။ ဒါတောင် ရေရှိန်ရှိနေတယ်။

ဘယ်လိုပဲ ရေရှိန်ရှိရှိ အသားပေါ်ကို ကျနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အပူရှိန်က ပြင်းလွန်းတယ် မမအေးနဲ့ မမထွေးကတော့ ထီးကလေးတစ်ချောင်းနဲ့ . . .။

" ကိုနောင်မင်း နေမပူဘူးလား ထီးရိပ်ဝင်ပါလား . . ."

ဇေယျကတော့ သည်တစ်ခါစကလေ့ပေါ် အတက်မှာ ဂျူးဂျူးရှိတဲ့ ဟိုးရှေ့ဘက်ရောက်သွားပြီ။ နောင်မင်းကတော့ ခင်လေးဘေးက မခွာရက်ဘူးပေါ့။ ဦးထုပ်ပြာလေး ဆောင်းထားပေမယ့် အကျီလက်စကလေးကြောင့် လက်တွေလည်း နေပူနေပြီ။ ခင်လေးရဲ့ ပေပေတေတေစိတ်က သည်လိုနေရာလည်း ခပ်ပေပေပါလား။ ညိုညက်ကတော့ ထီးဆောင်းနေပြီ

" အတာ ထီးရိပ်ဝင်ပါလား . . ."

" ညိုညက်ဆောင်းပါ . . ."

" ညိုညက် ကြည့်စမ်း မေတ္တာခင်ရဲ့ အသားက နေထိမခံဘူး ချက်ချင်းမည်းသွားပြီ . . ."

တကယ်လည်းဟုတ်ပါတယ်။ အသားတွေပူလောင်အောင် ခံစားရတယ်။ စိုးစိုးနိုင်နဲ့ တင်မေသိန်းကတော့ မျက်နှာသုတ်ပဝါကြီးဆောင်းလို့။ ဇေယျတို့ကတော့ ဂျူးဂျူးထီးရိပ်မှာ အဆင်ပြေနေပါလား။

" အတာ ထီးဖွင့်ဟာ ကိုနောင်မင်း ရှေ့ထီးဆောင် . . . အတာဟာ ညိုညက်ထီးရိပ်ဝင် "

ညိုညက်အတင်းထီးဆောင်းပေးမှပဲ။ သည်ကောင်





လေးကို သံယောဇဉ်ထားရတာ သံယောဇဉ်ထားရသူအတွက်တော့ ပင်ပန်းတော့မှာပါလား။

◻ ◻ ◻ ◻ ◻

" အလိုတော်ပေါက်ဘုရားပြီးရင် ဘယ်သွားမှာလဲ "

" အတာဟာလေ . . . ကလေးလိုပဲ ညိုညက်ဖြင့် ရောက်ရာမှာ အေးအေးဆေးဆေး ပုတီးစိပ်နေတော့တာ . . . အဲလိုမျိုး မနေဘူး . . ."

ကိုဇေယျဘေးမှာဝင်ထိုင်ပြီး စကားတွေများနေတယ်လေ။ ရောက်ရာနေရာမှာ ကော်ဖီမစ်တစ်ခွက်လည်း သောက်တတ်တယ်ဆိုပြီး ကိုဇေယျက ပြောနေပြန်တယ်။ ညိုညက်ပုတီးစိပ်နေလို့ အေးချမ်းတဲ့အရိပ်မှာ ခဏထိုင်စောင့်ကြတာပေါ့. . .။

" ခင်လေး . . . ဓာတ်ပုံရိုက်မလား . . . ဟိုဘက်တံတားလေးမှာ သိပ်လှတယ် လာလေ "

ကိုနောင်မင်းခေါ်တော့ မြကေက လိုက်သွားလေ ညိုညက်ကို မြကေတို့စောင့်ပေးမယ်တဲ့။ ကိုနောင်မင်းနဲ့ လိုက်သွားလာရတာ။ ခင်လေးလို့ခေါ်ပြီး နွေးထွေးသောချစ်ဝန်းကြောင့်လည်း သူ့စိတ်မှာဘာတွေရှိတယ် ညိုညက်အဖို့

www.burmeseclassic.com



ပျောင်သိနေပြီ။

" တွေ့လား . . . အဲသည်မှာရိုက်ပါလား လှတယ် နောက်မှာ စက်လှေတွေ ဝင်ထွက်နေတာကိုလည်း ရိုက်လို့ရတယ်လေ. . . "

ဟုတ်ပါတယ်. . . ။

ရေဆင်းတံတားမှာရိုက်ရင် ရှုခင်းတွေသိပ်လှတာပါပဲ၊ နောက်ဘက်မှာ အင်းထဲက အိမ်တလေးတွေလည်း ရှိတယ် တောင်တန်းကြီးတွေလည်းရှိတယ် ပြီးတော့ . . . စက်လှေတွေနဲ့ ဝင်ထွက်နေတာ။

" ကိုနှောင်မင်းရော ရိုက်လေ အတာရိုက်ပေးမယ် "

" ကောင်းပြီလေ ခင်လေးရိုက်ပေးတဲ့ဓာတ်ပုံဆိုပြီး အမြဲတမ်းသိမ်းထားမယ် နိုင်ငံခြားပြန်မယ်ဆိုလည်း ယူသွားမှာပေါ့ . . . "

" နိုင်ငံခြားပြန်မယ် ဟုတ်လား "

" ဒါပေါ့ အဲဒါကိုယ့်အလုပ်လေ. . . "

" ဪ . . . "

ဓာတ်ပုံရိုက်ပေးပြီးတော့ လူစုံတာနှင့် ပြန်ထွက်လာခဲ့ကြပါတယ်၊ ဖေါင်ဖယ်ချောင်းကျောင်းကို သွားကြပါတယ်၊ ပေဒါပွင့်တွေ အရမ်းပွင့်နေတာပါလား။ ကျောင်းကြီးက နှစ်ပေါင်းများစွာကြာခဲ့ပြီဆိုတာ ကြည့်ရုံနှင့်သိပါတယ်။ အထဲမှာ





ဘုရားတွေလည်းရှိပြီး၊ သည်ဘုရားဆင်းတုတွေဟာ အများကြီးရှေးကျနေပြီလို့ အတာထင်ပါတယ်၊

" ကြောင်ခုန်ကျောင်းလို့က ကြောင်ကလေးတွေက လိမ္မာပြီး ခုန်ခိုင်းရင် ခုန်တယ်လေ တွေ့လား "

" အတာ သူ့များတွေက ကြောင်လေးတွေသွားကြည့် နေတယ် ညည်းက ဘာကြည့်နေလဲ. . . "

"ဘုရားဆင်းတုတွေ အရမ်းစိတ်ဝင်စားတယ် တိုမိုးသော်ကြည့်ပါဦး မြတ်စွာဘုရား စောင်းတန်းတလျှောက် တွေ့လာတဲ့ပုံမျိုးလည်းရှိတယ် ရှေးကျတဲ့ ဆင်းတုတွေဆိုတာ မကိုင်မှုတွေကြည့်လည်းသိတယ်၊ အပြင်အဆင်တွေက သိသာတယ် အတာ စိတ်ဝင်စားနေလို့ပါ . . . "

ကျောင်းကြီးအကြီးကြီးမှ ဘုရားဆင်းတုတွေ အများကြီးကို အတာ့စိတ်မှာ အံ့ဩနှစ်သက်နေသလို လိုက်ကြည့်နေမိပါတယ်။ သည်ကပြန်ထွက်ပြီးရင်တော့ ပြန်ကြမည်တဲ့။ နေက ပြင်းထန်စွာပူနေဆဲ။ ဒါပေမယ့် လှိုင်း အနည်းငယ် ရှိသလိုပါပဲ။ လေလည်းတိုက်တယ်။ ရှေ့ပိုင်းမှာ ထိုင်တဲ့လူတွေကတော့ ရေတွေစက်လို့ အကုန် စိုရွှဲနေတာပါပဲ။ အတာတို့ နောက်ဘက်ကတော့ အနည်းငယ်ပဲ ရေစင်ပါတယ်။

အားလုံး တမနက်လုံး ပျော်ရွှင်လန်းဆန်းတက်ကြွစွာ ဘုရားဖူးပျော်ရွှင်ခဲ့ကြပြီးလို့လားမသိ အပြန်မှာအားလုံး



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေကြပါတယ်။ ကိုနောင်မင်းနဲ့ ကိုမိုးသော်ပဲ နိုင်ငံခြားမှာရှိတဲ့ သင်္ဘောဆိပ်တွေအကြောင်း ပြောနေပြန်တော့ သူက သူ့အလုပ်ထဲ ပြီးရင်ပြန်သွားမှာဆိုတဲ့စကားကို အတာသတိရလိုက်မိပါတယ်။

⌑ ⌑ ⌑ ⌑ ⌑

" အတာ . . . ညိုညက် . . . အိပ်တော့မယ် အံ့ပါရဲ့ဟာ . . . မနက်ဖြန်ဆို ပြန်ကြရမယ် . . . ခုလိုမျိုးခင်မင်ကြတဲ့ သူငယ်ချင်းတွေမိတ်ဆွေတွေ အတူစုပြီး တွေ့ရဖို့ဆိုတာ တနှစ်လည်း မသေချာ နှစ်နှစ်လည်း မသေချာပါဘူး . . . ဘယ်လိုဖြစ်လို့ အိပ်ရမှာလဲ မရဘူး . . . ထွက် ထွက် . . .

" မြကေ . . . သွားစရာရှိရင် ကိုဇေယျကို ပို့ခိုင်းပါဟာ . . ညိုညက်တို့ အိပ်ပါရစေတော့ "

" မရဘူး . . . မရဘူး . . . "

ထမင်းစားပြီးတာနှင့် အိပ်မလို့ဟာ။ ထမင်းကလည်း စုပြီးစားကြတော့ ချိုင့်တွေထဲရှိသမျှ ကြက်သားကြော်တွေ သုတ်လိုသုတ် မန်ကျည်းရွက်တွေဝယ်ပြီး သုတ်လိုသုတ် . . . မနက်ဖြန်မှာ ပြန်တော့မှာမို့ ချိုင့်တွေထဲ ပါလာသမျှ အသားကြော်တွေ ကြက်အူချောင်းကြော်ဆော့ အပြုတ်ဖြတ်





ကြတယ်လေ။

" ခုနပဲ ထမင်းစားတာ အတာတို့ မအိပ်ရဘူး ထပါ "

" မမတာ . . . မိုးမိုးအေးတို့နဲ့ လမ်းလျှောက်ရအောင်ပါ"

" မှောင်နေပြီ ဘယ်သွားမှာလဲ "

" ကျောင်းဝိုင်းထဲမှာ သွားထိုင်မယ် . . . "

အားလုံးအတင်းခေါ်လို့သာ အတာနှင့်ညိုညက် လိုက်လာခဲ့ရတာပါ။

" ကိုမိုးသော်နဲ့ ကိုနောင်မင်းရော . . . "

" လက်ဖက်ရည်ဆိုင်သွားတယ် "

" လက်ဖက်ရည်ရော ဟုတ်ရဲ့လား "

" ဟုတ်ပါတယ် အတာရာ . . . ဘာလဲ နောင်မင်း အရက်သောက်မှာ စိုးရိမ်လို့လား "

" အမယ် မစိုးရိမ်ပါဘူး "

" ဟုတ်ရဲ့လား "

" ဟုတ်တယ် ကိုဇေယျနော် . . . "

ပြောနေတုန်းရှိတယ် ခြံဝမှာကိုမိုးသော်နှင့် အတူဝင်လာတာ တွေ့ရပါပြီ။

"ညမိုးချုပ်လည်း လက်ဖက်ရည်သောက်တာပါပဲလား"

" အတာကလည်း ငါ့အလုပ်ထဲမှာလည်း သောက်တာ ပါပဲ ဘာလဲ ငါတို့ကို မျက်စိအောက်က အပျောက်မခံနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသလား. . . ”

“ ကိုမိုးသော်နော်. . . ”

“ ညိုညက်တို့ အိပ်တော့မယ်ဆိုတာ အားလုံးက မနက်ဖြန် ဆိုပြန်မှာ မအိပ်ရဘူးဆိုပြီး အတင်း သည်ခေါ်လာတယ် . . . ”

လေလေးမှာကို အေးမြခြင်းတွေရှိနေတယ်။ သစ်ရွက်လှုပ်ခတ်သံကလည်း စည်းချက်လိုက်နေသလိုပါဘဲ။

ကိုယ့်အုပ်စုလေးတွေနဲ့ကိုယ် ဟိုနားတစ်ဝိုင်း သည်နားတစ်ဝိုင်း ဝိုင်းဖွဲ့စကားပြောနေကြတယ်။ တကယ်ဆို မနက်ဖြန် ပြန်ကြမယ်။ ကိုယ့်အိမ် ကိုယ့်မိသားစုနှင့် အရင်လို ပြန်ခရီးဆက်ကြတဲ့အခါ. . .။ ရုတ်တရက်တော့ သည်လူစုတွေ ဘယ်လိုပြန်ဆုံနိုင်မှာတဲ့လဲ။

“ ခင်လေး . . . ကော်ဖီမစ်မသောက်တော့ဘူးလား”

“ အိပ်တော့မှာမို့ မသောက်တာ . . . ”

“ အစောကြီး ဘာလို့အိပ်မှာလဲ နှမြောစရာကောင်းပါတယ် . . . မနက်ဖြန်ညမှာ ကိုယ်တို့တွေ တွေ့ဖို့လွယ်လား. . . ”

“ ကားကဖြည်းဖြည်းမောင်းမှာပါ . . . ”

“ ခင်လေးကတော့လေ . . . မအိပ်ပါနဲ့ဦး . . . ”

“ ကိုနောင်မင်းက စိတ်ကူးကောင်းတယ်နော် . . . ”





“ ဘာလို့လဲ ညိုညက် . . . ”

“ ဪ အတာ့ကို အားလုံး အတာပဲခေါ်တာ ကိုနောင်မင်းခေါ်တာလေးက နှစ်သက်စရာပါပဲ . . . ”

“ အဲဒါက ဘယ်သူနဲ့မှမတူအောင် ရင်ထဲက ခံစားရတဲ့အတိုင်း ခေါ်တာပါဆိုမှ ညိုညက်ရယ် . . . နှစ်သက်စရာ ကြည်နူးစရာ ရင်ခုန်စရာ . . . ”

“ ကိုမိုးသော်ကြီးတော့ ပြောမရပါလား ”

လှမ်းရိုက်ပေမယ့် အလယ်မှာညိုညက်ခြားနေတာမို့ မမိလိုက်။ ကိုမိုးသော်ကြီးကိုလည်းမမိရော အနားကပ်ထိုင်နေတဲ့ သူ့ပုခုံးစွန်းကို ထုပစ်လိုက်တာပေါ့။

“ ဪ ပြောတာက မိုးသော်လေ. . . ”

“ ဘာလဲ ဘာလို့ခေါ်လဲ ခေါ်တဲ့လူလည်းထုမှာပဲ မခေါ်နဲ့ နောက်မခေါ်နဲ့ မေတ္တာခင်ကို မေတ္တာခင်ပဲခေါ် . . . ”

“ နာမည်ဆိုတာ သတ်မှတ်ချက်တစ်ခုလေ . . . ကိုယ့်စိတ်မှာသတ်မှတ်တဲ့အတိုင်းခေါ်မှာပေါ့ . . . မိုးသော်မင်းတို့ မစနဲ့ကွာ မင်းတို့ စတာနဲ့ ငါခေါ်တဲ့နာမည်လေး ပျောက်သွားဦးမယ်. . . ”

“ စစ မစစ မခေါ်နဲ့ ”

သူမပြောတဲ့အတိုင်း မသိချင်ယောင်ဆောင်နေတယ်။ စိုးစိုးနိုင်တို့ကတော့ ဘယ်သူမှ မအိပ်ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အိပ်ပြီဆိုပြီး အခန်းဆီ ပြန်ဝင်သွားပြီ။ အားလုံးလည်း ပြန်ကုန်ကြပြီမို့ ညိုညက်လက်ကို ဆွဲပြီး အတာပြန်ဝင်လာခဲ့ပါတယ်။ မအိပ်ချင်တဲ့လူတွေ နေခဲ့တော့ အတာတော့ အိပ်မယ် မနက်လည်း စောစောထရမှာ။

အိပ်မည်လို့ ကြံရွယ်ဆဲ၊

" ညိုညက်နဲ့အတာ နင်တို့မှာ အရက်ပျံနဲ့ ပတ်တီး ပါတယ်ဆို "

" ဘာဖြစ်ရပြန်ပြီလဲ ဘာဖြစ်ပြန်လဲ ပြော "

" နောင်မင်း ... သံပြားကြီးခလုတ်တိုက်လိုက်တာ ခြေမကြီးကွဲထွက်သွားတယ် သွေးတွေချည်းပဲ "

အတာ ဝန်ခံပါတယ်။

စိတ်မှာ ထိတ်သွားသလိုပါပဲ။

ဒါကြောင့် အရက်ပျံပုလင်းနဲ့ ဂွမ်းပတ်တီးတွေ ထုတ်ပေးပြီး ဘယ်မှာလဲ ... စိတ်ညစ်ပါတယ်လို့ လွှတ်ခနဲပြောမိပြီ။

" လာပါဦး ညိုညက်ရာ ... တကယ်ပဲ သိပ်ဒုက္ခပေးတာပဲ လမ်းလျှောက်တာ ကြည့်လျှောက်မှပေါ့ ... မျက်နှာကြီးမော့ပြီး ဘယ်ကြည့်နေလဲမှ မသိတာ ဖြစ်တော့မှာပေါ့ ... "

အတာ တဖျစ်တောက်တောက်ပြောပြီး ကိုမိုးသော် နောက်က လိုက်ခဲ့တယ်။ ခုနက ခုံလေးပေါ်မှာပဲ





သူထိုင်နေပါတယ်။ အတာ့စိတ်ဟာ ပူပန်မှုတစ်ခုကြောင့် ဝန်းကျင်မှာရှိတဲ့ လူတွေကို ရုတ်တရက် မေ့သွားသလို ဖြစ်ခဲ့တာပါလား။

" ဘယ်မော့ကြည့်နေလဲ ... ဘယ်မှာဘာတွေ ကြည့်စရာ သည်လောက်များနေလို့ လမ်းတည့်တည့် မကြည့်ရတာလဲ ပြစမ်းပါဦး။ တကယ်ပဲ စိတ်ညစ်ပါတယ် ... ဒါဏ်ရာမရှိရင် မနေတတ်ဘူးလား မသိဘူး ... "

ခြေထောက်ကို အုပ်ပြီးဖိထားတဲ့ သူ့လက်ကို ဆွဲဖယ်ပစ်လိုက်တယ်။ အား နာတယ် ခင်လေးရာ ညည်းသိပ်ကြမ်းတမ်းတာပဲတဲ့။

နာမှာပေါ့ သည်လောက်တော့ နာမှာပေါ့။ ကိုမိုးသော် အရက်ပျံများများထည့်လေ ... စပ်ပါစေ ... သည်လောက် နမော်နမဲ့ဖြစ်နေတာ ... ကိုမိုးသော်ကလည်း အရက် မသောက်ရဲတဲ့လူလို လက်တုန်နေပြန်ပါပြီ ပေး ပေး အတာ လုပ်မယ် ...။

" ဘုရား ဘုရား ခင်လေး လက်ထဲကိုသာ အရက်ပျံနဲ့ ဂွမ်းအပ်လိုက်ရင် ငါ မချိမဆန့်အော်ရမှာ မင်းမသိဘူးလား မိုးသော် ... "

" အမယ် စေတနာနဲ့ မြန်မြန်ပျောက်အောင် ဆေးထည့် ပေးတာ ... "

ဒါဏ်ရာကများပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရက်ပုံ့ဆွတ်ထားတဲ့ 'ဂွမ်းတော်တော်များများ ကုန်တာတောင် သွေးတွေက စိမ့်နေဆဲ။ အတာလည်း ချွေးပျံနေပြီ။ ကိုမိုးသော်ကတော့ ပတ်တီးသာစည်းထားလိုက် သွေးတိတ်သွားမှာပါတဲ့။

" နင်တို့ဖယ်ပါဟာ . . . တစ်ယောက်တစ်မျိုးနဲ့ "

နောက်ဆုံး ကိုဇေယျလက်အပ်လိုက်တော့မှ ပတ်တီးလေးနဲ့ ကြည့်ပျော်ရှုပျော်ဖြစ်သွားတယ်။

" ဆေးခန်းမှာသာဆို ချုပ်ချင်ချုပ်ရမှာ "

" ခင်လေးရယ် . . . အချွန်နဲ့များ မနေတာလား . . . ခုတောင်နာလှပြီ . . . ချုပ်ခိုင်းချင်နေသေးတယ် "

" ရှုပ်ပျာရှုပ်ပျာနဲ့ ဘယ်ကြည့်နေမှန်းမှမသိတာ . . . "

" အတာ "

" ဘာလဲ "

" ငါတို့သိသွားပြီ "

" ဘာလဲ ကိုဇေယျနော် ဘာလဲ "

" လူတစ်ယောက်ရဲ့စိတ်ဟာ ထိတ်လန့်တာတို့ စိုးရိမ်တာတို့လို ပုံမှန်ဟန်ဆောင်မှုမရှိချိန်မှာ ဖြစ်ပေါ်တာဟာ ပကတိစိတ်ခါတ်ပဲ နင့်စိတ်ကို ငါသိသွားပြီ "

" ဘာတွေလာပြောနေလဲ . . . စိတ်တိုလာမယ် စိတ်တိုလာရင် မြကေ စိတ်ဆိုးမှာမသိဘူး ကိုဇေယျကြီးကို ကုတ်ဆွဲပစ်မှာနော် . . . "





သူတို့ရှေ့မှာ မနေရဲဘူး အထူးသဖြင့် သူ့ရဲ့ ကြည်နူးစွာပြုံးနေတဲ့ အပြုံးကိုလည်း ရင်မဆိုင်ရဲဘူး။ ဒါကြောင့် အိပ်ရာထဲအမြန်ပြေးဝင်လာခဲ့တယ်။ ညီညြက်အနားမှာ ဝင်အိပ်တာကိုတော့ သိပါတယ်။ ဒါပေမယ့် ငြိမ်နေလိုက်တယ်။

" အတာ . . . "

" အိပ်တော့မယ် ညီညြက်ရယ် . . . "

" အချစ်ကို အတာတွေ့ပြီဆိုရင် အတာ့စိတ်နဲ့ကတော့ အတော်ကြီး ခံစားရလိမ့်မယ် . . . "

" မတွေ့ပါဘူး ဘာအချစ်မှမတွေ့ဘူး အိပ်ကြပါစို့ . . . "

ဘာပဲပြောပြော . . . ညီညြက်ပြောတာ မှန်ပါတယ်။ အချစ်ကို အတာတွေ့ပြီဆို အတာ့စိတ်နှင့်တတော့ . . . ။ ဘာပဲဖြစ်ဖြစ် သူသာ အတာ့ကို သစ္စာမဖောက်ဘူးဆိုရင် အခက်အခဲမရှိနိုင်ပါဘူး။

¤ ¤ ¤ ¤ ¤

ကြည်နူးရပါတယ်။

ခြေထောက်ဒါဏ်ရာ တစစ်စစ်နာနေပေမယ့် ရင်မှာလည်း တသိမ့်သိမ့်ကြည်နူးနေရတာပါပဲ။ ခင်လေးရဲ့ စကားသံမှာ နူးညံ့ချိုသာမှု နည်းပါတယ်။ ဒါဏ်ရာရတဲ့လူကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆူဆူပူပူတွေပြောနေတာ။ ဒါပေမယ့် စိုးရိမ်ပူပန်မှုတွေကို တွေ့နေရတာပါလား။

ဇေယျကတောင်ပြောတယ်။ ကျမ်းတောလေးမှာလည်း အချစ်ရှိတာပါလားတဲ့။ အချစ်က လူကို နူးညံ့စေတယ်သာ ပြောတာ. . . အတာတို့ကတော့ ချစ်လည်း ခပ်ကြမ်းကြမ်း ချစ်နေတာ မင်းကတော့ မလွယ်ပါဘူး နောင်မင်းရာတဲ့. . .။

ကိစ္စမရှိဘူး

ခင်လေးရင်ထဲက အချစ်ကိုသာ တွေ့ရပါစေ . . . ခင်လေးနှလုံးသားကို မြင်နေရရင် ကျေနပ်ကြည်နူးပါတယ်။

"တလောတော့ပြန်ရောက်ပြီ ငါဆင်းနေခဲ့မယ် . . . အတာ. . . မြကေကို စိတ်ရှည်ပြီး သည်းခံလိုက်ပါဟာ နော်"

ကလောမှာပဲ ထမင်းစားကြတယ်။

ပြီးတော့ နိုးဘုရားသွားဖူးကြတယ်လေ. . .။

" ခြေထောက်နာနေပြီ မဟုတ်လား . . . "

ဘုရားကျောင်းတော်ပေါ်တက်ဖို့ ကားပေါ်က ဆင်းကြတော့ နောင်မင်းသန့်တစ်ယောက် ခြေထောက် ကောင်းကောင်း မထောက်နိုင်တော့ပါဘူး။ တစ်ရက်တည်းပဲလေ . . . ရန်ကုန်ရောက်မှပဲ ဆေးကုတော့မယ် စိတ်ကူးထားလိုက်တယ် . . .။

" ခင်လေး စိတ်ပူနေတာလား "

" မပူပါဘူး "





" ဒါဆို ကြည့်မနေနဲ့ပေါ့ "

" မကြည့်ပါဘူး . . . လာ ညှိုညှက် သွားစို့ စေတနာ နားမလည်တဲ့လူအနားမနေနဲ့ . . . "

ခင်လေးကို စရတာကောင်းတယ်။ စိတ်ဆိုးတတ်ပုံလေးကို သဘောကျလို့ကို ပြောနေရတာ ဇေယျနှင့်မြကေကတော့ အတူသွားနှင့်ပြီ ဇေယျနေခဲ့မှာကို ဘယ်လိုချော့ပြောထားတယ်မသိ မြကေ စိတ်ကောက်ပုံမရတော့။

" ကိုနောင်မင်း ခင်ဗျားအနာ ရှင်းနေပုံရတယ် ဆေးထိုးသင့်တယ် "

" ရပါတယ် . . . ဆေးသောက်ပါမယ် . . . "

နိုးဘုရားဖူးရတယ် . . .။

သကြန်အကြိုဖြစ်ပေမယ့်လို့ တခြားနေရာတွေသာ ရေပက်နေတယ်. . . ဘုရားမှာတော့ မပက်ပါဘူး။ မုန့်လုံးရေပေါ်တွေ မုန့်လက်ဆောင်းတွေ စတုဒိသာကျွေးတာလည်း နှစ်သက်စရာကောင်းပါတယ်။ ဘုရားရှေ့မှာ သီလယူမည့် မြို့ခံလူတွေ အများကြီး ပျော်စရာကောင်းတဲ့ မြန်မာပြည်ရဲ့ နှစ်သက်စရာ မြင်ကွင်းတွေပါ။

" တွေ့လား ဥပုသ်လာယူတာ လှူဖွယ်ပစ္စည်းတွေက အစုံအလင်ပဲ . . . ပျော်စရာကြီးနော်. . . "

ဘုရားဖူးပြီး လူစုံအောင်စောင့်နေကြခိုက် အနိမ့်ပိုင်းမှ ထင်းရှူးတောကို နှစ်သက်စွာကြည့်မိပါတယ်။ ဇေယျက



www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးသီးလေးတစ်လုံး ကောက်ပေးတယ် . . . သဘာဝအရ ထင်းရှူးသီးလေးတွေက ပန်းပွင့်လေးတွေလိုလို နာနတ်သီးလေး လိုလိုနှင့် နှစ်သက်စရာပါ။

" အိမ်မှာ ကိုယ်ဆင်းနေခဲ့တော့မယ် . . . လက်ကို လာခဲ့ပါမယ် . . . ဖုန်းဆက်လည်း ရနေတာပဲနော် မြကေ . . . စိတ်ချပါ . . . နောင်မင်းတို့ထက်အရင် လက်ထပ်ဖြစ် ပါစေမယ် . . . "

ဇေယျအပြောကြောင့် မြကေနှင့် ညီညွှက်ရယ် ပေမယ့် မန္တေခင်လေးကတော့ ဟိုဘက်လှည့်ပြီး မ ချင်ယောင်ဆောင်နေပါတယ်။

" ကြည့်သေးတာပေါ့ ဇေယျရာ မင်းအရင်ယူမလား ငါအရင်ယူမလားဆိုတာ . . . "

ခင်လေးဆိုတဲ့ ကောင်မလေးကတော့ ကားရှိ တစ်ယောက်တည်း ထွက်သွားပြီ။ စိတ်ဆိုးတတ်မှ စလို့ကောင် တယ်ဆိုတာ အဲသည့်ကောင်မလေးမသိပါလားလို့ မိုးသေ ပြောနေတယ်လေ။ လူစုံလို့ ကားထွက်လာပြီးတော့ ဇေယျ အိမ်ပြန်ပို့ကြတယ်။

" တူမလေး မြကေခိုင် မငိုပါဘူးနော် "

ဇေယျကားပေါ်ကအဆင်းမှာ ဦးလေးကျော် မြကေကိုလှမ်းမေးတယ်။





" သွားမစနဲ့လေ ငိုချင်လျက်ဖြစ်နေတာ လက်တို့မိ နေမယ် . . . "

ဆူဆူညံညံ နှုတ်ဆက်ကြပြန်ပါတယ်။

ထင်းရှူးပင်တွေနှင့် ခရမ်းပြာရောင် စိန်ပန်းတွေကို နှုတ်ဆက်ခဲ့ကြပြီလေ။ အပြန်ခရီးတော့ အလာခရီးထက် ပိုငြိမ်နေသလိုပါပဲ . . .။ အားလုံးက မောသွားတာရော စိတ်ခံစားမှုအမျိုးမျိုးကြောင့်ရော အများကြီး ငြိမ်သွားပါတယ်။

ပြီးတော့ တောင်ပေါ်ကနေ မြေပြန့်ဆင်းလာတာ။ ရာသီဥတုကအစ ပြန်လည်ပြောင်းလဲ ပူပြင်းလာခဲ့ပါတယ်။ သာစည်မြို့နယ်လောက် ရောက်လာပြီဆို နေအရမ်းပြင်းလာပြီ မဟုတ်လား။ ပတ်ဝန်းကျင်ကလည်း ပူပြင်းခြောက်သွေ့နေတော့ အိပ်ငိုက်ချင်လာပြီ။

အနာကလည်း နာနေတယ် စိတ်မှာ ဖျားချင်ချင် ဖြစ်နေသလိုပါပဲ ဒါပေမယ့် ငါယောကျ်ားလေးဖြစ်ပြီး သည်လောက်တောင် မကြံ့ခိုင်ရကောင်းလားဆို မာန်တင်းနေ မိတယ်။

" အားလုံးပဲ ရှေ့ဆိုင်မှာ ခဏရပ်ပါမယ် . . . အအေး သောက်ချင်သောက်ကြပါ . . . "

နေပြင်းပြင်းပူနေပြီကိုး ။

" ခင်လေးမှာ ပါရစီတမော့ပါလား "



www.burmeseclassic.com

www.burmeseclassic.com



" ဘာဖြစ်လို့လဲ "

" ဖျားချင်နေတယ် ကော်ဖီတစ်ခွက်နဲ့သောက်မှ ဖြစ်မယ် "

" ဒါဏ်ရာက အရှိန်တက်နေပြီထင်တယ် . . . "

ခုလိုကျတော့လည်း အဖွားကြီးဗိုလ်လေးလို ဆူဆူပူပူ မလုပ်တော့ပါဘူး။ ဝိုင်းထိုင်ကြတဲ့အခါ နောင်မင်းသန့်တကော့ ကော်ဖီတစ်ခွက်ပဲမှာပါတယ်။ ကျန်တဲ့လူတွေ အအေး သောက်ကြတယ်လေ။

" မြကေ . . . မျိုကျရဲ့လား "

" ကြံရည်ကတော့ မျိုလို့ကျပါတယ် "

ဇေယျနေရစ်ခဲ့ပြီမို့ မိုးသော်က မြကေကို စနေတယ် . . ။

ဟန်ဆောင်သာပြုံးနေရတာ နောင်မင်းသန့်ဖျားနေပြီမို့ လူပင်ပန်းနေပါပြီ။

" တောင်ငူမှာ အသိဆရာဝန်တစ်ယောက်ရှိတယ် ဆေးဝင်ထိုးမလား "

" ဟင့်အင်း ရတယ် ရန်ကုန်ကျမှ . . . "

" နောင်မင်းရာ . . . မင်းကလည်း စိတ်ပူပေးမယ့် လူရှိတယ်ဆိုပြီး ရောဂါတွေတိုးမနေနဲ့ . . . သဘောပေါ်မှာ တစ်ယောက်တည်း နေခဲ့ရတာ မမေ့နဲ့လေ . . . ကြိတ်သာခံ"

" သောက်နှင့်ကြတော့ ငါ ကားပေါ်တက်တော့မယ် "





တကယ်နားချင်နေတာ။

ကားထွက်တော့ အိပ်နေလိုက်တယ် ဆေးသောက်ထား ပေမယ့် ဆေးရှိန်မရှိသေးတော့ နေမကောင်းဘူးကွာ . . . ။ မျက်ဝန်းဖွင့်ပြီး ကြည့်မိတယ်။ မျက်ဝန်းလေးတစ်စုံ စိတ်ပူလို့ ကြည့်နေတာလား။ ရင်ထဲ ကြည်နူး ပီတိဝေရတာ ဝန်ခံတယ် ခင်လေးရယ် . . . သိတတ်စတည်းက နောင်မင်းအပေါ် ခုလိုမျိုး စိတ်ပူပေးမယ့်လူ မရှိတော့ဘူး။

" အရမ်း နေမကောင်းတာလား "

" ဆေးသောက်ထားတာပဲ တော်ကြာပျောက်သွားမှာ"

" ရန်ကုန်ရောက်ရောက်ချင်း ဆေးခန်းသွားနော် . . "

" စိတ်ပူလား "

မဖြေတော့ဘူး။ နားလည်ပါတယ်၊ ခုလောက်စိတ်ပူပေး ဖော်ရတာပဲ ဝမ်းသာရပြီခင်လေးရယ် . . . ။ အချစ်ဆိုတာ သောတတွေလည်းရှိတယ်ဆိုဆို ခင်လေးကိုချစ်ရတာ နောင်မင်းသန့် ကြည်နူးရပါတယ်။

"ကိုယ် ခဏအိပ်မယ်နော် "

" ဖျားနေပြီလား "

" သိပ်သေချာတာပေါ့ နဖူးစမ်းကြည့်ပါလား "

" ထု ထည့်လိုက်မယ်နော် . . . "

" ထုချင်လည်းထုပေါ့ . . . "



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးဘက်ကို အတင်းတိုးပြီး အိပ်နေလိုက်တာ။ နောင်မင်းသန့်ကို ဟိုဘက်ပြန်တိုးလို့တော့ မပြောရှာပါဘူး။ မင်းကိုစချင်နေပေမယ့် ခုတော့အိပ်ချင်တယ်. . .။ ရာသက်ပန်တွေနေရမှာပဲလေ နောက်မှပဲ ချစ်စနိုးနဲ့ မင်းစိတ်ဆိုးအောင်စတော့မယ်။ အခု ခဏအိပ်မယ်ကွာ။ မင်းရဲ့စိုးရိမ်ပူပန်တဲ့မျက်ဝန်းလေးတွေကိုတော့ နောက်နိုးလာမှ ကြည့်ရဦးမယ်။

⌑ ⌑ ⌑ ⌑ ⌑

" တစ်ညလုံး ကားမောင်းနေသမျှ အိပ်လို့မပျော်တော့ပါဘူး။ သူကတော့ အိပ်နေတယ်လေ။ ဖျားနေတာများ . . . အတော့ဘက်ကိုတောင် ပူနေသလိုခံစားရတယ် ရန်ကုန်ရောက်ရောက်ချင်း ဆေးခန်းသွားသင့်တယ် . . . သံပြားရှထားတာဆိုတော့ မေးခိုင်ကာကွယ်ဆေး ထိုးသင့်တာပေါ့. . .။ ဘာမှမဟုတ်တဲ့ ဒါဏ်ရာလေးကနေ အမှိုက်ကစ ပြသာနာမီးလောင် အို . . . ဖွဟဲ့

မဟုတ်တာ

ဘာမှမဖြစ်ပါစေနဲ့

သူတစ်ခုခုဖြစ်ရင် . . .

အတော့ရင်ထဲ ပူလောင်ခြင်း မြစ်တစ်စင်း ဖြတ်စီးသွား





သလိုပါလား . . .။

" ကိုနောင်မင်း . . . "

တိုးတိုးလေးခေါ်ကြည့်တယ်။

သတိများလစ်နေလား။

မထူးဘူး။ အိပ်ပျော်နေတာလားဟင် . . .။

သတိလစ်နေတာလားလို့ စိတ်ပူလာတယ်။

ရှပ်အင်္ကျီလက်စလေးကို ဆွဲလိုက်ပြီး လှုပ်ကြည့်မိတော့။

" ဟင် . . . ဘာလဲဟင် ဘာလဲ ခင်လေး . . . "

အမလေး

တော်ပါသေးရဲ့

သတိမလစ်လို့ . . .။

"ဘာလဲခင်လေးရဲ့ "

" သတိမှရရဲ့လားလို့ "

အတာ သည်လိုပြောတော့ သူတိုးတိုးလေး ရယ်နေတယ်. . .။ ပြီးတော့ ဘယ်မြို့လောက် ရောက်နေပြီလဲ. . . တဲ့။

" ပဲခူးကျော်လာပြီ "

" ဒါဆို ရောက်တော့မှာပေါ့ . . . "

ကားပေါ်မှာလည်း မီးမှိတ်ပြီး အားလုံးဟာ အိပ်နေတာများပါတယ်။

" ရန်ကုန်ရောက်ရင် ဖျင်းမနေနဲ့ဦး ဆေးခန်းတစ်ခုခုသွားဖြစ်အောင်သွား. . . "



www.burmeseclassic.com

www.burmeseclassic.com



" စိတ်ပူရင် ကိုယ်တိုင်လိုက်ပို့ပါလား"

" ပို့ချင်ပါတယ် ဒါပေမယ့် "

" ကိုယ်နားလည်ပါတယ် ခင်လေးရယ် . . . စိတ်ချ မိုးသော်တို့ အိမ်မျက်စောင်းထိုးမှာ မနက်ဖွင့်တဲ့ဆေးခန်းရှိတယ် ဆေးထိုးပြီးမှ ကိုယ်အိမ်ပြန်မယ် . . . ညနေကျရင် ကိုယ်သက်သာသွားရင် လာခဲ့မယ်လေ "

" ဟယ် နားပါဦးလား . . . ဘယ့်နှယ် . . . ည မလာနဲ့ဦး တစ်ရက်နှစ်ရက်နေမှ လာပါ "

" မလာရင် ဘယ်တွေ့ရမလဲ "

" ကိုနောင်မင်းကလည်းလေ . . . "

သူပြောတာဟုတ်ပါတယ်။

အတာလည်း ထပ်တူညီ ခံစားလို့ရပါတယ်။ လာမှ တွေ့ရမှာ။ အတာက သူ့ဆီ ဘယ်လိုသွားမလဲ။ သူ ကိုမိုးသော်လို အတာနှင့် အလုပ်ဌာနတစ်ခုတည်းမှာ ဘယ်လောက် ကောင်းလိုက်လေမလဲ။ အချိန်တိုင်း တွေ့နေရမှာ။ အချိန်တိုင်းလို တွေ့နေချင်တဲ့စိတ်တွေ အတာ့ ရှိနေပြီလား။ ရှိနေပြီ . . .။ ဒါဆို ရင်ထဲမှာ သူရှိနေပြီပေါ့ . .

" တော်တော်လေး နေလို့သက်သာတာနဲ့ ချက်ချ လာခဲ့မယ် . . . လာတဲ့အခါကျရင် ခင်လေးကို စ တစ်ခွန်းလောက်ပြောမယ် . . . မျှော်နေနော် "

" မျှော်ပါဘူး "





" တကယ်မမျှော်ဘူးလား "

" တကယ် "

" ဒါဆို မလာတော့ဘူး . . . "

" ဘာပြောတယ် . . . မလာနဲ့ပေါ့ . . . "

" ဒါဆိုလည်း မလာတော့ဘူးကွာ . . . လာလည်း မလာဘူး ဆေးခန်းလည်း မသွားဘူး "

" ဟာ အဲလိုမလုပ်နဲ့လေ ဆေးခန်းက ဆေးခန်းပဲ နေမကောင်းတာကနေမကောင်းတာ ဘာဆိုင်လဲ "

" ဆိုင်တယ် လူနေမကောင်းတာထက် နှလုံးသား နေမကောင်းတာက ပိုဆိုးတယ်လေ . . . "

ဖြစ်ရပြန်ပြီ။ ရှင့်ကြောင့်တော့ ကျွန်မနှလုံးသား အချစ်တွေ ဖုံးကွယ်ရ ခက်နေတော့မယ် . . .။

" ဆေးခန်းသွားပြီး နေကောင်းရင်လာခဲ့ နေမကောင်း သေးရင် မလာနဲ့ "

" ကောင်းပါပြီဗျာ . . . "

" အိပ်ချင်အိပ်ဦးလေ . . . ရောက်ဖို့လိုသေးတာ . . . ကိုယ့်စိတ်မှာ ခုလိုထိုင်နေရတဲ့အချိန်လေး သိပ်မကျန်တော့ဘူး မဟုတ်လား "

" နောက်လာလည်ရင် တွေ့လို့ရနေတာပဲ ကိုနောင်မင်းရဲ့"

" ဘယ်တူမလဲ . . . ခံစားချက်တွေက တစ်မျိုးစီပေါ့ အခုခံစားချက်လေးကို ကိုယ်ပိုနှစ်သက်တယ် . . . ခရီးတစ်ခု အတူသွားရတယ် . . . အနားမှာခင်လေးရှိတယ် . . . ခနဲ့နေ့



www.burmeseclassic.com

www.burmeseclassic.com



ညညအနားမှာခင်လေးတို့တွေနိုင်တယ် . . . ရက်ပိုင်းလေးဆိုပေမယ့် ကိုယ့်ခံစားမှုတ ရက်တွေကို ဟိုးအဝေးထိတိုးကြည့်မိတာ . . . ”

အတာနားလည်ပါတယ်။

အတာ့ရင်မှာလည်း ထပ်တူညီခံစားမိနေပြီပဲ သူခံစားရတာ နားလည်ပါတယ်။ အချစ်ကိုသစ္စာနှင့်ယှဉ်တွဲမရမှာ စိုးရွံ့တဲ့ မေတ္တာခင်ဆီကို သူက အချစ်နှင့်ရောက်လာခဲ့တယ်။ သေတပန်သက်တဆုံး သစ္စာရှိတာကိုလိုချင်တာပါ။ သူကချစ်တယ်လို့ ပြောလာရင် . . .။

အတာသေဆုံးသည်အထိ အတာ့တစ်ယောက်ကိုပဲချစ်နိုင်မလားလို့မေးမယ်။ ချစ်နိုင်မယ်ဆို သူ့ကိုအတာချစ်ပါမယ်။

အတာ့အတွက်တော့ တစ်သက်တာထာဝရအတွက်တစ်ချစ်ပါ။ သစ္စာပျက်ယွင်းသော အချစ်ကို ကြောက်ရင်းက သူနှင့်ကျမှ ချစ်တတ်ခဲ့တဲ့အခါ . . . သူ့ကို သစ္စာမပျက်ယွင်းဖို့တော့ . . . ပြောထားရမှာပါပဲ။

⌑ ⌑ ⌑ ⌑ ⌑





“ နောင်မင်းက နင့်စကားနားထောင်ပါတယ်ဟာ ဆေးခန်းဖွင့်ချိန်ထိ ငါ့အိမ်မှာစောင့်နေပြီး ဆေးခန်းပြပြီးတော့မှ ပြန်သွားတာပါဟာ . . . ”

ကိုမိုးသော်ကြီးက အလုပ်စတက်တဲ့နေ့မှာ ပြောရှာပါတယ်။ သည်စကားအတွက်လည်း အတာ့ရင်ထဲမှာ ပီတိရှိပါတယ်လေ . . .။ ချစ်သူ့စကားမို့သာ . . . နားထောင်တာပေါ့ . . .။ ဒါပေမယ့် သူနှင့်မတွေ့ရတဲ့ရက် . . . သုံးရက်ဆိုတာ ဘာကြာတာလိုက်လို့ . . .။ ဒါပေမယ့် . . . သတိတရရှိနေတဲ့စိတ်ဟာ . . . ရင်မှာ အစိုင်အခဲတစ်ခုလိုပါပဲလား ။

“ အခုရော . . . နေတောင်းနေပြီလား . . . ”

“ မပြောတတ်ဘူး ပြန်သွားတည်းက ငါနဲ့လည်း မတွေ့တာ . . . နင် သတိရနေပြီလား ”

“ ဟယ် ပြောဦး . . . ”

ကိုမိုးသော်ကို လက်ထဲရှိတဲ့ မျဉ်းလုံးနဲ့ လှမ်းရိုက်လိုက်တာ။

“ အတာ နင်သိပ်လက်မြန်တယ် ငါ့သူငယ်ချင်းတော့ မလွယ်ဘူးဟာ . . . အမယ် . . . နောင်မင်း သေခဲဦးမယ် သေခဲဦးမယ် . . . ”

တင်မောင်ဦးနှင့်အတူ ဝင်လာတဲ့သူ့ကို တွေ့ရပါတယ်။ ကိုနောင်မင်းလာတော့ ပျော်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ဦးက ဘာကိစ္စလိုက်လာရတာလဲ။ ကြည့်လို့ကို မရပါဘူး။

" ခင်လေး . . . "

" နေကောင်းသွားပြီလား "

" ကောင်းသွားပြီ . . . "

" မင်းကွာ လာလည်း စောစောလာပါလား အခု အလုပ်ဆင်းတော့မှာ ငါတို့ပြန်သွားမှဆို လွဲသွားမှာပေါ့ . . . "

" မင်းတို့အမီ လာတာပါ . . . "

သူက အတော့ဘေးမှာ ဝင်ထိုင်ပါတယ်။ ဟိုလူက ဘာကိစ္စလာတာလဲဆိုတော့ သူ့သူငယ်ချင်းဆီမှာ ပစ္စည်းတစ်ခု အပ်ထားတာ လိုက်ယူတယ်လို့ ပြောတာပဲ ဘာလို့လဲတဲ့လေ။

" ကြည့်မရလို့ "

" ခွင့်လွှတ်လိုက်ပါတော့လား ခင်လေးရယ် . . . ညိုညက်လည်း သူ့ဘာသာ နေတတ်သွားပြီပဲမဟုတ်လား "

" ဘာပြောပြော ညိုညက်စိတ်မှာ ဒါဏ်ရာတစ်ခုတော့ ဖြစ်စေတယ်။ ဘာလို့ခွင့်လွှတ်ရမလဲ ခွင့်မလွှတ်ဘူး။ သစ္စာဖျက်လို့ကတော့ သေတဲ့အထိ အဲသည့်မျက်နှာ မကြည့်ချင်ပါဘူး"

အတော့စိတ်ကိုသိလို့လား။ သူ့ဘာမှထပ်မပြောတော့ပါဘူး။ ပြန်ကြစို့လို့ ပြင်နေကြပြီ။ ကိုမိုးသော်ကြီးကတော့ နောင်မင်း ဘယ်သွားမှာလဲတဲ့။

" ခင်လေးနဲ့ လိုက်သွားမယ် . . . ညိုညက်ချက်တဲ့





ထမင်းနဲ့ မြကေချက်တဲ့ဟင်း သွားစားမှာပေါ့ . . . "

" ငါမလိုက်ရဘူးလား "

" မလိုက်ရပါဘူး . . . ငါက အခုခင်လေးနဲ့ မုန့်သွားစားဦးမှာ "

" ဩော် သည်လိုလား . . . အင်းလေ . . . သည်လိုဆိုရင်တော့ မလိုက်တော့ပါဘူးဗျာ . . . "

" ညိုညက်တစ်ယောက်တည်း ပြန်ရတော့မှာပေါ့ . . . ကိုမိုးသော်ကြီး ညိုညက်နဲ့ လိုက်သွားပါလား . . . "

" တော်ပါပြီ . . . ငါ့ဘာသာ အိမ်ပြန်ပါရစေတော့ "

" ညိုညက်ဘာဟင်းချက်ထားရမလဲ အတော . . . "

" သိဘူးလေ . . . "

အတော့စိတ်မှာ ရှက်ရွံ့ခြင်းတွေရှိနေသလို ခံစားရပါတယ်။ ညိုညက်နှင့်အတူပြန်နေကျကနေ သူနှင့် မုန့်သွားစားမည်ဆိုကတည်းက . . .။ ညိုညက်တစ်ယောက်တည်း ပြန်ရမှာပဲ. . . သနားနေသလိုပါပဲ။

" မိုးသော် . . . ညိုညက်နဲ့လိုက်သွားပါ . . . ငါတို့ပြန်လာမှပဲ ထမင်းအတူတူစားကြမယ်လေ ငါ ဟင်းတွေ ဝယ်ခဲ့မယ်. . . "

" နောင်မင်းတို့ကတော့ အမျိုးမျိုး . . . "

နောက်ဆုံးတော့ ညိုညက်နှင့်အတူ ကိုမိုးသော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားရရှာပါပြီ။ သူနှင့်အတာ အတူတူထွက်ကြတဲ့အခါ အရှေ့လက်ဖက်ရည်ဆိုင်ကနေ တင်မောင်ဦးနဲ့ကိုကြည်လွင် ကြည့်နေတာတွေသားပဲ ..."

" ဘယ်သွားမလို့လဲ..."

" အတူတူ မုန့်စားပါမယ်ဆို "

" ဘာစားမှာလဲ ..."

" အအေးသောက်ရအောင်လေ ...ပြီးတော့ ဘာဟင်းစားမလဲ တရုတ်စာဖြစ်ဖြစ် ဝယ်သွားမယ် ..."

အအေးသွားသောက်တယ်သာ ပြောတာပါ။ နှစ်ယောက် အတူလမ်းလျှောက်ခဲ့တာပါပဲ ..။ အနားမှာ သူရှိနေ တော့မှသာ အတာ့ရဲ့ လွမ်းဆွတ်မှုတွေ ငြိမ်သက် ပျောက်ဆုံး သွားတာပါလား။

" ခင်လေးကို ကိုယ်ချစ်တယ် ... ကိုယ့်မှာ စုဆောင်း ထားတဲ့ငွေ တော်တော်များများရှိတယ်။ ဒါကြောင့် အမြန်ဆုံး လက်ထပ်ချင်တယ် ..."

သူ့ချစ်စကားမှာ လီအပ်ချက် ဘာမှမရှိသလိုပါပဲ။

ဒါပေမယ့် ...။

" အတာလေ ... ညိုညက်ထက် စိတ်မာပါတယ် ဒါပေမယ့် ညိုညက်မျက်ရည်ကို မြင်ကတည်းက အချစ်တွေ လန့်နေသလိုဘဲ "

" ဘာဆိုင်လဲ ခင်လေးရယ် ...လူတွေဆိုတာ





ကိုယ့်ဘဝလေးတွေနဲ့ ကိုယ်ပါ ... ကိုယ် သစ္စာမဲ့မယ့်သူလို့ ခင်လေးထင်လို့လား ... ခင်လေးတစ်ယောက်ကိုပဲ သေတပန်သက်တဆုံး ချစ်မှာ ..."

သူ့ကို ယုံကြည်သလား ...။

အတာ့အပေါ် သစ္စာတရားအပြည့်အဝနှင့် ရာသက်ပန် ချစ်ခင်မည့်သူလား။ စိတ်မှာအတွေးစတွေရှိပေမယ့် သူ့ကို အတာချစ်နေပါတယ်။ သူနှင့်ဝေးနေရတဲ့ ရက်ပိုင်းလေး အတွင်းတောင်မှ အလွမ်းတွေအများကြီး။

" ဖြေလေ ခင်လေး ..."

" ဘာပြောရမလဲ ..."

" ချစ်တယ်လို့ဖြေပေါ့ ..."

" အတာ့ကို သစ္စာဖောက်ယွင်းတာမျိုးကို ... အတာ သည်းခံနိုင်မှာမဟုတ်ဘူး ..."

" ကိုယ်ဘယ်လိုပြောမှ ယုံမှာတဲ့လဲ ခင်လေးရာ ... သေတပန်သက်တဆုံး ခင်လေးတစ်ယောက်ကိုပဲ ချစ်ပါမယ် ဆိုတာ တကယ်ပါ ညာစရာလား "

" ညိုညက်တို့လို အခက်အခဲတစ်ခုခုတွေ့ရင်ရော "

" ဘာမှတွေ့စရာမရှိဘူး တွေ့လည်းမေတ္တာခင်ပဲ သေသည်အထိ နှလုံးသားမှာ မေတ္တာခင်ပဲ "

" ဟိုမှာကြည့်စမ်း ...ပိတောက်ဖူးတွေ..."



www.burmeseclassic.com

www.burmeseclassic.com



အတာတို့ထိုင်နေတဲ့ ခုံလေးရဲ့ရှေ့မှာ ပိတောက်ပင်ပျိုလေးရှိတယ်။ ပိတောက်ဖူးတွေက သကြံန်မိုးကို စောင့်ကြိုနေပြီလား။ သကြံန်လည်းပြီးပြီ ... ပိတောက်ပွင့်စေမယ့်မိုးကတော့ မရွာသေးပါ။

" စကားမလွှဲပါနဲ့ ခင်လေးရယ် ... "

" အမှန်အတိုင်း ပြောရမလား "

" ပြောပါ ... ခင်လေး ရင်ထဲက အရှိအတိုင်း ကြားချင်ပါတယ် "

" အတာ့ဘဝမှာ ပထမဦးဆုံးအချစ်ကိုတွေ့တာပါ ဒါပေမယ့် အတာ့ကို သစ္စာဖျက်မှာလည်း သေမလောက်ကြောက်နေတယ် ... သူ့ကိုလည်း ချစ်တယ် ဒါပေမယ့် ... "

" ကိုယ်သိပ်ပျော်ရွှင်သွားပြီကွာ ခင်လေးဘာကိုမှကြောက်စရာမရှိဘူး ... တစ်သက်လုံးမှာ ခင်လေးတစ်ယောက်ကိုပဲ ချစ်မှာပါ ... "

" အတာ ... တကယ်ကြောက်တာ အတာ့စိတ်အတာသိတယ် ... သူက သစ္စာဖျက်ပြီဆို အတာဘာတွေဖြစ်မလဲ ဘယ်လောက်ထိခံစားရမလဲ ... အချစ်ကို အတာမလိုချင်ခဲ့ဘူး ဒါပေမယ့် အခုကျတော့လည်း ... "

" ခင်လေး ဘာလို့ ကိုယ့်ကို သည်လောက် ယုံကြည်နည်းရသလဲကွာ ... တကယ်ချစ်တာ ... အမြန်ဆုံး





လက်ထပ်ကြမယ် ... "

အတာကြောက်နေတဲ့ကြားက ဘာလို့ သူ့ကိုလည်း မစွန့်လွှတ်ချင်ဖြစ်သလဲ။ အချစ်က အတာ့ကို ခံစားမှုအမျိုးမျိုးနှင့် ရှုံးသွပ်စေမလား။ အတာ့လက်ကို သူက ညင်သာဖွဖွဆုပ်ကိုင်လိုက်တဲ့အခါ ရင်ထဲက လှိုက်ခုန်သွားတဲ့ ခံစားမှုဟာ။

" ခင်လေးကို သိပ်ချစ်တယ် "

အတာ့ရင်မှာလည်း ထပ်တူညီပါပဲလေ။

" အတာလည်း သိပ်ချစ်တတ်ပါတယ် ချစ်တတ်လွန်းလို့လည်း အတာ့စိတ်ကို အတာ လန့်တယ် ... အတာ့မှာစွန့်လွှတ်နိုင်တဲ့ အင်အားမရှိဘူး "

" ဘယ်တော့မှ မစွန့်လွှတ်ရပါဘူး ... "

" ပြောကြတာပဲလေ ... ကိုတင်မောင်ဦးတလည်း ညီညက်ကို အစက သည်လိုပဲ ပြောတာပဲ "

" ခင်လေးတစ်ယောက်တော့ သူများတွေကြည့်ပြီး စိတ်ပျက်နေတာပါလား တင်မောင်ဦးက တင်မောင်ဦး ကိုယ်က ကိုယ်ပဲ ဘာဆိုင်လဲ လာ ဒါဆို အခု ကိုယ့်အိမ်လိုက်ခဲ့ ကိုယ့်အစ်ကိုကြီးရှေ့မှာ ခွင့်တောင်းမယ် မနက်ဖြန် လက်ထပ်ကြမယ် ... "

" အဲလောက်လည်း မလောပါဘူး "

" ကိုယ့်ကို ကိုနောင်လို့ခေါ်မလား "



www.burmeseclassic.com

www.burmeseclassic.com



" ဟင့်အင်း အဲဒါ မြတေခေါ်တာ "

" ဒါဆို ဘယ်လိုခေါ်မလဲ မောင်လို့ ခေါ်ပါလား . . .

" မောင် "

" ဗျာ "

" ဟယ် ခေါ်ကြည့်မလို့ပါ . . . "

" ခေါ်လိုက်ပါတော့ . . . ခင်လေးရယ် . . . "

သူ့ကို အတာသိပ်ချစ်ပါတယ်။

အဲလိုပဲ ယုံကြည်ပါရစေလား။ မောင့်ကိုမေတ္တာခင်သေဆုံးသည်အထိ ချစ်ပါရစေမောင်။

မောင်တဲ့။ ခင်လေးခေါ်တဲ့ မောင်က နားစည်မှာတင်မဟုတ်ဘူး။ ရင်ထဲထိ ဝင်သွားတာ။ ခင်လေးလက်ကို ဆုပ်ကိုင်ပြီးလျှောက်လှမ်းရမယ့်လမ်းဟာ ဟိုးတဆုံးထိလည်း ဖြစ်လို့ရတယ် . . . အနားမှာ ခင်လေးရှိပေးနေဖို့ပဲ လိုပါတယ် . . .

" မောင်တို့ဟင်းတွေသွားဝယ်ဦးမှပါ တော်ကြာ မိုးသော်စောင့်နေမှာ သူတို့က ဗိုက်ဆာနေရင် မောင်တို့ နှစ်ယောက်ပြောနေလိမ့်မယ် . . . "

" မောင်နဲ့ အတာ ချစ်သူတွေဖြစ်သွားကြပြီ ဘာပြောမလဲ "

" ဘာပြောရမလဲ မြန်မြန်လက်ထပ်ကြဖို့ပြောမှာ . . . ဇေယျတို့ထက်အရင် လက်ထပ်ကြရအောင်ကွာ . . .

အတာ ရယ်နေမိပါတယ်။ ကိုဇေယျနှင့်မြတေ





ထက်အရင် လက်ထပ်မယ်တဲ့။ မောင်နှင့်ကားလမ်းကူးရတဲ့အခါမှာ ကားတွေလာတဲ့ဘက်မှာ မရပ်ပါနဲ့ ခင်လေးမောင့်သည်ဘက်ကနေဆို နေရာလဲပေးတယ်။ အတာ့ကိုသိပ်ချစ်တယ်လို့ ကြည်နူးခံစားရတယ်မောင်။

" နောင်နောင် . . . "

" ခေါ်သံကြောင့် အတာတို့လှည့်ကြည့်မိပါတယ်။ အစကတော့ ဘယ်သူရယ်လို့ ဘယ်သိပါ့မလဲ။

" ကိုကြီး . . . "

" နောင်နောင် ပြန်လိုက်ခဲ့လေ. . . "

" မလိုက်သေးဘူးကိုကြီး . . . ခင်လေးတို့နဲ့ ထမင်းသွားစားဦးမှာ . . . ဒါ ကျွန်တော့်ချစ်သူပါ မေတ္တာခင်တဲ့ခင်လေး မောင့်အစ်ကိုလေ ကိုကြီး . . . "

" ဟုတ်ကဲ့ "

မောင့်ကို မွေးစားထားတယ်ဆိုတဲ့ အစ်ကိုဖြစ်မှာပါ။ အတာရယ်ပြပေမယ့် အတာ့ကိုရယ်မပြပဲ ဖျတ်ခနဲပဲကြည့်ပြီး ကားပေါ်ပြန်တက်သွားတယ်။

" နောင်နောင် စောစောပြန်ခဲ့ မင်းကိုပြောစရာရှိတယ်"

ကားထွက်သွားပြီ။ ခုနပျော်နေတဲ့ ပျော်ရွှင်မှုလေးတောင် ဘယ်ရောက်သွားသည်မသိ။

" မောင့်အစ်ကိုက အတာ့ကို ကြည့်ရပုံမပေါ်ဘူး "

" ဘာဆိုင်လဲ . . . မောင့်ဘဝခရီးဖော်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘာသာ ရွေးမှာပါ . . . ”

“ ဒါပေမယ့် ”

“ မရွှေခင်လေး . . . ကျေးဇူးရှင်မို့ ကျေးဇူးဆပ်ရင် တခြားနည်းနဲ့ဆပ်မယ် ခင်မျှားနဲ့ခွဲရမှာမျိုးနဲ့မဆပ်ဘူး ဘာကို ပူနေတာလဲ . . . သိပ်ပူမနေနဲ့ နောက်မှ လက်ထပ်ပြီးမှ ပူချင်ပူ . . . သည်လိုပူ ”

“ မောင် မနောက်နဲ့ ”

မောင်ကတော့ပုံမှန်ပဲ။ ခုနကအတိုင်း ပျော်မှပျော်ဆိုတဲ့ ပုံအတိုင်းပါပဲ။ အတော့ရင်ထဲသာ ဘာတွေအခုအခံဖြစ်သွားသည် မသိ။ အနည်းငယ်တော့ စိတ်ရှုပ်ထွေးသွားသလိုပါပဲလေ။ ချစ်တယ်ဆိုတဲ့ အချိန်ကစလို့ သောကတို့များ အတာ မွေးယူမိနေတာပါလား။

“ ခင်လေး မျက်နှာ နည်းနည်းပြုံးပါကွာ ပြုံးပြ . . . မပြုံးရင် လမ်းမကြီးသော ဘာသော နားမလည်ဘူး ဖက်နမ်းပစ်မယ် ”

“ အတာစိုးရိမ်နေသလိုပဲ ”

“ ခင်လေး သည်ပုံနဲ့တော့ မောင်နဲ့ မရခင် ရောဂါတွေ ရနေမယ် ”

“ ရကာမှရပါပဲမောင်ရာ . . . ”

အတာကိုယ်တိုင်ကပဲ စိတ်အခန့်မသင့်ဖြစ်သွား





လို့လား။ ဟင်းတွေမှာထားဆဲ မောင်စကားတွေပြောနေပေမယ့် စိတ်မှာ မရွှင်လန်းသလိုခံစားရပါတယ်။ ဟင်းတွေရလို့အိမ်ပြန်တဲ့ လမ်းမှာ မောင့်ဟန်းဖုန်းဆီ ဖုန်းလာပြန်တဲ့အခါ။

“ ဟုတ်ကဲ့ပါ ဟုတ်ကဲ့ပါ စိတ်ချပါ ”

“ ဘာတဲ့လဲဟင် မောင် ဘယ်သူလဲ ”

“ လာပါခင်လေးရာ . . . ဘာမှ မဟုတ်ပါဘူး . . . ”

အိမ်ရောက်တော့ ကိုမိုးသော်ကြီးနဲ့ မြကေက ချက်စ်ထိုးလို့ . . . ညိုညက်ကတော့ ပင်းတယမှ ဝယ်လာတဲ့ တက်တင်းအကျီပုံကို ယူပြီး တက်တင်းထိုးနေတယ်လေ . . . ။

“ ဟိုနှစ်ယောက် ပြန်တော့ရောက်လာကြသေးတာကိုး”

“ ပြန်ရောက်လာမှာပါ . . . ခုချိန် တရားရုံးမှ မဖွင့်တာ”

“ သြော် သြော် သည်လိုလား ”

“ မရဘူးနော် မရဘူး . . . မြကေတို့က အရင်နော် အတာ ကိုနောင် သစ္စာမဖောက်နဲ့ ကိုဇေယျက အရင်ချစ်တာ”

အားလုံးစိုင်းစကြပေမယ့် ဟန်ဆောင်လေ့မရှိတဲ့ အတာ့မျက်နှာမှာ . . . အပြုံးနည်းပါးခဲ့ပြီဆိုတာ အတာ့ဘာသာ သိပါတယ်။

“ ဘာဖြစ်လာလဲ နောင်မင်း ”

ကိုမိုးသော်ကြီးကလည်း အတာနှင့်အလုပ်အတူလုပ် နေတယ် မပြောရဘူး။ မျက်နှာရိပ် သိပ်သိတယ်။

“ ကိုကြီးနဲ့ တွေ့သွားတယ် . . . ငါကလည်း ငါ့ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာခင်ပါဆို မိတ်ဆက်ပေးတာပါ ...ကိုကြီးကလည်း မင်းသိတဲ့အတိုင်း မဖော်ရွေဘူး ... အဲဒါသူ့ကို ကြည့်မရဘူး ထင်တယ်ဆို အဲလိုဖြစ်သွားတာပဲ ..."

" မင်းအစ်ကိုကလည်း ဘာဖြစ်တာလဲ "

" မသိပါဘူးကွာ ...ထမင်းစားပြီး မြန်မြန်ပြန်ခဲ့ မှာသေးတယ် ဟင်းတွေဝယ်တော့လည်း ဟဲန်းဖုန်းကိုတောင် လှမ်းဆက်ပြီး အမြန်ပြန်ခဲ့မှာနေတယ် တစ်အိမ်တည်းနေတာ ပဲကွာ ဘာဖြစ်နေလဲ မသိပါဘူး ..."

ထင်သားပဲ။

မောင်ကသာ ဘာမှမဟုတ်ပါဘူးဆို ဖုံးကွယ်ပစ်တာ၊ ဖုန်းဆက်ပြီးခေါ်တာ သူ့အစ်ကိုဆီကဆိုတာ သိသားပဲ ...။ အချစ်ရောက်ရောက်ချင်း သော့ကက မေတ္တာခင်တို့ နှုတ်ဆက်သည်။ ဘယ်လိုအကြောင်းနှင့်မှ မခွဲခွာနိုင်ပါဘူး မောင်ရယ် ...။

☐ ☐ ☐ ☐ ☐

" မင်းကို မြန်မြန်ပြန်ခဲ့ပါဆိုမှ "

အိမ်ရောက်ရောက်ချင်း ကိုကြီးက ဧည့်ခန်းမှာ စောင့်နေသည်။ ထမင်းစားကြပြီး ချက်ချင်းဘယ်ပြန်နိုင်ပါ့မလဲ ... မိုးသော်တို့ ဂျူဂျူတို့ရဲ့ ချက်စ်ပွဲဘေးမှာပဲ ချစ်သူမျက်နှာ





တစိမ့်စိမ့်ထိုင်ကြည့်ရသေးတာ။

" ကိုကြီးမှာ တိစ္စရှိလို့လား "

" ရှိတယ် မင်းကို ငါက လိမ်မာလှပြီမှတ်နေတာ "

" ဘာဖြစ်လို့လဲ ကိုကြီးရဲ့ "

" မင်းအတွက် ငါက မောင်မောင်ဖော့ဆီမှာ တာရာ့ကို တောင်းထားတာ "

" ဟာဗျာ ..."

စိတ်ပျက်စရာပါပဲ။

ကိုကြီးနှင့် ချစ်ခင်ခဲ့ကြတာ ညီအစ်ကိုအရင်းတမျှပါ မွေးစားအစ်ကိုလို့ပင်မသတ်မှတ်ခဲ့ ကျေးဇူးများစွာရှိတာလည်း လက်ခံပါတယ်။ ဒါပေမယ့် နောင်မင်းသန့်ရဲ့ အိမ်ထောင်ရေး ကိုတော့ ဝင်စွက်ဖက်မည် မထင်ခဲ့ပါ။

" မင်း တာရာ့ကိုပဲ လက်ထပ်ရမယ် "

" ကိုကြီးကို ကျွန်တော်ချစ်တယ် ဒါပေမယ့် ကျွန်တော့် အိမ်ထောင်ရေး ကျွန်တော့်ဘာသာပဲ ရွေးပါရစေ..."

" မရဘူးနောင်နောင် ဟိုဘက်မှာ စကားလွန်နေပြီ .."

" သည်လိုစကားမျိုးနဲ့ ကျွန်တော့်ကို မချုပ်ကိုင် ပါနဲ့ကိုကြီး...ကိုကြီးကျေးဇူး တခြားနည်းနဲ့သာဆပ်ပါမယ် သည်နည်းနဲ့ မဆပ်နိုင်ပါဘူး..."

ကိုကြီးမျက်နှာ ဘယ်လောက် ဒေါသ [illegible] နေမည်



www.burmeseclassic.com

www.burmeseclassic.com



မော့မကြည့်ရဲအောင်ပါပဲလား။ ဒါပေမယ့် . . . စိတ်ချခင်လေး မောင့်ဘဝကို မောင်ပဲ တည်ဆောက်မှာ။ ရှိသမျှကျေးဇူးကို တခြားနည်းနဲ့ဆပ်မယ် သည်နည်းနဲ့တော့ မဆပ်ဘူး။

" မင်းက အတောင်စုံပြီကိုး "

" ကိုကြီးကျေးဇူးနဲ့ အတောင်စုံတာပါပဲ ဒါပေမယ့် "

" မင်းသွားတော့ နောင်နောင် . . . "

" ကိုကြီး ငှက်အတင်းတော့ တာရာနဲ့ကိစ္စ မစီစဉ်ပါနဲ့ ကျွန်တော် လုံးဝလက်ခံမှာ မဟုတ်ဘူး . . . အားလုံး အရှက်တကွဲမဖြစ်ကြတာ ကောင်းပါတယ် "

" မင်း . . . မင်းက ငါ့ကို ခြိမ်းခြောက်တာလား . . . "

" မောင်ကိုကြီး တော်ပြီကွယ် မင်းဒေါသ သိပ်များနေပြီ မောင်နောင် အိပ်ချေတော့ . . . "

ကိုကြီးရဲ့ ကြီးတော် ကြီးစောဝင်တားပါတယ်။ အိပ်ချေတော့ဆိုတာနှင့် အခန်းဘက်ဝင်လာခဲ့ပြီ။ ချက်ချင်းပြောင်းလဲသွားတဲ့ အပြောင်းအလဲပေါ်မှာလည်း နောင်မင်းသန့် အံ့ဩမဆုံး။ ခင်လေးအချစ်ကို သည်နေ့မှရတယ်။ သည်နေ့ ကိုကြီးနှင့် တွေ့ရတယ်လို့။ တွေ့ပြန်တော့လည်း မထင်မှတ်စွာ . . . ကိုကြီးဟာ နောင်မင်းသန့်ရဲ့ အိမ်ထောင်ရေးအပေါ် ဝင်ရောက်စွက်ဖက်လိမ့်မည် ထင်ကိုမထင်ခဲ့ပါဘူး။

ခက်ပါတယ်။





ခင်လေးသိပ်စိတ်ပျက်သော အဖြစ်မျိုးနှင့်များ တည့်တည့်တိုးရသည်လို့။

ဒါပေမယ့် ချစ်သူခင်လေးရယ် နောင်မင်းသန့်က တစ်သက်တချစ်ပါ သစ္စာပျက်ယွင်းဖို့ ဘယ်သို့မှ မဖြစ်နိုင်။

ရေသောက်ချင်လို့ ရေဘူးလေး ထွက်ယူပါတယ်။

" ဒါကြောင့် မင်းကို ပြောသားပဲ . . . သူများသားသမီး မွေးစားရတာ မလွယ်ပါဘူး သူ့လမ်းသူလျှောက်နိုင်တော့ ဘက်ကန်လာတာပါပဲ။ မင်းတလည်း မောင်မောင်ဇော်နဲ့ သွားရှုပ်တာကိုး . . . သည်တိုက်တစ်ခုလားမှတ်တယ် ကားပါပါတယ်။ အံ့ဩပါရဲ့ မောင်ကိုကြီးရယ် . . . မင်းက ငါ့ကို အိုကြီးအိုမကျမှ လမ်းဘေးငုတ်တုတ်ထိုင်ရမယ့်ဘဝဖြစ်အောင် လုပ်လိုက်တာလား . . . "

ကြီးစောရဲ့ ငိုသံနှင့်အတူ
ဘာတွေဖြစ်နေကြသလဲ
ခုချိန်တော့ ဘာမှ ဝင်မမေးချင်တော့ပါဘူး။

စိတ်ထဲမှာ ရုတ်ခြည်း ပြောင်းလဲသွားတဲ့ အဖြစ်အပျက် အပေါ် အံ့ဩနေသလိုပါလား။

အစ်ကိုကြီးတစ်ယောက်အနေနဲ့ လေးစားချစ်ခင်စွာ နေခဲ့သမျှ နောင်မင်းသန့်အပေါ် တစ်ခါမှ နိုင်လိုမင်းထက် မပြုခဲ့ပါဘူး။ ကြီးစောကတော့ နောင်မင်းကို မွေးစား



www.burmeseclassic.com

www.burmeseclassic.com



ရကောင်းလား မကြည်လင်သောအမြင်ရှိခဲ့တာ သိပါတယ်။

ငါးနှစ်လောက် နိုင်ငံခြားသွားနေစဉ်အတွင်း ကိုကြီး စိတ်တွေ သည်မျှ ပြောင်းလဲသွားမည် ထင်ကိုမထင်ခဲ့တာ။

အမြန်ဆုံးဖြေရှင်းမှပါ။

တစ်ခုခုကို ငွတ်အတင်း စီစဉ်တာမျိုး နောင်မင်းသန့် လက်မခံနိုင်။

ဘဝခရီးဖော်အဖြစ် ခင်လေးကိုသာ လက်ထပ်နိုင်မှာပါ။

သည့်အတွက်. . .

အတောင်စုံပြီတဲ့။

လျှောက်လှမ်းနိုင်ခဲ့ပြီပဲဆိုဆို . . .. နောင်မင်းသန့်ရဲ့ လမ်းကို နောင်မင်းသန့်ရွေးတော့မည်။ ကိုကြီးအပေါ် ကျေးဇူးဆပ်နိုင်တဲ့နည်းနဲ့ ဆပ်မှာပါ . . .။ ဘာလုပ်ရမလဲ။ အတွေးတွေ သိပ်များမနေတော့ဘူး။

ခင်လေးရှိမှ ဖြစ်မယ့် အခြေအနေလေ။

ခင်လေးကိုသစ္စာဖျက်ယွင်းဖို့ ဘယ်သို့မှ မဖြစ်နိုင်သော အခြေအနေမှာ . . .။ တစ်ခုပဲဆုံးဖြတ်ရမှာ။

အဖြေရပြီဆိုတော့ ခေါင်းအေးအေးထားပြီး တစ်ခုပြီး တစ်ခုလုပ်ဆောင်ဖို့သာ ရှိပါတော့တယ်. . .။ ဒါကြောင့်လည်း မနက်ဖြန်မှပဲ ရင်ဆိုင်လိုက်မည်။

⌑ ⌑ ⌑ ⌑ ⌑

ရန်ပိုင်ဦးစာပေ



အချစ်စစ်မို့လည်း အခက်အခဲအနည်းငယ်ရှိတယ် လို့သာ ယူဆရတော့မှာပါ။

" ကိုနောင်မင်း လာသေးလား အတာ "

" မလာဘူးလေ မနက်က ဖုန်းဆက်တယ် တစ်ရက် နှစ်ရက် သူ့ကို မမျှော်ပါနဲ့ဦး အလုပ်အရမ်းပိနေလို့ပါ လက်ထပ်ဖို့ အတွက်နဲ့ ရုတ်တရက်နိုင်ငံခြားမပြန်ရအောင် စီစဉ်နေလို့ပါတဲ့"

" ဟုတ်လား ကိုနောင်ကြီးတစ်ယောက် အမြန်ဆုံး လက်ထပ်ချင်နေပြီထင်တယ်. . . "

မြကေကတော့ မောင့်ကို သိပ်ချစ်တတ်နေပါလားဆို ရယ်နေတယ်။

" အတာရေ . . . ပုဝွန်ခြောက်ဝယ်ပေးပါလားဟာ . . . လက်ဖက်ကောင်းကောင်းသုတ်မလို့ . . . "

" ရတယ် ရတယ် . . . "

လမ်းကူးလိုက်တာနှင့် City Mart ရောက်ပြီ။ ပုဇွန်ခြောက်ဝင်ဝယ်လိုက်ရုံပေါ့ . . .။ ကျန်တာလိုမည် ထင်တာလေးတွေ ဝင်ဝယ်မည်။ မောင်တစ်ရက်နှစ်ရက် မလာနိုင်သေးဘူး ဖုန်းဆက်မယ်နော် ခင်လေးကိုမတွေ့ရလည်း အသံလေးတော့ ကြားချင်တယ်တဲ့။ မောင့်စကားတွေကို ပီတိတွေဖြစ်စွာ ပြန်သတိရပါတယ်။

သည်မနက် ညီညုက်က ဘဲပေါင်းပေါင်းတယ်။

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အရင်တစ်ခါကလည်း တင်မောင်ဦးမင်္ဂလာဆောင်နေ့ ဘဲဇန်းဝယ်လာပြီး ပေါင်းစားကြတာ ဘဲပေါင်းကို မောင် သိပ်ကြိုက်တယ်လို့ပြောတာ အမှတ်ရပါတယ်။

မောင်လာနိုင်ရင် ကောင်းမှာ။

မောင့် ဟဲန်ဖုန်းကိုခေါ်ကြည့်မယ်။

အလုပ်အရမ်းများလည်း ထမင်းလေးတော့ လာစားရုံလေးလာပါလို့ခေါ်ရမလား။ ဟုတ်တယ် ခေါ်ကြည့်မယ်။

ဖုန်းဆက်တဲ့အခါ . . .။

" မောင် "

" ရှင် "

ဘုရားရေ။

မောင့်ဟဲန်ဖုန်းကနေ မိန်းမတစ်ယောက်အသံကြားစရာလား။

" ကိုနောင်မင်းသန့် ဖုန်းမဟုတ်လား "

" ဩော် ဟုတ်တယ် . . . ကိုနောင်မင်းသန့်က ရွှေနေဆီ ခဏဝင်တွေ့နေတုန်း ဖုန်းက ကားပေါ်မေ့ကျန်ခဲ့လို့ပါ တာရာ ဘာပြောပေးရမလဲ . . . "

တာရာ တာရာ . . . ကားပေါ်မှာဖုန်းမေ့ကျန်ခဲ့သတဲ့။ အဲသည့်တာရာနဲ့ ကားအတူစီးနေတယ်ဆိုတဲ့ အခြေအနေလား။ ပြီးတော့ ရွှေနေဆီ ဘာသွားလုပ်သလဲ။ ခေါင်းတစ်ခုလုံး





ထူပူနေသလိုပဲ။ ရင်ထဲမှာ ကိုယ့်နှလုံးခုန်သံ ကိုယ်ပြန်ကြားနေရပါလား။ ခြေလှမ်းတွေကလည်း မပီပြင်ချင်တော့။ အိမ်အမြန်ပြန်လာခဲ့ရတယ်။ ပုဇွန်ခြောက်လည်း သတိမရနိုင်တော့ တံခါးဝရောက်တော့ မောလွန်းလို့ လှေကားထိပ်ထိုင်နေမိပါတယ်။

" အတာ သိလို့မဖြစ်ဘူး . . . မသိစေနဲ့ တော်ကြာ မိုးမီးလောင်သွားမယ် "

ညိုညက်ရဲ့ တကယ့်ကို ထိတ်လန့်နေတဲ့အသံ။

ဘာကိုမိုးမီးလောင်ရမှာလဲ။

" ကိုနောင့်ကို မြင်ကတော့ ယုံတယ် ညိုညက် ကိုနောင်ဟာ တင်မောင်ဦးလို ဆုံးဖြတ်ရှုံတဲ့လူမဟုတ်ဘူး . . . သူ့အစ်ကိုကြီးက အဲသည့်မိန်းမနဲ့ ပေးစားမယ်ဆိုလည်း ယူမှာမဟုတ်ဘူး . . . တာရာဆိုတဲ့ မိန်းမကလာ ဘာလို့ ကိုနောင်မင်းသန့်နဲ့ သူလက်ထပ်တော့မှာ . . . လျှောက်ပြောရသလဲ . . . "

တာရာ . . . တာရာဆိုတဲ့မိန်းမက မောင်နဲ့ သူလက်ထပ်တော့မှာလို့ ပြောသတဲ့။ ဘယ်မှာပြောတာလဲ ဘယ်တုန်းကပြောတာလဲ။ မောင့်ဟဲန်ဖုန်းကိုတောင် ယူနားထောင်နိုင်တဲ့ အခြေအနေတစ်ခုမှာ။

အတာ ဘာလုပ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



အတာ ဘာလုပ်ရမလဲ။

မောင် သစ္စာပျက်ယွင်းတော့မှာလား။

မောင့်ရဲ့ဝန်းကျင်ကို အတာ ဘာမှသိပ်မသိပါပဲ ချစ်ခဲ့မိတာကရော အတာ့အမှားလား။ မောင် . . . အတာ့ဆီကိုမှ အဲလိုအခြေအနေတွေ ယူမလာနဲ့နော်။ မျက်ရည်တွေက မျက်ဝန်းအနှံ့ ပြည့်လာခဲ့ပြီ။ မငိုရဘူး၊ ငိုတဲ့လူက ပျော့ညံ့တာ။ အတာဟာ ပျော့ညံ့တဲ့ မိန်းမတစ်ယောက် မဖြစ်ရဘူး။

" အတာ မသိစေနဲ့ "

" ဘာကိုမသိရမှာလဲ အတာက ဘာကို မသိရမှာလဲ အတာမသိတာမရှိဘူး . . . အတာမသိတာဘာမှမရှိဘူး . . . "

ချက်ချင်းဆိုသလို ညိုညက်တို့နှစ်ယောက်ရှေ့ ဘယ်လိုရောက်သွားသည်မသိ။ သူတို့ကလည်း အတာ့ကို အံ့သြစွာကြည့်နေပါတယ်။

" အတာ . . . ဖြည်းဖြည်းပြောကြရအောင်လား အတာ ဘာဖြစ်လာလဲ "

" ဘာဖြစ်ရမလဲ . . . တာရာဆိုတဲ့မိန်းမနဲ့ အတူရှိနေတယ် "

" ဒါကတော့ အတာရယ် ကိုနောင်မင်းဟာ ကလေး မဟုတ်ဘူးလေ . . . အတာတို့ လက်ထပ်ပြီးရင် အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်မှာ နိုင်ငံခြားတိုင်းပြည်တွေမှာတောင်





သွားအလုပ်လုပ်နေတာ ကိုနောင်မင်းမှာ ဘယ်သူက မိတ်ဆွေ ဘယ်သူက ချစ်သူ သိတာပေါ့ "

ညိုညက်ဘယ်လိုပြောပြော . . . တာရာဆိုတဲ့မိန်းမရဲ့ ရှင်လန်းတက်ကြွ မြူးတူးနေတဲ့ အသံကို မေ့ကို မမေ့နိုင်။

မျက်ရည်

မျက်ရည်

အဲသည့်ပျော့ညံ့သူနဲ့သာ အတူရှိနေသင့်သော မျက်ရည်က ဘာလို့ အတာ့မှာရှိရတာလဲ။ မောင် . . . အတာ မငိုချင်ဘူးနော် . . . သည်သို့ပြောခဲ့ပါလျက် . . . ။

မငိုရဘူး . . . ။

မောင့်မှာ မေတ္တာခင်တို့ သစ္စာဖောက်ခွင့်မရှိဘူး။

မေတ္တာခင် မေတ္တာခင် နှင့် ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေပါလား . . . ။ သစ္စာဖောက်ခွင့်မရှိဘူးဆိုတဲ့ လူဆီကို အလုပ်များလို့ပါလို့ အကြောင်းပြပြီးတော့ . . . ။

ပြီးတော့ မောင်ပြောခဲ့ဖူးတယ်။

အလိုတော်ပေါက်ဘုရားရှေ့က ရွှေခင်းတွေမှာ ဓာတ်ပုံရိုက်တုံးက သူပြောဖူးတယ်။ သူ့အလုပ်မို့ နိုင်ငံခြားပြန်မှာတဲ့ အတာ့ကို ခွဲခွာသွားမယ်ဆိုတဲ့စိတ် အစတည်းကရှိတာ။ အတာချစ်တဲ့စိတ်တွေ မွန်ထူပြီး ဘာမှမတွေးခဲ့မိတာပါလား။

မောင့်ကိုတွေ့မယ်



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကိုတွေ့မယ်

မောင်ဘာတွေဆုံးဖြတ်နေလဲ။ တကယ်ပဲ တာရာဆိုတဲ့ **မိန်းမတစ်ယောက်နှင့်** လက်ထပ်ဖို့ မောင် အဆင်သင့်ဖြစ်နေ **ပါလား။** အဲလိုဆိုရင် အတာ လုံးဝခွင့်မလွှတ်နိုင်ဘူး။

မောင့်ကို တစ်ခုခုတော့ မေးရမယ်။

ဆုံးဖြတ်ရမယ် . . . နောက်ဆုံး ဖြစ်ချင်ရာတွေဖြစ်ပဲ။

" ဟဲ့ အတာ ဒါဘယ်လဲ ဘယ်လဲအတာ "

လှစ်ခနဲ သူတို့နားကပြေးထွက်လာတော့ ဝိုင်းအော် မေးကြတယ် . . . ။ ဖိနပ်ကလည်း အရေးဆို ဘယ်နှင့် ညာတောင် စွပ်မရချင်။

" မောင့်ဆီသွားမယ် အတာ့ကိုညာရင်တော့ အသိပဲ"

" နေဦးလေ . . . "

ဘာလို့နေရမလဲ။ အချိန်တွေကြာအောင် . . . စိတ်ပင်ပန်းဆင်းရဲမှုကို အချိန်မဆွဲဘူး။ လှေကားထစ်အတိုင်း ပြေးဆင်းလိုက်ချိန်မှာတော့ ချော်သွားပြီဆိုတဲ့ အသိ ထိတ်လန့်လွန်းတဲ့ ခံစားချက် နာကျင်မှုအစုစု . . . ။

" မောင် "

နှုတ်ဖျားမှာပင် နောက်ဆုံး တမ်းတမှုက မောင့်ဆီ ကိုပါပဲ။

⌑ ⌑ ⌑ ⌑ ⌑





" ကိုနောင်မင်းသန့်ကို တာရာအံ့သြတယ် ပြီးတော့ ရှင့်ရဲ့အချစ်ပေါ်ထားတဲ့ ခံစားချက်ကိုလည်း သဘောကျတယ်"

တာရာနှင့်တွေ့ရတယ်။ ဒါကလည်း ကိုကြီးကြားမှာရှိတဲ့ ငွေကြေးအရှုပ်အရှင်းတွေအတွက် ဦးမောင်မောင်ဇော်နှင့် နောင်မင်းသန့်တွေကြည့်တဲ့အခါ တာရာနှင့်သာ ပြောပါဆို လက်လွှဲပေးလိုက်တာကိုး။

" ကျန်တဲ့ငွေ ဆယ်သိန်းလောက်ကတော့ တာရာ တို့အတွက် မဖြစ်လောက်ပါဘူး ကိုနောင်မင်းသန့် ဘယ်အချိန် ပြန်ပို့ပို့ပါ "

" ရပါတယ်တာရာ သိပ်မကြာပါဘူး "

" ရှင့်အစ်ကိုကြီးကတော့ တိုက်တွေကားတွေကုန်တာ တောင်မှ မှတ်ပါ့မလား "

ကျေးဇူးဆိုတာ ဆပ်သင့်တယ်ဆိုတာ နောင်မင်းသန့် နားလည်ပါတယ်။ ဆပ်ရမယ့်အချိန် တိုတာသိလို့ အဆပ်နိုင်ဆုံး နည်းနဲ့ဆပ်တာပါ။ တာရာ့ကို လက်ထပ်ခြင်းနဲ့ အကြွေးအားလုံး ကျေပေးမယ်ဆိုတာကလည်း အစီပွါယ်မှမရှိတာ။

" ဒါနဲ့ တာရာ ပြောဖို့မေ့နေတယ် ရှင် ရှေ့နေ ကိုဝင်းသန့်ဆီဆင်းနေတုံး ဖုန်းလာတယ် မေတ္တာခင်တဲ့ "

" ဗျာ . . . "

မေတ္တာခင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသည်းပွတ်မှာ အရေးအကြီးဆုံးသော ချစ်သူ သံစဉ်ပါ။ တာရာပြောပုံအရဆို နောင်မင်းသန့်ဖုန်းကို တာရာ ကိုင်လိုက်တာကိုပင် ခင်လေးအထင်လွဲနိုင်တယ်။ ခက်ပါလား။ သည်မှာ ရှင်းစရာရှိတာ အကုန်ရှင်းပြီးရင် ခင်လေးဆီသွားပြီး အားလုံး ပြောပြမယ်။ အခုတော့ ချက်ချင်းသွားမှပါလား။

" ခင်လေးက ကျွန်တော့်ချစ်သူပါ . . . တာရာ့ကို ပြန်ပို့ပြီးရင် သွားမှာပါ "

" စိတ်ကောက်နေမယ်ထင်တယ် "

" ချစ်သူဘဝမှာ စိတ်ကောက်တာ သူ့အလုပ်လေ ချော့ရမှာက ကျွန်တော့်အလုပ်ပဲ . . . သူ့ကိုလည်း ရှင်းပြပြီး ပြောစရာတွေ အများကြီးပါ . . . တွေ့ရမှာပေါ့ . . . "

" တာရာ့ကို အိမ်ထိ ပြန်ပို့စရာမလိုဘူး ကိုနောင်မင်းသန့် . . . အရှေ့နားမှာ ဆင်းမယ် . . . တာရာ ဆံပင်ညှပ်စရာရှိလို့ပါ . . . တစ်ချိန်က ရှင်နဲ့ လက်ထပ်ရမယ်လို့ ကိုကိုဇော်ပြောတာနဲ့ တာရာ့သူငယ်ချင်းတစ်ချို့ကို တာရာနဲ့ရှင်လက်ထပ်မယ့် အကြောင်း ပြောမိတယ် . . . ခွင့်လွှတ်နော် "

" ရပါတယ် တာရာလည်း ကျွန်တော့်ကို ခွင့်လွှတ်ပါ "

တာရာမှ ကားပေါ်ကဆင်းသွားပြီး မကြာလိုက်။ ဖုန်းလာပြန်ပါတယ်။ ခင်လေးလား။ ခင်လေးဆိုရင်တော့ မောင်ခုချက်ချင်း ခင်လေးဆီလာခဲ့မယ် ခင်လေးကို ပြောစရာ





တွေ့ရှိတယ်ဆိုပြီး သွားတွေ့မယ် စိတ်ကရည်စူးတာ . . .။

" နောင်မင်း "

" ဪ မိုးသော် "

" မင်း ဘယ်မှာလဲ "

" ငါလား လမ်းပေါ်မှာ . . . လသာဘက်ရောက်နေတယ် "

" ဒါဆိုရင် အောင်ဇေကိုလာခဲ့ပါ . . . အတာလေ့ကားပေါ်က လိမ့်ကျတယ် ဆေးရုံမှာ "

" ဘာ . . . "

စိတ်ပူပန်မှုက အထွဋ်အထိပ်ရောက်သွားပြီ။

" ဟော့ကောင် ကားကောင်းကောင်းမောင်းဦး ငါတို့တစ်ယောက်ကနှစ်ယောက် စိတ်မမောပါရစေနဲ့ . . . "

ဒါဆိုရင် မိုးသော်တို့ ခင်လေးအတွက် စိတ်မောရတယ်ဆိုလိုတာလား။

ကားကို တတ်နိုင်သရွေ့တော့ သတိထားရင်း မြန်မြန်မောင်းလာခဲ့တာပါ . . .။ ခင်လေးရယ် . . . လေ့ကားပေါ်ကချော်ကျအောင်များ ဘာတွေ စိတ်ခံစားမှုပြင်းထန်ရသလဲ။ တာရာ့အသံကြောင့်လား ဖြစ်နိုင်တယ် ။ သည်ကောင်မလေး စိတ်ကို အလိုလိုက်လွန်းသည်။

" မိုးသော် . . . ခင်လေးဘယ်မှာလဲ ဘယ်လိုနေလဲ "



www.burmeseclassic.com

www.burmeseclassic.com



" ခေါင်းပေါက်သွားတယ် ခုနှစ်ချက် ချုပ်ရတယ်တဲ့ အတွင်းမထိဘူးဆိုပေမယ့် နားရမယ်လေ . . . နှလုံးလည်း အားနည်းနေတယ် ပြောတာပဲ မင်းက ဘာတွေဖြစ်နေတာလဲ ဘာတွေဖြစ်ဖြစ် ငါ့တော့ လာတိုင်ပင်မှပေါ့ . . . "

ခင်လေးအခန်းဆီ မရောက်ခင်မှာ မိုးသော်နှင့် စကားအရင်ပြောရတယ်။

" တာရာဆိုတဲ့ မိန်းမအကြောင်း ငါတောင်မသိရအောင် မင်း လျှို့ဝှက်လွန်းတယ် "

" ငါလျှို့ဝှက်တာမဟုတ်ဘူး မိုးသော် ငါရှင်းပြမယ် မင်းပါသိအောင် ငါရှင်းပြပါမယ် . . . "

" အခြေအနေလည်း ကြည့်ပါဦး ဟိုကဒါဏ်ရာတွေနဲ့ "

" ရတယ် ခင်လေး နားလည်အောင် ငါပြောရမယ် ချစ်သူပါကွာ သူ့စိတ်သူ့ခံစားမှု ငါ့ရင်မှာ ထပ်တူညီသိပါတယ်။ ပြီးတော့ သူ့ကို ငါ တောင်းပန်စရာတွေရှိတယ် "

" တောင်းပန်စရာဟုတ်လား မင်း မင်း ဒါဆို တကယ်ပဲ တာရာနဲ့ "

" မဟုတ်ပါဘူး မိုးသော်ရာ . . . မင်း နားထောင်ကြည့်ပါဦး . . . "

ခင်လေးရယ် . .

ပတ်တီးတွေနဲ့မြင်ရတာ စိတ်ထိခိုက်ရတယ်။





လက်ချောင်းလေးနှစ်ချောင်းကိုလည်း ထိသွားသတဲ့။ လက်ကိုလည်း ပတ်တီးစီးလို့။ ခေါင်းမှာလည်း ပတ်တီးနဲ့။ မျက်ဝန်းတွေ စုံမှိတ်ထားပေမယ့် ခင်လေး သတိရှိနေတယ် ဆိုတာ ညီညွတ်က ပြောပြထားပါတယ်။ ဆေးတွေ ထိုးထားရတော့လည်း စိတ်မှာ ကြည်လင်ပါ့မလား။ စကားတွေရော ပြောလို့ရပါ့မလား။

" မြကေ . . . အတော့ကိုထူပေးပါ "

" မဟုတ်တာ ခေါင်းမှာ ဒါဏ်ရာရှိလို့ ငြိမ်နေရမယ် မှာထားတယ်လေ . . . "

ခင်လေးအသံက ပြတ်သားနေဆဲပါပဲ . . .။

" ငါ့မှာ မေးစရာတွေရှိတယ် "

မောင်သိပါတယ် မောင်ပြောမှာပါ။ ခင်လေးမမေးခင် မောင့်မှာလည်း ပြောစရာတွေရှိပါတယ်လေ။

⌑ ⌑ ⌑ ⌑ ⌑

နာကျင်ခြင်းတွေက အတော့ကို ဖိစီးလွန်းပါတယ်။

ဒါပေမယ့် အဲသည့်နာကျင်ခြင်းတွေထက် စိတ်မှ နာကျင်ခြင်းတွေက ပိုပြီး ဆိုးဝါးလွန်းပါလား။ ရင်ထဲမှာတော့ မောင်မကောင်းဘူး မောင်မကောင်းဘူး။ သွားသတ်ပစ်ချင်တယ်ဆိုတဲ့ စိတ်ဖိစီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သိတယ် သိပ်သိတာပေါ့။

မျက်ဝန်းတွေက လေးလံဖိစီးနေလည်း သည်ခံစားမှု။ မြကေရဲ့ ကိုနောင်မင်းရှိတယ်အတာဆိုတဲ့ တိုးတိုးသော စကားသံမှာ သွေးက ပွက်ပွက်ဆူလာသလိုပါပဲ။

" မြကေ အတော့ကိုထူပေးပါ "

" မဟုတ်တာ ခေါင်းမှာဒါဏ်ရာရှိလို့ ငြိမ်နေရမယ် မှာထားတယ်လေ . . "

" ငါ့မှာ မေးစရာတွေရှိတယ် "

မေးရမယ်

အတာက ခံစားမှုကို ရင်မှာ မျိုသိပ်ပြီး ဟန်မဆောင်နေချင်ဘူး . . . ။ သစ္စာဖောက်ခွင့်မပေးဘူးဆိုတာ မောင် သိစေရမယ်။

" ခင်လေးမှာ ဒါဏ်ရာရှိတယ် . . . သည်တော့ ငြိမ်ငြိမ်လေးနားထောင်ပေးပါ မောင့်ကို မမေးရပါဘူး မောင် အားလုံး သိအောင် ဖြေမယ် "

" ကိုနောင်မင်း . . . အတာနားပါစေဦး "

" စိတ်ပင်ပန်းဆင်းရဲစွာ နားနေရတာထက် ကျွန်တော် ပြောပြတာတွေနားထောင်ပြီး နားလိုက်ရင် စိတ်ရောလူပါ အနားရနိုင်တယ် ညီညက် "

" ဟုတ်တယ် နောင်မင်း ပြော . . . "





" မောင် တဖွဖွပြောတဲ့ စကားတစ်ခွန်းက ခင်လေးကို ရာသက်ပန် သစ္စာရှိစွာ ချစ်မှာပါဆိုတဲ့ စကားပါ . . . သည်စကားကို မတည်စရာအကြောင်း တစ်ခုမရှိဘူး . . . အခုလည်းတည်တယ် နောင်လည်းတည်မယ် . . . မောင် သေဆုံးသည်အထိ မောင့်အချစ်က မေတ္တာခင်ပါပဲ. . . "

ဒါနှင့်များ

ဒါနှင့်များမောင်ရယ် တာရာဆိုတဲ့ မိန်းမ တစ်ယောက်နှင့် လက်ထပ်မယ်ဆိုတာ ဘာလို့သိခဲ့ကြရသလဲ။

" အစ်ကိုကြီးဟာ မောင်နိုင်ငံခြားသွားနေတဲ့အချိန် အတွင်း အပြောင်းလဲကြီး ပြောင်းလဲသွားတာ လောင်းကစားရဲ့ ကျေးကျွန်ဖြစ်သွားတာပါပဲ။ သူ့ရဲ့ ကြွေးပေါင်းများစွာအတွက် မောင့်ကို တာရာနဲ့ လက်ထပ်စေချင်ခဲ့တယ်၊ ဘာလို့ဆိုတော့ တာရာတို့ဘက်က ကိုယ်က လက်ထပ်ရင် ခုနေတဲ့ တိုက်နဲ့ တားကို မသိမ်းပါဘူးလို့ စကားစပြောခဲ့တာကိုး . . . "

တာရာဆိုတဲ့ မိန်းမဟာ မောင့်ဝန်းကျင်မှာ တကယ်ရှိခဲ့ တာပါလား။ မောင်နှင့် လက်ထပ်ဖို့လည်း ရည်စူးခဲ့တာကိုး။ အတော့ရင်မှာ နာကျင်နေဆဲပါလား။ အတာချစ်သော မောင့်ကို . . . မခွဲနိုင်ဘူးလေ. . . ။

" ကိုကြီးက ကျေးဇူးကန်းတယ်တဲ့ . . . ဒါကြောင့် ကိုကြီးကျေးဇူး တတ်နိုင်သရွေ့ ဆပ်ပါမယ် နှလုံးသားနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



မဆပ်ဘူးလို့ ပြောတယ် . . . ကိုကြီးက မောင့်ကို လက်သီးနဲ့ တောင် ထိုးခဲ့တာ . . . မောင် အိမ်ပေါ်ကဆင်းခဲ့တယ် ပြီးတော့ ကျေးဇူးအဆပ်နိုင်ဆုံး ဆပ်ခဲ့ရတာ . . . ”

ချစ်သူနှင့်လက်ထပ်ဖို့ တိုက်ခန်းလေးတစ်ခန်း ဝယ်ထားတယ်။ ချစ်သူနှင့် အမြန်ဆုံးလက်ထပ်ဖို့ ငွေတော်တော် များများလည်း ဘဏ်မှာ စုထားတယ်။

“ ကိုကြီးရဲ့ တိုက်နဲ့ကားကို တာရာတို့က လွှဲယူ လိုက်တယ်။ ဒါတောင် ကျန်တဲ့ကြွေးအတွက် မောင်စုထားတဲ့ ဘဏ်ကငွေတွေ ပေးရသေးတယ်။ ဝယ်ထားတဲ့တိုက်ခန်းကို လည်း ကြီးစောတို့ ကိုကြီးတို့နေဖို့ ကိုကြီးနာမည်နဲ့ လွှဲပေးခဲ့တယ် . . . ဒါတောင် ကြွေးက ဆယ်သိန်းကျော်ကျန်သတဲ့ မောင် နိုင်ငံခြား ပြန်ရလိမ့်မယ် . . . မောင့်မှာ ခင်လေးကိုချစ်တဲ့ အချစ် ထားရှိရမယ့် သစ္စာတလွဲလို့ ဘာမှမကျန်တော့ပါဘူး . . . မောင်နဲ့ခင်လေး အမြန်ဆုံး' လက်ထပ်မယ်ဆိုတဲ့ မောင့် မျှော်လင့်ချက်လည်း ဝေးပြန်ပြီ . . . ဇေယျတို့အရင်မပြောနဲ့ . . . ဇေယျတို့ လက်ထပ်ပြီးလို့ လေးငါးနှစ်တောင် မောင်တို့ လက်ထပ်ဖို့ မလွယ်သေးပါဘူး . . . မောင် စိတ်မကောင်းဘူး . . . ချစ်သူကို အပြည့်စုံဆုံးအခြေအနေမှာ ထားမယ်လို့ မောင်ရည်စူးခဲ့သမျှ မောင့်မှာ ဘာမှ မရှိတော့ဘူး . . . တောင်းပန်ပါတယ် ခင်လေး ”





မောင်ရယ် . . .

မောင့်မှာ ခင်လေးကိုချစ်တဲ့ အချစ်

ထားရှိရမယ့် သစ္စာတလွဲလို့တဲ့ . . .

အတာလိုချင်တာ ဒါပါပဲ။

ကျန်တဲ့ အပေါ်ယံလိုအပ်ချက်တွေက အတာ့အတွက် မလိုအပ်ပါဘူး. . . ။

“ ဘာလို့ လှေကားက ချော်ကျရတာလဲမောင်သိတယ် ခင်လေးဆီမှာ လိုနေတဲ့အရာတွေရှိတယ် အဲဒါ မောင့်အပေါ် ယုံကြည်မှု လိုနေတယ် ခင်လေးဆီမှာ ပိုနေတဲ့အရာတွေလဲ အများကြီးရှိတယ် အဲဒါကတော့ သံသယတွေပဲ ”

ဟုတ်ပါတယ်မောင် . . . အတာ့မှာ အမှားတွေ ရှိပါတယ်။

ချစ်သူဆိုတာ လိုအပ်ချက်တွေ အပိုတွေ လျှော့သင့်တာ လျှော့ တိုးသင့်တာတိုးပြီးတော့ ညှိညှိနှိုင်းနှိုင်း အချစ်နိုင်ဆုံး ချစ်ရမှာတဲ့လား။ မောင်မှန်ပါတယ် အတာမှားတယ်။

“ ခင်လေးနဲ့ မောင်က သေတပန်သက်တဆုံးချစ်မယ် ဆိုရင် ဘာတွေလိုလဲ တိုးရမယ်။ ဘာတွေပိုလဲ လျှော့ရမယ် . . . သံသယတွေ တိုးသည်ထက်တိုးရင် အထင်လွဲမှုတွေဖြစ်ပြီး ဝေးသွားနိုင်တယ် ခင်လေးနဲ့ မောင် မဝေးချင်ဘူး . . . ဘာတွေ လျော့နေလဲ ယုံကြည်မှုတွေလျှော့ရင်လည်း ဝေးသွားနိုင်တယ်ပါပဲ



www.burmeseclassic.com

www.burmeseclassic.com



. . . မဝေးချင်ဘူး . . . မောင့်ကို အိမ်ကလေးတစ်အိမ် ပြန်ထူထောင်ဖို့ အချိန်အနည်းငယ်တော့ ထပ်ပေးပါ . . . ယုံကြည်မှုကို တိုးပြီး သံသယကို လျှော့ပေးပါ ခင်လေး . . .”

“ ကိုနောင်မင်း . . . အတော့ကို ခဏကြည့်ထားပေးပါလား ညီညက်နဲ့ မြကေ ဆေးဝယ်သွားချင်တယ် ကိုမိုးသော်ကို ခေါ်သွားမယ် . . .”

“ နောင်မင်းရေ . . . အချစ်ရှိရင် ကျန်တဲ့လိုအပ်ချက်တွေ ပြန်ဖြည့်လို့ရတယ် သူငယ်ချင်း . . . အတော . . . ငါလည်း ပြန်ပြီ . . .”

မောင်တ သူတို့တွေထွက်သွားပြီးတဲ့အခါမှာတော့ အတော့ကို ရင်ခွင်ထဲမှာ ညင်သာဖွဖွဖက်ထားပေးတယ် ။

“ခင်လေး နားဖို့လိုနေပြီ . . . ဘာမှမတွေးပဲ မောင့်ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေး တရေးအိပ်လိုက်ပါ နောက်မှ မောင်တို့ စကားပြောတာကြပေါ့ . . .”

ဟုတ်တယ်။

မောင်ပြောတာမှန်တယ် မောင်က အမြဲမှန်ပါတယ် အတောကသာ မောင်ပြောသလို သံသယတွေပို ယုံကြည်မှုတွေ လျော့နဲ့ အမှားလမ်းကို ရွေးချင်ခဲ့တာပါ။

မောင်

စိတ်ချပါမောင်ရာ . . . ။

❀ ရန်ပိုင်ဦးစာပေ ❀



နောက်ကို အတော့ရဲ့ မြန်ဆန်လွန်းသော စိတ်တွေကို လျှော့ချမှပါ။ အတော့မှာ သံသယတွေရှိရင် မောင့်ကို ပွင့်ပွင့်လင်းလင်းနဲ့ အေးအေးဆေးဆေးပဲ မေးပါမယ် မောင်တ အတော့ကို အမှန်ကန်ဆုံးနဲ့ အကောင်းဆုံး ဖြေပေးနိုင်မယ့် ချစ်သူလို့ ယုံကြည်ပါပြီ။

“ ခင်လေးကို သိပ်ချစ်တယ် ”

ယုံပါတယ် မောင် ယုံပါတယ်

မောင်သိပ်ချစ်တတ်တယ်ဆိုတာ ခင်လေး ယုံပါတယ်။ အတော့ချစ်သူက အတော့ကို သိပ်ချစ်လို့လည်း ကြည်နူးချမ်းမြေ့ရပါတယ်။

¤ ¤ ¤ ¤ ¤

မောင်ကပြောပါတယ် . . . ။

ချစ်သူနှစ်ယောက်ကြားမှာ လိုတိုးပိုလျှော့ ညှိနှိုင်းမှုတွေရှိရင် အဲသည့်ချစ်သူနှစ်ယောက် သေတပန်သက်တဆုံး မချစ်နိုင်စရာ အကြောင်းတစ်ခုမှမရှိဘူးတဲ့။

ဟင့်အင်း မောင်ရာ

ခင်လေးကတော့ အချစ်ကို ပိုသည်ထက်သာပိုချစ်ပြီး မလျှော့ချင်ဘူးလို့ ပြောလိုက်သေးတာ။

မဟုတ်ဘူး ခင်လေး . . .

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို ဖန်ခွက်ကလေးတစ်ခွက်နှင့် နှိုင်းကြည့်ရအောင်. . .

နှလုံးသားဖန်ခွက်လေးထဲ ချစ်ခြင်းရေစင်ကို အပြည့်ထည့်လေ ကောင်းလေပဲ . . . လျှံကျပြီး ဖိတ်စင်ကုန်မယ်ဆိုမလိုအပ်တဲ့ ဆိုးကျိုးတွေလည်း ရချင်ရနိုင်တယ် . . .။ နှလုံးသားဖန်ခွက်ထဲ အချစ်ရေစင်ကို ပြည့်အောင်သာ ထည့်ပါ. . .။

သံသယတွေလည်း အနည်းအကျဉ်း ပျော်ဝင်နေခွင့်ရှိပါတယ်၊ ယုံကြည်မှုကလည်း အပြည့်အဝရှိရမှာပဲတဲ့ ။

အရာရာကို အတိုင်းအတာတစ်ခုအတွင်း လိုရင်လိုသလို ပိုရင်ပိုသလို တစ်ဘက်စွန်းမရောက်ရအောင်လျှော့သင့်လျှော့ ဖြည့်သင့်ဖြည့်ရမတဲ့လေ။

မောင့်ကို ခင်လေးသိပ်ချစ်တယ်။

ခင်လေးကလည်း မောင့်ကိုသိပ်ချစ်တယ်ဆို

ထာဝရချစ်ခြင်းတွေ ခိုင်မြဲစေနိုင်ဖို့ . . . လိုတိုးပိုလျှော့ ညှိညှိနှိုင်းနှိုင်း ရှိမယ်ဆိုရင် . . .။

အချစ်အိမ်ကလေးဟာ နားလည်မှုစာနာမှုတွေနဲ့ . . . သာယာပျော်ရွှင်နေရမှာပဲလို့ ဆိုတယ်၊

မေတ္တာခင် သိပ်ကိုကြည်နူးရပါပြီ

သိပ်ကို ပျော်ရွှင်ရပါပြီ. . .

မေတ္တာခင်မှာ အဲလိုမျိုး ချစ်တတ်သော ချစ်သူတစ်ယောက်ကို ရခဲ့ပါတယ်၊ ထာဝရ ရာသက်ပန် ခိုင်မြဲသော





အချစ်လို့ အပြည့်အဝယုံကြည်ခဲ့ရပါပြီ၊

ချစ်သူတိုင်းလည်း နှလုံးသားဖန်ခွက်လေးထဲ အချစ်ကို အပြည့်အဝ ထည့်ထားနိုင်ပါစေ . . . ကျန်တဲ့ခံစားမှုအစုစုကိုလည်း လိုတာတွေတိုး ပိုတာတွေလျှော့ပြီး ညှိညှိနှိုင်းနှိုင်း ချစ်နိုင်ကြပါစေ။

BURMESE CLASSIC

အတော့လို ကြည်နူးပျော်ရွှင်ကြပါစေလို့ ဆုတောင်းရင်း

မောင့်ရင်ခွင်မှာ နှစ်နှစ်ခြိုက်ခြိုက် ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်နူးနူး နားခိုခွင့်လေး ခဏပေးပါနော်

ချစ်သူရင်ခွင်မှာ မျက်တောင်တွေမှေးစင်းရင်း ဘာတွေလိုမလဲ ဘာတွေပိုမလဲ စဉ်းစားကြရအောင်လား . . .။

ခိုင်ခင်သက်



www.burmeseclassic.com